
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃

ပညာဒီပ
ဂဝံမျက်နှာဖုံး/ပညာဒီပ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၀။
၁၅၅ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ပညာဒီပ



စာမူခွင့်ပြုချက်အမှတ် ၅၀၀၁၀၉၀၁၁၀။ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၁၆၀၂၁၀။
**ထုတ်ဝေသူ** ။ ။ ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်** ။ ။ ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊
သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး** ။ ။ အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေးလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်
၅၄၁၇၄၅၊ ၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊ ၀၉ ၅၀ ၂၁၃၅၄။
ပထမအကြိမ် - ၂၀၁၁ ခုနှစ်၊ (ဇန်နဝါရီလ)၊
အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

# ( ဒသမနှလက်ဆောင် )

➡ လူမနေသောအိမ်တစ်လုံးအတွင်းသို့
မိစ္ဆာများ ဝင်ရောက်နေတတ်သကဲ့သို့
ဘာမှအသုံးမကျသော ဦးနှောက်အတွင်းသို့
မကောင်းမှုများသာ တစ်ခုပြီးတစ်ခု
ဝင်ရောက်လာလေ့ရှိသည်။

➡ ယောက်ျားလေးတစ်ယောက်
ဦးတည်ရည်ရွယ်ချက် မရှိသောအခါ
ဆင်းရဲမွဲတေရုံသာ ရှိသည်။
မိန်းကလေးတစ်ယောက်
ဦးတည်ရည်ရွယ်ချက် မရှိသောအခါ
ဘဝပျက်လေတော့သည်။

➡ ကိုယ့်ကိုယ်ကို မညှာမတာ ခိုင်းဖို့
ဝန်လေးနေလျှင်တော့
တစ်ချိန်မှာ သူတစ်ပါးက
မညှာမတာ ခိုင်းသမျှကို
လုပ်ရတော့မှာ အမှန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ( ဒဿနလက်ဆောင် )

➡ ပန်းတစ်ပွင့်၏ဂုဏ်သတင်းသည်
လိုချင်သူတို့ကို အနားရောက်လာအောင်
ဆွဲဆောင်နိုင်ပေသည်။
ထိုပန်းကို ခူးပြီး လှည့်ရောင်းလျှင်တော့
မကြာခင် နွမ်းသွားပေလိမ့်မည်။

➡ အောင်မြင်မှု ရရှိခြင်းသည်
သင်ခန်းစာ ယူစရာမလိုသော အတွေ့အကြုံဖြစ်သည်။
ရှုံးနိမ့်မှုများ၌သာ
သင်လိုချင်သော နောင်တနှင့် သင်ခန်းစာများ ရှိသည်။

➡ ရှုံးနိမ့်မှု တွေ့ရခြင်းကြောင့်
အထင်သေးစရာ မဖြစ်နိုင်ပါ။
အောင်မြင်မှု ရပြီးမှ
ထိုအောင်မြင်မှုကို မထိန်းနိုင်သောအခါမှသာ
အထင်သေးစရာ ဖြစ်တော့သည်။

# ( ဒဿနလက်ဆောင် )

➡ စာသင်ကျောင်းမှ သင်ယူခဲ့သော ပညာများကြောင့်
ဝန်ထမ်းကောင်းတစ်ယောက် ဖြစ်နိုင်ပါသည်။
ကိုယ်ပိုင်စွမ်းရည်ကို အသုံးချတတ်လျှင်တော့
ပညာတတ်များကို အုပ်ချုပ်ရသည့်
လုပ်ငန်းရှင်တစ်ယောက်ဖြစ်လာနိုင်ပါသည်။

➡ ပညာမဲ့များ၏ဝေဖန်သုံးသပ်ချက်သည်
အောက်ခြေနှင့် နီးသောကြောင့်
တစ်ခါတစ်ရံ မှန်ကန်သော အတွေ့အကြုံများ
ရရှိစေနိုင်ပါသည်။

➡ ပွဲလန့်တုန်း ဖျာခင်းလျှင်
နေရာရမည် မှန်သော်လည်း
လူအများ၏တိုးဝှေ့ကန်ကျောက်
နင်းခြေခြင်းကို ခံရမည်ကတော့ အမှန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ( ဒဿနလက်ဆောင် )

➡ ဖြတ်လမ်းရွေးချယ်ခြင်းသည်
မကောင်းသောရွေးချယ်မှုဟု ယူဆကြသည်။
မိမိအလိုရှိရာပန်းတိုင်ဆီသို့
ကေန်ရောက်နိုင်မည့်ဖြတ်လမ်းဆိုလျှင်တော့
ရွေးချယ်သင့် ရွေးချယ်ရပေမည်။
မှားယွင်းသောဖြတ်လမ်းကို မရွေးမိဖို့သာ
အထူးသတိထားရပေမည်။

➡ သစ်ပင်တစ်ပင်ကို ခုတ်လှဲတော့မည်ဆိုလျှင်
ပေါက်ဆိန်ထက်မြက်လာအောင်
သွေးရမည့်အချိန်ကိုတော့ ပေးရမည်ဖြစ်သည်။

➡ ရှုံးနိမ့်မှုတစ်ခုသည်
ရှေ့တွင် တွေ့ကြုံရမည့်
အခက်အခဲများကို ကျော်ဖြတ်နိုင်ရန်
သင်ခန်းစာ ပေးသော
စာသင်ကျောင်းဖြစ်ပေသည်။

## ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း(၁) နာဂသူဇာနှင့်ဖြူစင်သောမေတ္တာ
အခန်း(၂) ချစ်ခြင်းမေတ္တာ၏သားကောင်များ
အခန်း(၃) အမှောင်ရိပ်ထဲမှ စောင့်ကြည့်နေသောဝိညာဉ်
အခန်း(၄) ရင်အပူကိုဘယ်သူကူပေးပါ့မလဲ
အခန်း(၅) နာဂသူဇာနှင့်ပဟေဠိဆန်သောည
အခန်း(၆) ဂဝံမျက်နှာဖုံးနှင့်မာယာညွတ်ကွင်း
အခန်း(၇) ပရလောကသားနှင့်ပေါင်းသင်းကြသူများ
အခန်း(၈) နာဂသူဇာ ရောက်လာခြင်း
အခန်း(၉) မဟာဒေဝီ၏အကြံအစည်
အခန်း(၁၀) သရဲသဘက်ရွေးချယ်ပွဲ
အခန်း(၁၁) ဝိညာဉ်မှားသောချစ်သူ
အခန်း(၁၂) ဒေဝကနှင့်ပရလောကသားတို့ရန်ပြိုး
အခန်း(၁၃) နလုံးသားဖြင့်ဆုံးဖြတ်ရသောအရာ


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

## နာဂသူဇာနှင့် ဖြူစင်သောမေတ္တာ

မြန်မာနိုင်ငံ မြောက်ဖျားဒေသများ၌ ဆန်းကြယ်သောနေရာများစွာတို့နှင့် လူမျိုးစုများစွာတို့လည်း မှီတင်းနေထိုင်ကြပေသည်။

လူသိများသော ရှမ်း၊ ကချင်စသော လူမျိုးစုများစွာတို့ ရှိသလို လူသိနည်းသော လူမျိုးစု တိုင်းရင်းသားများလည်း အများအပြား ရှိကြသေးသည်။

အချို့လည်း နောက်ပိုင်းကာလ ရောက်သောအခါမှ တဖြည်းဖြည်းနှင့် လူသိများလာသည်လည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါက ဆလုံများကို လူသိ,သိပ်မများလှပေ။

မြန်မာဘုရင်များလက်ထက်က ၎င်းတို့ကို လူသားစားသော ရေဘီလူးများဟုပင် ခေါ်ဝေါ်ခဲ့ကြသည်။

ယခုခေတ်ကာလ ရောက်လာသောအခါ ဆလုံများကို တိုင်းရင်းသားအဖြစ် အသိအမှတ်ပြုရုံမက ပင်လယ်ပျော် မော်ကင်းများဟုပင် တင်စားခေါ်ဝေါ်ကြသည်အထိ စိတ်ဝင်စားမှု ရှိလာကြသည်။

ထို့အတူ မြောက်ဖျားဒေသ တောင်တန်းများပေါ်မှာ နေထိုင်ခဲ့ကြသောနာဂများကို ရှေးအခါက သိပ်မသိခဲ့ကြပေ။

အများအားဖြင့် 'နာဂလူရိုင်းများ' ဟုသာ အသိများကြလေသည်။ ယခုတော့ နာဂများနှင့် ပတ်သက်ပြီး အတော်များများ စိတ်ဝင်စားမှု ရှိလာကြသည်။

ယခုနောက်ပိုင်း လေ့လာကြည့်သောအခါ နာဂများမှာပင် နာဂမျိုးနွယ်ကြီး(၄)မျိုးရှိကြောင်း တွေ့ရသည်။

ထိုမျိုးနွယ်ကြီး(၄)မျိုးမှ ဆင်းသက်ပေါက်ဖွားလာသော နာဂမျိုးနွယ်ပေါင်း မြောက်များစွာ ရှိပေသည်။

နာဂမျိုးနွယ်ကြီးလေးမျိုးမှာ. . .

(၁) ဆွမ္မရာနာဂ၊ (၂) တန်ကွန်နာဂ၊ (၃) စန်းနာဂ (၄)မဟိုင်းမိနာဂတို့ ဖြစ်သည်။

ထိုမျိုးနွယ်ကြီးလေးမျိုးမှ ခွဲထွက်သွားသော မျိုးနွယ်ပေါင်း (၁၅၀)ကျော်အထိ ရှိကြပေသည်။

ထိုကဲ့သို့ များပြားလှသောမျိုးနွယ်စုများမှာ 'နာဂ' ဟူသော အမည်နာမအောက်မှာ ရှိကြသော်လည်း ရိုးရာယုံကြည်မှု၊ ဓလေ့စရိုက်နှင့် အသွင်သဏ္ဌာန်များလည်း မတူကြတော့ပေ။





...ကိုးကွယ်မှု၊ စုန်းပယောဂပညာနှင့် ဆေးဝါးကုသမှုများသည်း ခြားနားသွားကြလေသည်။

နာဂတိုင်းရင်းသားများ နေထိုင်ကြသော တောင်တန်းများမှာ ...ဝှက်ဆန်းကြယ်သောပညာရပ်များ ရှိနေသေးသည်။

ရှေးအခါကတည်းက သုံးစွဲခဲ့သော မှော်ပညာဟု ခေါ်သော ...ရပညာများကို ယခုအချိန်အထိ သုံးစွဲကြလျက်ပင် ရှိနေကြသေးသည်။

ရှေးအခါကတော့ နာဂမျိုးနွယ်များဆိုလျှင် တောတောင်များအတွင်းမှာသာ နေထိုင်ကြသော အရိုင်းအစိုင်းများဟုသာ သတ်မှတ်ကြသည်။

နောက်ပိုင်း ခေတ်ကာလများ တဖြည်းဖြည်း ပြောင်းလာသောအခါ နာဂမျိုးနွယ်အမြောက်အမြား ကွဲပြားသွားပြီး နေရာဌာနများလည်း ပြောင်းလဲသွားကြသည်။

အချို့က တောတောင်များအတွင်းမှာသာ နေထိုင်ကြသော်လည်း အချို့ကတော့ မြို့ရွာများသို့ ရွှေ့ပြောင်းနေထိုင်ကြကာ ယဉ်ကျေးမှုအဆင့်အတန်းလည်း တဖြည်းဖြည်းနှင့် တိုးတက်လာကြလေသည်။

နာဂမျိုးနွယ်တို့သည် အများအားဖြင့်တော့ တောတောင်များအတွင်း၌ နေထိုင်ကျက်စားရခြင်းကို ပျော်မွေ့ကြသော အလေ့အထရှိသော်လည်း နောက်ပိုင်းမှာတော့ (လွတ်လပ်ရေး ရပြီးနောက်ပိုင်းကာလများ)ရေကြည်မြက်နုရာ အရပ်ဒေသများသို့ ရွှေ့ပြောင်းနေထိုင်လာကြသည်။

အများအားဖြင့်တော့ ၎င်းတို့နေထိုင်ရာ အရပ်ဒေသများမှာ



www.burmeseclassic.com

www.burmeseclassic.com



တောတောင်များနှင့်မဝေးလှသော နာဂတောင်တန်းများနှင့် ဆက်စပ်လျက်ရှိသော နေရာဒေသများသာဖြစ်ပေသည်။

နာဂတောင်တန်းဒေသဟု ခေါ်သော နေရာတဝိုက်တွင် နာဂမျိုးနွယ်များ အဓိက နေထိုင်သော မြို့နယ်(၄)ခု ရှိပေသည်။

လေရှီးမြို့နယ်၊ ခန္တီးမြို့နယ်၊ လဟယ်မြို့နယ်၊ နမ့်ယွန်းမြို့နယ်တို့ ဖြစ်ကြလေသည်။

ထိုမြို့နယ်လေးခုတွင် နာဂမျိုးနွယ်များ အများအပြား နေထိုင်ကြသော်လည်း တစ်နေရာနှင့်တစ်နေရာ မတူကြပေ။

လေရှီးမြို့နယ်အတွင်း၌ တန်ကွန်နာဂ၊ မကူရီနာဂ၊ ပါရာနာဂ၊ နောက်အော်နာဂတို့ အများဆုံး တွေ့ရသည်။

ခန္တီးမြို့နယ်အတွင်း၌ လိုင်းနောင်နာဂ၊ ပုံညီနာဂ၊ လောင်စောက်နာဂ၊ မကျန်နာဂ၊ တာရောနာဂ၊ ပိန်းကူးနာဂ၊ တိုက်တီးနာဂတို့ကို အများဆုံး တွေ့ရလေသည်။

လဟယ်မြို့နယ်အတွင်းမှာတော့ လိုင်းနောင်နာဂ၊ မကျန်နာဂ၊ ရောင်ကွမ်နာဂ၊ ဂမှာန်နာဂ၊ ပုံညီနာဂ၊ နောက်အော်နာဂ၊ မကူရီနာဂ၊ ကရော်နာဂ၊ ကျမ်းနာဂ၊ ကွမ်နာဂ၊ လောနာဂ၊ ရှိတ်ညီနာဂ၊ ညင်ရှောင်နာဂ၊ ကော့လုံနာဂ၊ ရန်စီနာဂတို့ကို တွေ့နိုင်လေသည်။

နမ့်ယွန်းမြို့နယ်အတွင်းမှာတော့ ကြူရမ်းနာဂ၊ ဝကပ်နာဂ၊ ဟာရှစ်နာဂ၊ ကတ်ဆန်နာဂ၊ ရှတ်ညီနာဂ၊ စံတီနာဂ၊ ရန်စီနာဂ၊ ဟာရောနာဂ၊ ဒုံဟီးနာဂ၊ ဟာစွန်နာဂ၊ တော့လုမ်နာဂ၊ လုံတီနာဂ၊ ပိန်းကူးလ်နာဂ၊ ရှားမီးနာဂ၊ လပ်ကီးနာဂ၊ ထားယော်နာဂ စသည်တို့ မှီတင်းနေထိုင်ကြလေသည်။

နာဂမျိုးနွယ်ပေါင်းများစွာ ရှိသော်လည်း ယုံကြည်ရာ အယူ





အဆ၊ သုံးစွဲသောကိရိယာ၊ ဝတ်စားဆင်ယင်မှု၊ ဆေးမင်ကြောင်ထိုးမှု၊ ဆံပင်ထားမှုတို့တွင် တစ်စုနှင့်တစ်စု မတူညီဘဲ အုပ်စုတူညီရာအတိုင်း လိုက်ပါဆောင်ရွက်ကြသည်။

ဥပမာ မြို့ရွာများနှင့် လမ်းပန်းဆက်သွယ်မှုကောင်းသော နေရာများမှာ နေထိုင်ကြသူတို့မှာ ရှေးအစဉ်အလာအချို့ ပပျောက်သွားပြီး ယဉ်ကျေးမှုများ တဖြည်းဖြည်းနှင့် တိုးတက်လာကြလေသည်။

လေရှီးမြို့နယ်အတွင်းမှာ ရှိသော ဆွမ္ဗရာကျေးရွာဟိန်တွတ်၊ ကျန်၊ ဖွန်သရက်၊ လေယွန်း၊ ပန်ဆတ်၊ မယရုံ၊ ကိုကိုင်လုံ၊ လူကီးကျေးရွာတို့တွင် နေထိုင်ကြသော တန်ကွန်နာဂတို့၏ယဉ်ကျေးမှုအခြေအနေမှာ များစွာခေတ်မီတိုးတက်ကြလေသည်။

တန်ကွန်နာဂကျေးရွာများမှာ အခြားကျေးရွာများထက် လမ်းပန်းဆက်သွယ်မှုကောင်းအောင် ကြိုးစားတည်ထောင်ကြသည်။

ထိုကဲ့သို့ လမ်းပန်းဆက်သွယ်မှု ကောင်းသဖြင့် မြေပြန့်ကျေးရွာများနှင့် ဆက်သွယ်မှု များလေသည်။

သို့ကြောင့် အစားအသောက်၊ အနေအထိုင်၊ ဝတ်စားဆင်ယင်မှုများမှာ ခေတ်မီတိုးတက်ခဲ့ကြလေသည်။

ရိုးရာပွဲလမ်းများတွင် ရိုးရာဝတ်စုံများကို ဝတ်ဆင်လာကြလေသည်။

တန်ကွန်နာဂတို့မှာ အနီရောင်ရဲရဲကို နှစ်သက်ကြသောကြောင့် ၎င်းတို့ ဝတ်ဆင်သောအဝတ်အစား၊ အသုံးအဆောင်များနှင့် ခြုံစောင်များကို အနီအဖြူအကွက်ကြီးများဖြင့် ယက်လုပ်အသုံးပြုကြလေသည်။

အမျိုးသားများ အသုံးပြုသော လံကွတ်များမှာ အနီရောင်



www.burmeseclassic.com

www.burmeseclassic.com



လေးထောင့်ပုံသဏ္ဌာန် အပြားကြီးများဖြစ်သည်။

အမျိုးသမီးများမှာ အင်္ကျီလက်တိုအနီရောင်နှင့် အနီနှင့်အဖြူ ပတ်လည်စင်း ရိုးရာဂွတ်ခုတ် ချည်ထည်ထဘီကို ဝတ်ဆင်လေ့ရှိသည်။

ခါးမှာ အနီရင့်ရောင်ပုဝါဖြင့် ထပ်၍ ချည်နှောင်ထားလေ သည်။

ပုတီးရောင်စုံများကို လည်ဆွဲအဖြစ် ဆင်ယင်ကြပြီး ဦးခေါင်းတွင် အဝါနှင့်အပြာနုရောင် ပုတီးဝိုင်းများ တစ်ဖက်တစ်ချက် ချထားသည့် ခေါင်းစွပ်ကို စွပ်ပေးလေ့ရှိကြသည်။

တန်ကွန်နှင့် ဆော်လော်နာဂအမျိုးသမီးများမှာ အသားလတ်၍ ကိုယ်လုံးကိုယ်ထည် ဖွံ့ဖြိုးလှပရုံမက အချို့မှာ မျက်နှာပေါက် လှကြသောကြောင့် နာဂတောင်တန်း အလှဘုရင်မများဟုပင် တင်စားခေါ်ကြလေသည်။

ထိုကဲ့သို့ ထူးထူးခြားခြား လှပချောမောသော နာဂမိန်းမပျိုများထဲတွင် နာဂသူဇာလည်း တစ်ဦးအပါအဝင်ဖြစ်လေသည်။

နာဂသူဇာဆိုသောမိန်းမပျို၏အမည်မှာ မြန်မာလိုအခေါ် "သူဇာ" ဖြစ်သော်လည်း နာဂအမျိုးသမီးများထဲမှာ အချောဆုံး အလှဆုံး ဖြစ်သောကြောင့် အားလုံးက 'နာဂသူဇာ' ဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

နာဂသူဇာသည် အသက်(၂၂)နှစ်အရွယ်ခန့်သာ ရှိသေးသော်လည်း သူမ၏ကိုယ်ခန္ဓာက သာမန်နာဂအမျိုးသမီးများနှင့် မတူဘဲ ကြံ့ခိုင်ဖွံ့ဖြိုးလှသည်။

သူမသည် လေရှီးမြို့နယ် ဆွမ္မရာရွာသူတစ်ဦးဖြစ်ပြီး ဖခင်ဖြစ်သူ ဦးကူလောမှာ ရွာလူကြီး(ကတိုင်ပီ)တစ်ဦးဖြစ်သည်။





ဦးကူလောမှာ စီးပွားရေး ချောင်လည်သည်ကတစ်ကြောင်း မြို့ရွာများသို့ အသွားအလာများပြီး ခေတ်အမြင်ရှိသူတစ်ဦးဖြစ်သောကြောင့် သမီးဖြစ်သူ နာဂသူဇာကို ရွာမှာ မထားဘဲ ခန္တီးမြို့မှ သားချင်းတစ်ဦးထံမှာ ပို့ထားပြီး ပညာသင်ကြားစေသည်။

ရွှေပင်နားတော့ ရွှေကျေးဆိုသကဲ့သို့ တောမှာ မနေဘဲ မြို့မှာ နေရသော နာဂသူဇာမှာလည်း သွင်ပြင်အမူအယာ များစွာပြောင်းလဲသွားလေသည်။

ဝတ်စားဆင်ယင်မှုမှအစ ပြောင်းလဲသွားသောကြောင့် သာမန်ကြည့်ရုံနှင့်တော့ တန်ကွန်နာဂတိုင်းရင်းသူတစ်ဦးဖြစ်မှန်း မသိသာတော့ပေ။

သူမ တက်သောကျောင်းမှာ ခရစ်ယာန်သာသနာပြုကျောင်းဖြစ်သောကြောင့် သာမန်လူတို့ မတက်ရောက်နိုင်ကြပေ။ ထိုကျောင်းမှာ တက်ရောက်ခွင့်ရသူတို့မှာလည်း သာမန်လူတို့၏သားသမီးများ မဟုတ်ကြပေ။

အများအားဖြင့်တော့ ခန္တီးစော်ဘွားမျိုးနွယ်တို့၏သားသမီး များလေသည်။

စာသင်ကျောင်းတွင် နာဂသူဇာနှင့် တွေ့ဆုံသောလူရွယ်မှာ မောင်မောင်ဆိုသောလူရွယ်ဖြစ်သည်။

မောင်မောင်သည် အသက်(၂၅)နှစ်အရွယ်ခန့်ရှိပြီး ရုပ်ရည်ကြည်ခန့်ညား၍ ယောကျ်ားပီသသူတစ်ဦးဖြစ်သည်။

ကျောင်းမှာ စာသင်နေကြရင်း မောင်မောင်နှင့် နာဂသူဇာတို့မှာ ခင်မင်ရင်းနှီးမှု ရှိကြလေသည်။

မောင်မောင်မှာ ရုပ်ရည်ခန့်ညားသလောက် ရိုးသားဖြူစင်



www.burmeseclassic.com

www.burmeseclassic.com



သောသူဖြစ်သောကြောင့် နာဂသူဇာက သဘောကျခဲ့လေသည်။

ထိုသို့သဘောကျသော်လည်း မောင်မောင်မှာ မည်သူမည်ဝါ ဖြစ်သည်၊ မည်သည့်အရပ်ဒေသမှ လာသည်၊ မည်သည့်မျိုးနွယ် အတန်းအစားဖြစ်သည်ကိုတော့ သူမအနေနှင့် မသိရပေ။

အကြမ်းအားဖြင့်တော့ မောင်မောင်မှာ ခန္တီးလောင်းနယ်ဘက် မှ လာသူဖြစ်ပြီး စော်ဘွားမျိုးနွယ်တစ်ဦးဖြစ်သည်လောက်ကိုသာ သိခွင့် ရလေသည်။

ခရစ်ယာန်သာသနာပြု စာသင်ကျောင်းတွင် အတူတကွ သုံးနှစ်ခန့်ကြာအောင် တွေ့ဆုံရင်းနှီးခဲ့ပြီးသောအခါ တစ်နေ့တော့ မောင်မောင်က သူ့ရင်ထဲမှ သဘောထားကို ဖွင့်ပြောလာလေသည်။

"ကျွန်တော်ကတော့ သူဇာ့အပေါ်မှာ မေတ္တာရှိနေပါပြီ၊ သူဇာ က ကျွန်တော့်မေတ္တာကို လက်ခံမယ်ဆိုရင် ကျောင်းပညာ သင်ယူမှု ပြီးသွားရင် လက်ထပ်ယူချင်ပါတယ်"

ဟု ပြောလာသောအခါ နာဂသူဇာအနေနှင့် ထူးထူးခြားခြား အံ့ဩမှုတော့ မဖြစ်မိပေ။

အဘယ့်ကြောင့်ဆိုသော် မောင်မောင်၏အမူအယာကို အကဲ ခတ်ကြည့်ရုံနှင့် တစ်နေ့မဟုတ် တစ်နေ့နေ့မှာတော့ ထိုကဲ့သို့သော မေတ္တာစကားမျိုး ပြောလာလိမ့်မည်ဟု ကြိုတင်သိနေသောကြောင့်ဖြစ် သည်။

သူမအနေနှင့်လည်း မောင်မောင်အပေါ်မှာ စိတ်ထဲမှ ကြိတ်၍ သဘောကျနေသောကြောင့် ထိုကဲ့သို့ ဖွင့်ပြောလာသောအခါ ဝမ်းသာ သွားလေသည်။

သို့သော်လည်း ချစ်သူအဖြစ် လက်တွဲရန် ရည်ရွယ်ထားသော





သူနှင့် ပတ်သက်သောအကြောင်းများကို သိသင့်သည်ဟု ထင်ထား သောကြောင့် သိလိုသောအကြောင်းများကို ဖွင့်မေးရလေသည်။

"မောင်မောင့်အနေနဲ့ ကျွန်မအပေါ်မှာ စိတ်ဝင်စားနေတယ်လို့ ဖွင့်ပြောလာတော့ ကျွန်မအနေနဲ့ လက်ခံပြီး စဉ်းစားပေးပါ့မယ်၊ ဒါထက် မောင်မောင်က ကျွန်မနဲ့ ပတ်သက်တဲ့အကြောင်းတွေကို ဘယ်လောက် များ လေ့လာထားပြီးပြီလဲ. . . သိထားပြီးပြီလဲ"

"ကျွန်တော့်အနေနဲ့ လေ့လာသင့်သလောက်တော့ လေ့လာ ထားပြီးပါပြီ၊ သူဇာက တန်ကွန်နာဂမျိုးနွယ်တစ်ဦးဖြစ်ပြီး လေရှီးမြို့နယ် ဆွမ္မရာရွာက လာရောက်ပညာသင်ကြားနေတယ်ဆိုတာရယ်၊ သူဇာ ဖခင်က ကတိုင်ပီတစ်ယောက်ဆိုတာရယ်၊ နောက်တစ်ချက်က ဆွမ္မရာ ဘက်မှာ သူဇာက နာဂသူဇာတစ်ယောက် ဖြစ်တယ်ဆိုတာတော့ အကြမ်းဖျင်း လေ့လာထားလို့ သိရပါတယ်၊ ဒါထက် သူဇာကရော ကျွန်တော်နဲ့ ပတ်သက်တာတွေ ဘာတွေများ သိထားပါသလဲ"

"ကျွန်မကတော့ မောင်မောင့်အကြောင်းကို သိပ်မသိပါဘူး ခန္တီးလောင်းနယ်ဘက်က စော်ဘွားမျိုးနွယ်တစ်ယောက်ဆိုတာလောက် တော့ သိရပါတယ်၊ ကျန်တာတွေတော့ ဘာမှမသိပါဘူး"

ထိုအခါ မောင်မောင်က သူ့အကြောင်းအရာအချို့ကို ပြောပြ လေသည်။

"ကျွန်တော်က ခန္တီးလောင်းနယ်ဘက်က ကျောင်းလာတက် တာ မှန်ပါတယ်၊ စော်ဘွားမျိုးနွယ်လို့သာ ဆိုရပေမယ့် သာမန်လူတစ် ယောက်ပါပဲ၊ ကျွန်တော့်မှာ မိဘတွေ မရှိတော့ပါဘူး၊ ဦးလေးတစ် ယောက်ဆီမှာ နေရင်း ကျောင်းထားပေးလို့ အခုလို လာပြီး ကျောင်း တက်နေရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်မကောင်းသောအသံဖြင့် ပြောပြသည်။

နာဂသူဇာကတော့ ဘာတစ်ခုမှ ဝင်ရောက်မေးမြန်းခြင်း မပြုဘဲ နားထောင်နေသည်။

"ကျွန်တော့်မိဘတွေ ရှိစဉ်ကတော့ ဓော်ဘွားကြီးတစ်ဦးနဲ့ ဆွေမျိုးတော်လို့ ဟော်နန်းထဲမှာ အမှုထမ်းခွင့် ရခဲ့ပါတယ်၊ အခု ကျွန်တော့်မိဘတွေ မရှိတော့တဲ့နောက်ပိုင်းမှာ ကျွန်တော်တို့လည်း ဟော်နန်းနဲ့ ပတ်သက်မှု မရှိတော့ဘဲ သာမန်အရပ်သားတစ်ယောက်အနေနဲ့ပဲ အပြင်မှာ နေကြပါတယ်"

နာဂသူဇာက စိတ်မကောင်းသောအမူအယာဖြင့် ဦးခေါင်းကို ဖြေးလေးစွာ ညိတ်ပြလေသည်။

"တကယ်တော့ ကျွန်တော်တို့ဟာ လူအများ ထင်ထားသလို ချမ်းသာကြွယ်ဝတဲ့ ဓော်ဘွားမျိုးနွယ်တော့ မဟုတ်ပါဘူး၊ ချစ်ခြင်းမေတ္တာတရားနဲ့ သစ္စာကို တန်ဖိုးထားတဲ့ သာမန်လူတစ်ယောက်ပါပဲ"

ထိုသို့ပြောပြသောအခါ နာဂသူဇာ၏အမူအယာမှာ မည်သို့မှ ပြောင်းလဲသွားခြင်း မရှိဘဲ သိမ်မွေ့စွာဖြင့် ပြုံးလိုက်သည်။

"ကျွန်မက ဥစ္စာဓနနဲ့ ဂုဏ်ပကာသနတွေကို မက်မောတဲ့ လူတစ်ယောက် မဟုတ်ပါဘူး၊ မောင်မောင့်မေတ္တာကို လက်ခံစဉ်းစားတဲ့နေရာမှာ အဲဒါတွေ မလိုပါဘူး၊ ကျွန်မအပေါ်မှာ ဖြူစင်တဲ့မေတ္တာနဲ့ တစ်သက်လုံး သစ္စာရှိသွားဖို့ပဲ လိုပါတယ်၊

ကျွန်မ မောင်မောင်ရဲ့မေတ္တာကို အလေးအနက်ထားပြီး စဉ်းစားပေးပါ့မယ်"

ဟု ကတိပေးလိုက်လေသည်။

မောင်မောင်လည်း သူ့ဘဝ အဖြစ်မှန်ကို ဖွင့်ပြောလိုက်သော်





လည်း နာဂသူဇာက သူ့အပေါ်မှာ စိတ်ပြောင်းမှု မဖြစ်ဘဲ မေတ္တာကိုပင် လက်ခံစဉ်းစားပေးမည်ဟု ကတိပေးသွားသောကြောင့် များစွာစိတ်ကျေနပ်မှုဖြစ်လေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

## ချစ်ခြင်းမေတ္တာ၏သားကောင်များ

ခရစ်ယာန်သာသနာပြုကျောင်းတွင် တက်ရောက်၍ စာသင်နေသော မောင်မောင်မှာ အခြားသူ မဟုတ်ပေ၊ ခန္တီးလောင်း နယ်ပယ်ကို အစိုးရသော ကျမိုင်းစော်ဘွားကြီး၏သားတော်ပင်ဖြစ်သည်။

သူ၏စော်ဘွားအမည်မှာ ခွန်စိုင်းဖြစ်ပြီး မြန်မာအမည်မှာ နီမောင်ပင်ဖြစ်သည်။

ခွန်စိုင်းအမည်ခံ နီမောင်က စော်ဘွားကြီး၏ မဟာဒေဝီမိဖုရားကြီးမှ မွေးဖွားလာသော တစ်ဦးတည်းသောသားတော်လည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ မဟေသီမှ ဖွားမြင်သော သမီးတော်တစ်ပါးလည်း ရှိသေးသည်။

အသက်အရွယ်မှာ နီမောင်ထက် တစ်နှစ်သာ ငယ်ပြီး အမည်မှာ စောမြတ်နွယ်ဖြစ်သည်။

သူမသည် နီမောင်နှင့် ဖအေတူ မအေကွဲ မောင်နှမ ဖြစ်ပြီး တစ်နေ့ကျလျှင် စော်ဘွားကြီး မရှိတော့ပါက သားတော်ဖြစ်သော နီမောင်က စော်ဘွားအရာကို ဆက်ခံရမည်ဖြစ်ပြီး၊ စောမြတ်နွယ်က နီမောင်နှင့် လက်ဆက်ပြီး မဟာဒေဝီအရာကို ဆက်ခံရမည့်သူ ဖြစ်လေသည်။

စောမြတ်နွယ်က ရှမ်းသွေးပါသူပီပီ ရုပ်ရည်ချောမောလှပပြီး ဘာသာတရားကို လေးစားလိုက်နာသူလည်းဖြစ်သည်။

ဖြစ်နိုင်ပါက လောကီစည်းစိမ်များကို မခံစားလိုဘဲ ယောဂီအသွင်ပြောင်းလဲ၍ တရားအလုပ်ကိုသာ တစ်သက်ပတ်လုံး လုပ်ချင်သူဖြစ်သည်။

မဟာဒေဝီအဖြစ်ကိုလည်း မမက်မောလှဘဲ တရားဓမ္မ ကျင့်ကြံအားထုတ်ကာ တစ်သက်လုံး အရိုးထုတ်ချင်နေသူဖြစ်သည်။

နီမောင်၏မိခင် မဟာဒေဝီမိဖုရားကြီး မရှိတော့သည့်နောက်တွင် ဒုတိယ မဟာဒေဝီက စော်ဘွားကြီး၏မိဖုရားခေါင်ကြီး ဖြစ်လာတော့သည်။

သို့သော်လည်း မဟာဒေဝီကြီးက ထိုမျှနှင့် အားမရသေးဘဲ တစ်နေ့ကျသောအခါ နီမောင်က စော်ဘွားအရိုက်အရာကို ဆက်ခံသောအခါ သမီးတော်ဖြစ်သူ စောမြတ်နွယ်နှင့် လက်ဆက်ကာ ဟော်နန်းတစ်ခုလုံးကို သိမ်းပိုက်ရန်လည်း ရည်ရွယ်ထားလေသည်။





ထို့ပြင် မဟာဒေဝီကြီးမှာ စုန်း၊ ပယောဂ၊ အောက်လမ်းအထက်လမ်းပညာများ၊ အစီအရင်များကို နားလည်တတ်ကျွမ်းရုံမက ထိုအတတ်ပညာများကို တတ်ကျွမ်းသောဆရာများနှင့်လည်း အဆက်အသွယ်ရှိသူဖြစ်သည်။

ဟော်နန်းအတွင်းမှာလည်း မှူးမတ် အစရှိသော ဝန်ထမ်းများထဲမှ မဟာဒေဝီ မိဖုရားကြီးကို မလိုလားသူများ ရှိလေသည်။

ပထမ မိဖုရားခေါင်ကြီးမှာ သဘောထား နူးညံ့သိမ်မွေ့ပြီး လက်အောက်ငယ်သားများအပေါ်မှာလည်း သနားညှာတာတတ်သူဖြစ်သည်။

သို့ကြောင့် အားလုံးက ချစ်ခင်လေးစားမှု ရှိကြလေသည်။

ယခု မဟာဒေဝီကတော့ ထိုသို့မဟုတ်ပေ။

ဒေါသကြီးပြီး မောက်မာတတ်သူတစ်ဦးဖြစ်ကာ လက်အောက်ငယ်သားများအပေါ်မှာလည်း ရက်စက်တတ်သူတစ်ဦးဖြစ်သောကြောင့် အားလုံးက ကြောက်ရွံ့ကြလေသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဟော်နန်းအတွင်းမှာလည်း မဟာဒေဝီကို မလိုလားသူများ ရှိပေသည်။ ထိုလူများမှာ ဘေးအန္တရာယ်များနှင့် မကြာခဏ ကြုံရလေ့ရှိပြီး အသက်ဆုံးရှုံးမှုများအထိ ရှိလေသည်။ သို့ကြောင့် မဟာဒေဝီကို ကဝေအတတ်ပညာ၊ ပြုစားတတ်သောပညာများ တတ်ကျွမ်းသည်ဟု အထင်ရှိကာ ကြောက်ရွံ့ကြသည်။

စော်ဘွားကြီး ရှိစဉ်က ထိုအကြောင်းကို ရိပ်မိတန်သလောက် ရိပ်မိလေသည်။

သို့ကြောင့် နီမောင်၏အသက်အန္တရာယ် ရှိလာမည် စိုးသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ခန္တီးမြို့မှာ ရှိသော ခရစ်ယာန်သာသနာပြုကျောင်းသို့ စေလွှတ်ကာ ပညာသင်ကြားစေခြင်းဖြစ်သည်။

ထိုအစီအစဉ်မှာ တစ်ချက်ခုတ် နှစ်ချက်ပြတ် အစီအစဉ်မျိုး ဖြစ်သည်။

နီမောင်အဖို့လည်း ခေတ်ပညာ တတ်မြောက်ပြီး အပေါင်းအသင်း များစေ၊ အသက်အန္တရာယ် ရန်ရှာမှုများမှလည်း ကင်းဝေးစေ ဟူသော ရည်ရွယ်ချက်ဖြစ်ပေသည်။

ခန္တီးမြို့တွင် မြို့စွန်တစ်နေရာတွင် အိမ်တစ်လုံး ငှားရမ်းပြီး အထိန်းတော် လင်မယားနှစ်ယောက်နှင့် အတူနေစေကာ ပညာသင်ကြားစေသည်။

ထိုသို့နေထိုင်ရာမှာလည်း သာမန်အရပ်သူအရပ်သားများ အသွင်မျိုးဖြင့် လျှို့ဝှက်စွာ နေထိုင်ကြလေသည်။

ထိုသို့ နေထိုင်ရာမှာလည်း စော်ဘွားကြီး၏လူယုံတော်ကြီး တစ်ဦးဖြစ်သူ ဦးစောခွန်ဦးက မကြာခဏ ရောက်လာပြီး လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးလေသည်။

နီမောင်အနေနှင့်ကလည်း ထိုကဲ့သို့ လွတ်လပ်စွာ နေထိုင်ရသည်ကို များစွာသဘောကျလေသည်။

ခမ်းနားထည်ဝါသော စော်ဘွားတစ်ဦး၏သားတော်အဖြစ်နှင့် နေထိုင်ရသည်ထက် ယခုကဲ့သို့ သာမန်လူတစ်ယောက်ဘဝမျိုးနှင့် နေထိုင်ရသည်ကို ပို၍နှစ်သက်သူဖြစ်လေသည်။

ဖခင်စော်ဘွားကြီး စီစဉ်ထားသော အဖေတူအမေကွဲ နှမတော် စောမြတ်နွယ်နှင့် လက်ထပ်ရန်ကိစ္စကိုလည်း မပြုလုပ်လိုပေ။

တကယ်ဆိုပါက စောမြတ်နွယ်ကို နှမတစ်ဦးအနေနှင့်သာ





ခင်မင်မှု ရှိသည်။

မိဖုရားအနေနှင့် လက်ဆက်ပြီး ပေါင်းသင်းရန်အတွက်တော့ ဝန်လေးနေမိသည်။

စောမြတ်နွယ်ကလည်း ထိုသို့ပြုရမည်ကို စိုးရိမ်သောက ရောက်နေရကြောင်း နီမောင်အနေဖြင့် ရိပ်မိလေသည်။

သူတို့နှစ်ယောက်စလုံးက ထိုကိစ္စကို မပြုလိုကြသော်လည်း စော်ဘွားမျိုးနွယ်တို့၏ထုံးတမ်းအစဉ်အလာကိုတော့ ပယ်ဖျက်ဖို့ လွယ်လှပေ။

ခန္တီးလောင်းဒေသမှာ ရှေးကတည်းက အစဉ်အလာ ရှိသော နယ်မြေဒေသတစ်ခု ဖြစ်ခဲ့ပေသည်။

ဆီးနှင်းရေခဲဖုံး တောင်ပြာတန်းများ ဝန်းရံထားသော စတုရန်းမိုင်(၅၅၂)မိုင် ရှိသည့် ခန္တီးမြေကား သာယာဝပြော ကျယ်ပြန့်လှပေသည်။

တစ်ခေတ်တစ်ခါက နေဝင်ဘုရင်ဟု ခေါ်ဆိုရမည့် ခန္တီးရှမ်းစော်ဘွားများ စိုးစံရာ သီးခြားလွတ်လပ်သောဒေသ ဖြစ်ခဲ့လေသည်။

မြန်မာဘုရင်များ အုပ်စိုးစဉ်က ဤပူတာအိုနယ်ဟု ခေါ်တွင်သည့်ခန္တီးမြေဝယ် ခန္တီးရှမ်းတို့၏ဦးရေသည် သိန်းဂဏန်းချီ ရှိခဲ့ဖူးသည်။

သို့ဖြစ်သောကြောင့် ခန္တီးတို့၏ဆင်မြင်းဗိုလ်ပါ အပြည့်အစုံပါဝင်သော တပ်တော်ကြီးသည် ဧရာဝတီမြစ်နှင့် ဗြဟ္မပုတ္တရမြစ်တို့၏ စတင်ရာ ရေဝေတောင်တန်းမကြီးကို ဖြတ်ကျော်ကာ တစ်ဖက်ပြည်ပနိုင်ငံများအထိ ချီတက်တိုက်ခိုက်နယ်ချဲ့နိုင်ခြင်း ဖြစ်ပေလိမ့်မည်။

ခန္တီးတို့သည် စစ်ရေးစစ်ရာ၌ စွမ်းရည်ထက်မြက်ကြသည်သာမက မြေရိုင်းကို လယ်ယာဖြစ်အောင် ဖော်ထုတ်ပေးခြင်း၊ ထွန်ယက်



www.burmeseclassic.com

www.burmeseclassic.com



စိုက်ပျိုးခြင်း၊ အိုးအိမ်မြို့ရွာ တည်ထောင်ခြင်းတို့၌လည်း ကျွမ်းကျင်ကြကုန်၏။

ခန္တီးလွင်ပြင်၌ အဓိက အရေးပါသော မလိခမြစ်သည် မြောက်မှတောင်သို့ စီးဆင်းသွားသည်သာမက သူ၏မြစ်လက်တက် အသွယ်သွယ်တို့သည်လည်း အနောက်မှအရှေ့သို့ ဖြတ်စီးကြပြန်သည်။

ထို့ကြောင့် ရေလုံလောက်အောင် ရသည်။ သို့ဖြစ်၍ လယ်ယာကေပေါင်း ထောင်သောင်းချီ ရှိခဲ့ဖူးပြီး စပါးများ အလျှံပယ် ထွက်ရှိခဲ့ခြင်းဖြစ်လေသည်။

တစ်နည်းအားဖြင့် မြန်မာနိုင်ငံတော်၏မြောက်ဘက်စွန်းဒေသအတွက် စပါးကျီကြီးပေတည်း။

သို့သော် မည်သို့ပင် လျှမ်းလျှမ်းတောက် တန်ခိုးထွားခဲ့သည်ဖြစ်စေကာမူ. . .

"ဘဝမှာ သရေလန်းပါတဲ့၊ ရွှေနန်းစံရာနုရိန်မှ၊ ခါချိန်တန်ပျက်စမြဲဟာမို့ စွဲမိသံဝေ"

ဆိုသည့် စလေဦးပုည၏လေးချိုးကဲ့သို့ ခန္တီးတို့၏နေဝင်ချိန်နှင့်လုံးပါး,ပါးလာပုံ သမိုင်းတစ်ကွေ့ကို လေ့လာတွေ့ရှိရသောအခါ ကျွန်ုပ်တို့သည် အထူးသံဝေဂ ရမိတော့သည်။

(၁၈၈၅)ခုနှစ် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ ဖြစ်ပွားသည်။

မြန်မာနိုင်ငံ၏နောက်ဆုံးနန်းစံ သီပေါဘုရင် အိန္ဒိယနိုင်ငံသို့ ပါတော်မူရသည်။

(၁၈၈၆)ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့ ထုတ်ပြန်သည့် "ဒပ်ဖရင် ကြေညာချက်" ဖြင့် မြန်မာနိုင်ငံတော်တစ်ဝန်းလုံးသည် နယ်ချဲ့ဗြိတိသျှ အုပ်ချုပ်သည့် အိန္ဒိယနိုင်ငံလက်အောက်ခံဘဝသို့ ထီးသုံးနန်းသုံး လူလုံးမလှ ကျရောက်သွားရလေသည်။





ထို(၁၈၈၆)ခုနှစ်တွင် အင်္ဂလိပ်တို့သည် မြို့တော်မန္တလေး၏ မြောက်ပိုင်းဒေသအသီးသီးသို့ နယ်မြေစူးစမ်းလေ့လာရန်နှင့် စိုးမိုးရန် စစ်ကြောင်းများ စေလွှတ်ခဲ့သည်။

စစ်ကြောင်းတစ်ခုကို ဦးစီးရသည့် ဗြိတိသျှလူမျိုး ဗိုလ်မှူးကြီး မော်ဂရီကာ(Col. Mac Gregor) ကောက်ယူခဲ့သည့် တရားဝင် မှတ်တမ်းများအရ ခန္တီးမြေ၌ ခန္တီးရှမ်းအမျိုးသားလူဦးရေမှာ (၁၃၈၀၀)ခန့် ရှိနေကြောင်း တွေ့ရှိရလေသည်။

သို့သော် ထိုအချိန်က နယ်ချဲ့တို့သည် ခန္တီးနယ်ကို လေ့လာရုံသာ လေ့လာခဲ့ပြီး အကြောင်းကြောင်းကြောင့် ခိုင်မာသော အုပ်ချုပ်ရေးတစ်စုံတစ်ရာ အခြေမစိုက်နိုင်သေးပေ။ ဒေသခံ ခန္တီးစော်ဘွားများကိုသာ ဆက်လက်အုပ်ချုပ်ခွင့်ပြုထားခဲ့လေသည်။

မကြာပါချေ။

ခန္တီးလောင်းဒေသကို အိမ်နီးချင်း တရုတ်ပြည်က သမိုင်းအစဉ်အဆက်ကတည်းက မျက်စိကျနေသည်ဖြစ်ရာ အာဏာသက်ရောက်ရန် ကြိုးပမ်းမှုများကလည်း တဖြည်းဖြည်း ကြီးထွားလာခဲ့ပေသည်။

ထိုသည့်အခါ ဗြိတိသျှအစိုးရတို့သည် လက်လွှတ်မခံနိုင်တော့သဖြင့် ခန္တီးလောင်းနှင့် အထက်ပိုင်းတစ်ခွင်တို့ကို စုံစမ်းလေ့လာရန်နှင့် တစ်နေ့သောအခါ၌ အခိုင်အမာ သိမ်းပိုက်အုပ်ချုပ်ရန်အလို့ငှာ စစ်တံခွန်အဖွဲ့များ ထပ်မံစေလွှတ်တော့သည်။

(၁၉၁၀-၁၁)ခုနှစ်တွင် ဘုရင်ခံ၏ကိုယ်စားလှယ်အဖြစ် မျက်နှာဖြူအရာရှိ မစ္စတာဘားနဒ်(Mr. J. T. O Barnard) ဦးဆောင်သည့်အဖွဲ့သည် ခရီးစတင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ဆက်လက်၍ မစ္စတာဘားနဒ်အဖွဲ့သည်ပင် (၁၉၁၁-၁၂)ခုနှစ်တွင် ဒုတိယအကြိမ်၊ (၁၉၁၂-၁၃)ခုနှစ်တွင် တတိယ အကြိမ် နှံ့နှံ့စပ်စပ် ခရီးရှည် လှည့်လည်လေ့လာကာ အစိုးရထံ အစီရင် ခံစာ တင်သွင်းခဲ့လေသည်။

မစ္စတာဘားနဒ်၏အစီရင်ခံစာ၌ သူကိုယ်တိုင် တွေ့ရှိသော ခန္တီးရှမ်းများအကြောင်း အတော်များများ ရေးသားဖော်ပြထားသည်။

စာရင်းဇယားများလည်း အသေးစိတ် ကောက်ယူတင်ပြခဲ့ သည်။ သူ၏အစီရင်ခံစာအရ ခန္တီးရှမ်းတို့၏ဦးရေမှာ (၈၁၄၆)ဖြစ် ကြောင်း မှတ်သားရလေသည်။

ထို့နောက် အင်္ဂလိပ်အစိုးရသည် ခန္တီးလောင်းဒေသကို (၁၉၁၄)ခုနှစ်၌ အပြီးအပိုင် သိမ်းပိုက်လိုက်ကြ၏။

ယခု ပူတာအို ခေါ်တွင်သည့်နေရာ၌ တပ်များ၊ ရုံးများ စိုက် ကာ ပူတာအို နယ်ခြားခရိုင်အဖြစ် သီးသန့်အုပ်ချုပ်ရေး စတင်လိုက်လေ သည်။

မြို့ပြအုပ်ချုပ်ရေး စတင်ပြီး ခုနစ်နှစ်ကြာသည့် (၁၉၂၁)ခုနှစ်၌ ကောက်ယူသော သန်းခေါင်စာရင်းအရ. . .

ခန္တီးလောင်း၏အကျယ်အဝန်းမှာ စတုရန်းမိုင်(၂၀၀)၊ ကေ အားဖြင့် (၁၃၀၀၀၀)နီးပါး၊ ခန္တီးရှမ်းဦးရေ (၇၆၂၃)ဟု ဖော်ပြထားလေ သည်။

(၁၉၅၄)ခုနှစ်၌ ခန္တီးမြေသို့ လွတ်လပ်ရေး ရပြီးနောက် ပထမ ဦးဆုံး တရားဝင်အဖွဲ့အဖြစ် ရောက်ရှိသွားသောအခါ မစ္စတာဘားနဒ် တို့ လမ်းစဉ်အတိုင်း သေသေချာချာ စေ့စေ့စပ်စပ် လေ့လာရပေသည်။

သို့သော် နယ်ခြားတစ်ခွင် ခရီးရှည် လှည့်လည်ရသည့် ရည်





ရွယ်ချက်မှာ ယခင်အဖွဲ့နှင့် လုံးဝမတူပေ။

ထိုစဉ်က ကောက်ယူရရှိသော ခန္တီးရှမ်းတို့၏အခြေအနေ အခြေဇယားမှာ. . .

ခန္တီးစော်ဘွားပိုင် နယ်(၇)နယ်၊ ခန္တီးရှမ်းရွာပေါင်း(၂၉)ရွာ၊ အိမ် ခြေပေါင်း(၆၃၂)အိမ်၊ လူဦးရေ(၃၁၂၀)တို့ ဖြစ်လေသည်။

သို့ဖြစ်ရာ ခန္တီးလောင်းရှိ ခန္တီးတို့၏သမိုင်းစဉ်အရ ပြောင်းလဲ လာသော အခြေအနေကို သုံးသပ်ကြည့်လိုက်သောအခါ (၁၄၄၅- ၁၄၅၀)နှစ်များကြား၌ ခန္တီးလောင်း၌ ခန္တီးရှမ်းများ နိုင်ငံသစ် ထူထောင် သည်။

(၁၄၅၀)မှ (၁၇၈၁-၁၈၁၉) ကုန်းဘောင်ခေတ်၊ ဘိုးတော် ဘုရားလက်ထက်အထိ လူဦးရေမှာ သိန်းဂဏန်းထိ အများဆုံး စံချိန် တင်ခဲ့သည်ဟု ယူဆရသည်။

(၁၈၈၆)ခုနှစ် ဗိုလ်မှူးကြီး မက်ဂရီကာ၏စာရင်းအရ လူဦးရေ (၁၃၈၀၀)၊ (၁၉၁၀-၁၁) မစ္စတာဘားနဒ်၏စာရင်းအရ (၈၁၄၆)၊ (၁၉၂၀)သန်းခေါင်စာရင်းအရ (၃၁၂၀) စသည်ဖြင့် တွေ့ရှိရရာ ခန္တီးတို့ သည် တိုင်းပြည်ထူထောင်ပြီး နှစ်ပေါင်း(၃၀၀)အတွင်း အရှိန်အဟုန်ဖြင့် လူဦးရေ သိန်းဂဏန်းထိ တိုးတက်ခဲ့ဖူးသည်။

သည့်နောက် တဖြည်းဖြည်း ယုတ်လျော့လာရာ ကုန်းဘောင် ခေတ် နှစ်တစ်ရာအတွင်း သိန်းမှသောင်းဂဏန်းသို့ ကျဆင်းလာပြီး အင်္ဂလိပ် ဝင်ပြီး အနှစ်(၆၀) သူ့ကျွန်ခေတ်ဝယ် လူဦးရေ ပိုမိုလျော့ပါး လာပြီး ထောင်ဂဏန်းသာ ကျန်တော့ကြောင်း ပေါ်လွင်ထင်ရှားလာ လေသည်။

ထိုကဲ့သို့ အစဉ်အလာရှိသော ဒေသတစ်ခုတွင် စိုးပိုင်အုပ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



ရမည့် စော်ဘွားလောင်းလျာတစ်ယောက်၏ဘဝသည် မိမိစိတ်ထင်တိုင်း ပြုလုပ်၍မရသောဘဝမျိုး ဖြစ်ပေသည်။

အစဉ်အလာ၊ ဂုဏ်သိက္ခာနှင့် မျိုးရိုးဓလေ့များကို စောင့်ထိန်းရမည်ဖြစ်ပေသည်။

သို့သော်လည်း နီမောင်အနေနှင့် နာဂသူဇာဆိုသော မိန်းကလေးအား မေတ္တာစစ်မေတ္တာမှန်ဖြင့် ချစ်မိခဲ့လေပြီ။

နာဂသူဇာကိုလည်း ထိုအကြောင်းအား ဖွင့်ပြောထားခဲ့ပြီး ဖြစ်လေသည်။

အကယ်၍ နာဂသူဇာထံမှ သူလိုချင်သောအဖြေမျိုး ရမည်ဆိုပါက ပျော်ရွှင်စရာဖြစ်သော်လည်း လက်ထပ်ရန်ကိစ္စအတွက်ကတော့ အခက်အခဲများစွာတို့နှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ပေသည်။

စော်ဘွားကြီး၏အရိုက်အရာကို ဆက်ခံပြီး စော်ဘွားဖြစ်မည့်သူမှာ အခြားသူတစ်ဦးဦးနှင့် လက်ထပ်ထိမ်းမြားခြင်း မပြုရပေ။

ဂုဏ်ရည်တူ စော်ဘွားမျိုးနွယ် အမျိုးသမီးတစ်ဦးကိုသာ မဟာဒေဝီအဖြစ် လက်ထပ်ထိမ်းမြားခွင့်ရှိပေသည်။ ရှမ်းစော်ဘွားများဖြစ်သောကြောင့် နန်းဓလေ့ထုံးတမ်းစဉ်လာအရ မျိုးနွယ်မတူသူကို လက်ထပ်ခွင့် မရှိသောကြောင့် နာဂမျိုးနွယ်တစ်ဦးဖြစ်သော နာဂသူဇာကို လက်ထပ်ရန်ကိစ္စမှာ တကယ်တော့ မဖြစ်နိုင်သောကိစ္စမျိုးပင်ဖြစ်လေသည်။

သို့သော် သူ့အနေနှင့် နာဂသူဇာအပေါ် မေတ္တာစစ်ဖြင့် ချစ်မိခဲ့လေပြီ။

နောက်ထပ်တစ်ပတ်ခန့် ကြာသောအခါမှာပင် နာဂသူဇာနှင့်တွေ့သောအခါ သူမက နီမောင်လိုချင်သော မေတ္တာအဖြေကို ပေးလေ





သည်။

"ကျွန်မ မောင်မောင်ရဲ့မေတ္တာကို လက်ခံပါတယ်၊ ကျွန်မအပေါ်မှာ သစ္စာရှိရှိနဲ့ ချစ်သွားနိုင်ပါစေလို့လည်း ဆုတောင်းပါတယ်"

ဟု အရိုးခံအတိုင်း ပြောလေသည်။

ထိုကဲ့သို့ အဖြေရတော့မှ ပြည့်ပြည့်ဝဝ ဝမ်းမသာနိုင်ရှာဘဲ စိတ်ထဲမှာ စိုးရိမ်ပူပန်မှုများ ဝင်လာလေတော့သည်။

"သူဇာကတော့ ငါ့ရဲ့မေတ္တာကို လက်ခံလိုက်ပြီ၊ ဒါပေမယ့် ငါတို့နှစ်ယောက် နီးစပ်ဖို့အရေးက လွယ်ပါ့မလား၊ အမျိုးအနွယ် မတူတဲ့ နာဂသူဇာကို လက်ထပ်ဖို့ကိုတော့ ဘယ်သူမှ လက်ခံနိုင်မှာ မဟုတ်ဘူး ငါကလည်း ပေးထားတဲ့ကတိအတိုင်း နာဂသူဇာနဲ့ မခွဲချင်တော့ဘူး

ဒီတော့ ဘယ်လိုလုပ်ရမလဲ. . .

ငါ့အနေနဲ့ နာဂသူဇာနဲ့ တစ်သက်လုံး နေသွားချင်တယ်ဆိုရင်တော့ စော်ဘွားသားတော်ဆိုတဲ့ ဂုဏ်ပကာသနတွေကို စွန့်ပယ်ပြီး သာမန်လူတစ်ယောက်ဘဝကို ဆင်းမှပဲ ဖြစ်တော့မယ်. . .

အို. . . ဒါကလည်း လုပ်သင့်လုပ်ရမှာပဲ. . .

လောကမှာ ချစ်ခြင်းမေတ္တာထက် ပိုပြီးအရေးကြီးတဲ့ကိစ္စမှ မရှိတာ. . .

ရွှေဘုံပေါ်မှာ နေပြီး စိတ်ဆင်းရဲနေရမယ့်အစား ဘဝတစ်လျှောက်လုံး ပျော်ပျော်ရွှင်ရွှင်နဲ့ သာမန်ဘဝနဲ့ နေသွားရမယ်ဆိုရင်လည်း အရေးမကြီးပါဘူး၊

ကိုယ့်ချစ်သူနဲ့ အတူတူ နေရဖို့ပဲ အရေးကြီးတယ်. . ."

ဟု အမျိုးမျိုး တွေးနေမိတော့သည်။

တစ်နေ့သောအခါ နီမောင်နှင့်နာဂသူဇာတို့နှစ်ယောက် ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်ကို အတူပါလာသော လူယုံတော်က အမှတ်မထင် သိရှိသွားလေသည်။

သူသည် နီမောင်နှင့် နာဂသူဇာ အတူတကွ သွားလာနေသည်ကို တွေ့မြင်သွားသောကြောင့်ပင် ဖြစ်လေသည်။ ထိုအကြောင်းကို သေချာစွာ စုံစမ်းပြီး သေချာစွာ သိရသောအခါ ခန္တီးလောင်းစော်ဘွားကြီးထံသို့ အကြောင်းကြားရလေသည်။

စော်ဘွားကြီးမှတစ်ဆင့် မဟာဒေဝီ သိရှိသွားသောအခါ နီမောင်အတွက် စိုးရိမ်ပူပန်မှုဖြစ်ရုံမက အမျက်ဒေါသလည်း ဖြစ်လေသည်။

"အော်. . ခွန်စိုင်း. . ခွန်စိုင်း၊ မင်းတို့ရဲ့မိခင် သေသွားပြီးတဲ့နောက်မှာ ငါကပဲ မိခင်တစ်ဦးအနေနဲ့ ပြုစုစောင့်ရှောက်ခဲ့လို့ ဒီအရွယ်ရောက်လာခဲ့ရတယ်၊

အခုအချိန် အရွယ်ရောက်တော့မှ ငါစီစဉ်တာကို ဖီလာဆန့်ကျင်ပြုပြီး ကိုယ်ထင်ရာလုပ်ချင်လို့တော့ ဘယ်ရပ့်မလဲ၊

မင်းအနေနဲ့ တစ်ခြားသူနဲ့ လုံးဝလက်မထပ်စေရပါဘူး၊ ငါ့သမီးတော် စောမြတ်နွယ်ကိုသာ လက်ထပ်ပြီး ခန္တီးလောင်း စော်ဘွားအရိုက်အရာကို ဆက်ခံစေရမယ်"

ဟု စိတ်ထဲမှ ကြိတ်၍ကြိမ်းဝါးနေလေတော့သည်။ ထိုအခြေအနေများကိုတော့ ခန္တီးသို့ ရောက်နေသော နီမောင်တစ်ယောက် လုံးဝမသိရှာဘဲ ချစ်သူနှင့် အပျော်ကြီး ပျော်နေရှာတော့သည်။







# အခန်း(၃)

## အမှောင်ရိပ်အတွင်းမှ စောင့်ကြည့်နေသောဝိညာဉ်

နီမောင်အဖြစ်မှာ ချစ်သူထံမှ အဖြေရပြီး ပျော်ရွှင်ကြည်နူးမှုအစပင် ရှိသေးသည်။ ဝေးကွာရမည့်အကြောင်းက ပေါ်လာလေတော့သည်။

အခြားမဟုတ်ပေ. . .။

ခန္တီးလောင်းဟော်နန်းမှ အကြောင်းကြားစာတစ်စောင်ရောက်လာသောကြောင့်ဖြစ်သည်။

ထိုအကြောင်းကြားစာကို ဟော်နန်းမှ စော်ဘွားကြီး၏ လူယုံ



www.burmeseclassic.com

www.burmeseclassic.com



တော် ဦးစောခွန်ဦးမှ ရေးသားသောစာပင်ဖြစ်လေသည်။

"ကျမိုင်းစော်ဘွားလေး သိသာစေရန် စာရေးအကြောင်းကြား လိုက်ပါသည်။

ယခုအခါ စော်ဘွားကြီး၏ကျန်းမာရေးအခြေအနေမှာ မမျှော် လင့်ဘဲ ဆိုးဝါးလာရာ အသက်ဘေးအန္တရာယ်ပင် စိုးရိမ်ရသောအခြေ အနေသို့ ရောက်ရှိနေပါပြီ"

"ဟင်. . ."

ထိုနေရာသို့ ရောက်သောအခါ နီမောင်မှာ များစွာအံ့သြသွား လေသည်။

ယခင်ရောက်လာသောစာများတွင် ဖခင်စော်ဘွားကြီး၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်ပြီး ဆိုးဝါးသောသတင်းများ မပါ,ပါဘဲနှင့် ယခုကာမှ ရုတ်တရက် ကျန်းမာရေး ဆိုးဝါးသွားသည်မှာ ဘယ်လိုဖြစ်တာလဲ. . .။ ဘာကြောင့် ဖြစ်သွားရသလဲ ဟူသော မေးခွန်းများက ခေါင်းထဲသို့ အစီအရီ ဝင်လာလေတော့သည်။

ပြီးမှ စာကို ဆက်ဖတ်လေသည်။

. . . သို့ကြောင့် ကျမိုင်းစော်ဘွားလေး ဟော်နန်းသို့ အမြန် ဆုံး ပြန်လာစေလိုပါသည်။

စော်ဘွားကြီးက ကျမိုင်းစော်ဘွားလေး ပြန်ရောက်လာသော အချိန် ဟော်နန်းအရိုက်အရာများ လွှဲအပ်ရန်လည်း ဆန္ဒရှိနေပါသည်။

သို့ကြောင့် ဤစာကို ရပါက အကြိုလွှတ်လိုက်သောရဲမက်များ နှင့် တစ်ပါတည်း လိုက်ခဲ့စေလိုပါသည်။

စော်ဘွားကြီး၏အမိန့်တော်ကိုယ်စား

ဦးစောခွန်ဦး





ဟူ၍ရေးသားထားလေသည်။

ထိုစာကို ဖတ်ပြီးသောအခါ နီမောင်မှာ များစွာတုန်လှုပ်သွား လေသည်။

သူ့အနေနှင့် ယခုတစ်ခေါက် ခန္တီးလောင်းသို့ ပြန်သွားပါက နာဂသူဇာ ရှိသောနေရာသို့ ပြန်မလာနိုင်တော့မှန်း စိတ်ထဲမှ သိနေလေ သည်။

သို့သော်လည်း မဖြစ်မနေ ပြန်ရတော့မည်မို့ တစ်ရက်ခွင့် တောင်းပြီးနောက် နာဂသူဇာနှင့် တွေ့ပြီး အကျိုးအကြောင်း ပြောပြရ သည်။

"မောင်မောင်တော့ နယ်ကို ပြန်ရတော့မယ်၊ အဖေ အသည်း အသန်ဖြစ်နေလို့ လာခေါ်တဲ့လူတွေ ရောက်လာကြတယ်"

"ဟင်. . . ဘယ်တော့ ပြန်လာမှာလဲ မောင်မောင်"

"ဒါတော့ အတိအကျ မသိရသေးဘူး၊ အဖေ နေကောင်းတာ နဲ့တော့ ချက်ချင်းပြန်လာပါ့မယ်"

"ဒါထက် ကျောင်းကိစ္စတွေက ဘယ်လိုဆက်လုပ်မှာလဲဟင်"

"လောလောဆယ်တော့ ကျောင်းအုပ်ကြီးကို အကျိုးအ ကြောင်း ပြောပြပြီး ခွင့်တိုင်သွားရမှာပဲ"

"တကယ်လို့ မောင်ပြန်မလာနိုင်တော့ရင် သူဇာက ဘယ်လို လုပ်ရမလဲဟင်"

"ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ သူဇာရယ်၊ ဘယ်လိုအခြေ အနေမျိုးမှာပဲဖြစ်ဖြစ် မောင်မောင် သူဇာဆီကို အရောက်ပြန်လာခဲ့ပါ မယ်"

"ကျွန်မတော့ တစ်ရွာသားကို ရည်းစားထားမိလို့ မှားမှား မှား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီလား မောင်ရယ်"

ဟု ငိုသံပါသောအသံကလေးဖြင့် ပြောလေရာ နီမောင်မှာ များစွာစိတ်မကောင်းဖြစ်မိသွားသည်။

"ဒီလောက်လည်း တွေးပူမနေပါနဲ့ သူဇာရယ်၊ မောင်မောင် မကြာခင် ပြန်လာခဲ့ပါ့မယ်"

"ကျွန်မကတော့ မောင်ပြန်မလာမချင်း သစ္စာရှိရှိနဲ့ စောင့်မျှော်နေပါ့မယ်၊ ဒါထက် မောင်နေတဲ့မြို့က ဘယ်မှာလဲဟင်"

"ခန္တီးလောင်းနယ်ထဲမှာ ရှိတဲ့ ကျမိုင်းမြို့မှာပါ၊ အဲဒီရောက်တဲ့ အခါ မေးလိုက်ရင် မောင်ရှိတဲ့နေရာကို ရောက်နိုင်ပါတယ်၊ နောက်ပြီး ဟိုရောက်သွားပြီး မကြာခင်မှာပဲ ကျောင်းလိပ်စာနဲ့ သူဇာဆီကို အကျိုးအကြောင်း စာရေးလိုက်ပါမယ်"

ဟု ချစ်သူကို နှစ်သိမ့်မှု ပေးထားခဲ့ပြီး နောက်တစ်နေ့မှာပင် ငှားထားသောအိမ်ကို ပြန်အပ်ခဲ့ပြီးနောက် အားလုံး ခန္တီးလောင်းသို့ ပြန်သွားကြရလေတော့သည်။ ကျမိုင်းဟော်နန်းသို့ ပြန်ရောက်သော အခါ စော်ဘွားကြီး၏ကျန်းမာရေးအခြေအနေမှာ အတော်ကလေး ဆိုးဝါးနေသည်ကို တွေ့ရလေတော့သည်။

စော်ဘွားကြီး၏ကျန်းမာရေးအခြေအနေ ဆိုးဝါးနေသော ကြောင့် ဟော်နန်းထဲမှ သမားတော်များပင် မတတ်နိုင်ကြတော့သဖြင့် မဟာဒေဝီက ၎င်းတို့၏လက်စွဲသမားတော်ကြီး 'ဒေဝက' ဆိုသူကို ခေါ်ယူ၍ ကုသပေးနေရလေသည်။

နီမောင် ဟော်နန်းသို့ ပြန်ရောက်လာသောအခါ နှမတော်ဖြစ်သူ စောမြတ်နွယ်ကလည်း ဝမ်းသာသွားလေသည်။

"မောင်မောင်. . . ဖခမည်းတော်ရဲ့အခြေအနေက မသက်





သာလှဘူး၊ နေ့ချင်းညချင်း ဆိုးလာသလိုပဲ၊ မောင်မောင်ကိုလည်း တဖွဖွ မေးနေရှာတယ်"

ဟု ပြောသဖြင့် ဖခင်ဖြစ်သူအနီးသို့ တိုးကပ်သွားလေသည်။

"ဖခမည်းတော်. . . သားတော်ပြန်ရောက်လာပါပြီ"

နီမောင်က စော်ဘွားကြီး၏လက်တစ်ဖက်ကို ဆုပ်ကိုင်ပြီး ပြောလိုက်သောအခါ အားယူ၍ မျက်လုံးဖွင့်ကြည့်လာလေသည်။

"သားတော် အချိန်မီ ပြန်ရောက်လာတာ ဖခမည်းတော် ဝမ်းသာတယ်၊ မကြာခင်မှာ ခန္တီးလောင်းနယ်ပယ်ရဲ့အရှင်သခင်အဖြစ်ကို လက်ခံယူရမယ်၊

နယ်သူနယ်သားတွေကို ကိုယ့်ရဲ့သားချင်းတွေပမာ မေတ္တာနဲ့ စိမ့်အုပ်ချုပ်ပေးပါ၊

ဟော်နန်းကို သိမ်းပိုက်ပြီးတဲ့အခါမှာ နှမတော် စောမြတ်နွယ်ကို လက်ဆက်ပြီး မဟေသီအဖြစ် တင်မြှောက်ပေးပါ သားတော်"

ဟုသာ မှာကြားနိုင်လေသည်။

ထိုအခြေအနေသည် ဖခင်ဖြစ်သူ၏စကားကိုသာ နားထောင်ရုံမှအပ တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခွင့် မရနိုင်သော အခြေအနေမျိုးပင်ဖြစ်လေသည်။ အနီးမှာ ရှိသော လူယုံတော်ကြီးလည်းဖြစ်၊ ဟော်နန်း၏အတိုင်ပင်ခံ အမတ်ကြီးလည်းဖြစ်သော ဦးစောခွန်ဦးက စော်ဘွားကြီး အလိုဆန္ဒ ရှိသည့်အတိုင်း မိန့်မှာချက်များကို ရွှေပေလွှာနှင့် ရေးမှတ်ထားလေသည်။

ကျမိုင်းဟော်နန်းသို့ နီမောင်ပြန်ရောက်ပြီး သုံးရက်မြောက် သောနေ့တွင် စော်ဘွားကြီး ကွယ်လွန်သွားလေတော့သည်။

တကယ်တော့ စော်ဘွားကြီး သေဆုံးပုံမှာ ထူးဆန်းလှပေ



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်နဲ့ မေတ္တာမျှခဲ့တဲ့အကြောင်းကို အဘတို့ သိတန်သလောက် သိပါတယ်"

ထိုစကားကြားသောအခါ အံ့ဩသွားလေသည်။

"အဘတို့က ဘယ်လိုသိကြတာလဲ"

"အထောက်တွေရဲ့သတင်းပေးပို့ချက်အရ သိရပါတယ်၊ ရှမ်းစော်ဘွားတွေရဲ့ဓလေ့ထုံးစံအရ ဂုဏ်ရည်မတူတဲ့အမျိုးသမီးကို လက်ထပ်ခွင့် မရှိပါဘူး၊ မဟေသီမြှောက်တဲ့ မိန်းကလေးဟာ မျိုးရိုးတူ ဂုဏ်ရည်တူသူ ဆွေတော်မျိုးတော်တွေအထဲကပဲ ဖြစ်ရပါမယ်၊ စော်ဘွားလေးအနေနဲ့ မဟေသီမြှောက်ခွင့် ရှိသူဟာ နှမတော် စောမြတ်နွယ်ကလွဲပြီး အခြားသူမဖြစ်နိုင်ပါဘူး"

ဟု ပြောလေရာ နီမောင်လည်း ဆက်မပြောသာတော့ပေ။

"ဒီကိစ္စက ဖြည်းဖြည်းတော့ စီစဉ်ကြတာပေါ့လေ၊ လောလောဆယ်တော့ ကာယကံရှင်ဖြစ်တဲ့ နှမတော်စောမြတ်နွယ်နဲ့ တွေ့ပြီး သူ့သဘောကိုလည်း မေးမြန်းကြည့်ပါရစေဦး"

ဟု ပြောလိုက်တော့မှ ဦးခွန်စောဦးလည်း အခန်းတွင်းမှ ပြန်ထွက်သွားလေတော့သည်။

နောက်ရက်အနည်းငယ်ကြာသောအခါ စောမြတ်နွယ် အဆောင်သို့ သွားတွေ့လေသည်။

စောမြတ်နွယ်မှာ နီမောင်နှင့် အဖေတူအမေကွဲ မောင်နှမတစ်ဝမ်းကွဲတော်သူဖြစ်ပြီး အသက်တစ်နှစ်ခန့်သာ ငယ်လေသည်။

အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ရုပ်ရည်ချောမောသူတစ်ဦးဖြစ်သည်။

နက်မှောင်ရှည်လျားသောဆံပင်များမှာ ကျောလယ်အထိ





ရှိလေသည်။

ထူထဲသောမျက်ခုံး၊ တောက်ပသောမျက်လုံး၊ ပေါ်လွင်သောနှာတံ၊ နီထွေးသောနှုတ်ခမ်းတို့မှာ ဂုဏ်ရည်မြင့်သော ရှမ်းစော်ဘွားအနွယ်ဝင် ကျက်သရေရှိသော အမျိုးသမီးတစ်ဦး၏အလှတို့ကို ဖော်ပြနေလေသည်။

စောမြတ်နွယ်က နီမောင်အပေါ်မှာ ငယ်စဉ်ကတည်းက တအားကိုးဆင်း အစ်ကိုရင်းတစ်ယောက်ပမာ ခင်မင်တွယ်တာမှု ရှိလေသည်

နီမောင် ရောက်သွားသောအခါ စောမြတ်နွယ်က လေသာဆောင်မှာ ဧည့်ခံလေသည်။

"ဘယ်လိုအရေးကိစ္စရှိလို့ ရောက်လာတာလဲ မောင်မောင်"

"အစောကို မေးစရာရှိလို့ပါ"

"မေးစရာရှိတာ မေးပါ မောင်မောင်ရယ်"

"မယ်တော်ကြီးနဲ့ အတိုင်ပင်ခံအမတ်ကြီးကတော့ မောင်မောင်နဲ့အစောကို ထိမ်းမြားလက်ဆက်ပေးဖို့ ဖွတ်အတင်း စီစဉ်နေကြတယ်၊ အဲဒါ အစောသဘောထား ဘယ်လိုရှိသလဲဆိုတာ သိချင်လို့ပါ"

"အစောမဖြေခင် မောင်မောင်ရဲ့သဘောထားကိုလည်း အရင်ပြောပြစေချင်တယ်"

နီမောင်က အဝေးမှာ လှမ်းမြင်နေရသော တောင်တန်းကြီးများ ရှိရာဘက်သို့ လှမ်းကြည့်ပြီး သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"အမှန်အတိုင်းပြောရမယ်ဆိုရင်တော့ ခန္တီးမှာ ကျောင်းတက်နေစဉ်က အမျိုးသမီးတစ်ယောက်နဲ့ ချစ်သူဖြစ်ခဲ့ကြတယ်၊ သူ့အပေါ်မှာ သစ္စာမပျက်ပါဘူးလို့လည်း ကတိပေးထားခဲ့တယ်"

"သူက ဘယ်မျိုးနွယ်ထဲကလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"နာဂမျိုးနွယ် အမျိုးသမီးတစ်ယောက်ပါပဲ"

"မောင်မောင်က သာမန်လူတစ်ယောက် မဟုတ်တော့ဘူး။ ခန္တီးလောင်းနယ်ပယ်ရဲ့အရှင်သခင် ဖြစ်နေပြီ၊ မျိုးနွယ်မတူတဲ့ အမျိုးသမီးတစ်ဦးကို လက်ထပ်မယ်ဆို အနယ်နယ်အရပ်ရပ်မှာ ရှိတဲ့ ဇော်ဘွားတွေက လက်ခံကြမှာ မဟုတ်ဘူး၊ ဆွေတော်မျိုးတော်တွေနဲ့ နယ်သားတွေအားလုံးကလည်း လက်ခံကြမှာ မဟုတ်ဘူး၊ ဖွတ်တိုးမယ်ဆိုရင် မောင်မောင်ပဲ ဒုက္ခရောက်လိမ့်မယ်"

စောမြတ်နွယ်က အခြေအနေအမှန်ကို အရှိုးခံအတိုင်း ပြောပြလေသည်။

"ဒီတော့ ဘယ်လိုလုပ်ရမလဲ. . . လုပ်သင့်သလဲဟင်"

စောမြတ်နွယ်က မျက်မှောင်ကလေး ကြုတ်ကာ အတန်ကြာအောင် စဉ်းစားနေပြီးမှ ပြန်ပြောလေသည်။

"အမှန်အတိုင်းပြောရရင် ကျွန်မလည်း မောင်မောင့်အပေါ်မှာ အစ်ကိုအရင်းတစ်ယောက်လိုပဲ ခင်မင်ပါတယ်၊ လူကြီးမိဘတွေ စီစဉ်သလို အကြင်လင်မယားအဖြစ်နဲ့တော့ မနေချင်သေးပါဘူး၊ ဒါပေမယ့် မောင်မောင် ဒုက္ခရောက်မှာကိုလည်း ကျွန်မ မကြည့်ရက်ပါဘူး"

"ဘယ်လိုလုပ်ရမလဲဟင်"

"ကျွန်မတို့ လက်ထပ်ကိစ္စကို အကြောင်းအမျိုးမျိုးပြပြီး အချိန်ဆွဲနိုင်သမျှ ဆွဲထားရမယ်၊ နောက်တော့ အခွင့်အလမ်းတစ်ခုခု၊ ဒါမှမဟုတ် အခြေအနေတစ်ခုခု ပြောင်းလဲသွားရင်သွားမှာပေါ့၊ အဲဒီတော့ အခြေအနေကြည့်ပြီး စီစဉ်ကြရင် ပိုမကောင်းဘူးလားဟင်"

"အင်း. . . ဒီအကြံလည်း ကောင်းတာပဲ"

"ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ ဒီအချိန်ကာလအတွင်းမှာ





တော့ မောင်မောင်အနေနဲ့ သူတို့ မရိပ်မိအောင် ဟန်မပျက် နေမှသင့်မယ်၊ တကယ်လို့ သူတို့ ရိပ်မိသွားရင်တော့ ကျွန်မတို့နှစ်ယောက်စလုံး လွယ်မှာမဟုတ်ဘူး"

"စိတ်ချပါ. . . အစောပြောတဲ့ အစီအစဉ်အတိုင်းပဲ လုပ်ပါ့မယ်"

ဟု ပြောဆိုကာ စောမြတ်နွယ်ကို နှုတ်ဆက်ကာ အဆောင်သို့ ပြန်လာခဲ့လေသည်။

နီမောင်စိတ်ထဲမှာတော့ အခိုက်အတန့် ပေါ့ပါးနေလျက်ရှိလေသည်။

သို့သော် သူတို့နှစ်ယောက်၏အကြံအစည်ကို စောင့်ကြည့်နေသော ဝိညာဉ်လောကသားများ ရှိနေသည်ကိုတော့ ထိုအချိန်က နှစ်ယောက်စလုံး မရိပ်မိခဲ့ကြပေ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

## ရင်အပူကို ဘယ်သူကူပေးပါ့မလဲ

မဟာဒေဝီမိဖုရားကြီး၏ခန်းမဆောင်အတွင်း၌ ဖြစ်ပေသည်။

အချိန်မှာ ညအချိန်ဖြစ်သောကြောင့် ဟော်နန်းဆောင်အတွင်းမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ မြူနှင်းများ ဝေ့ဆိုင်းနေပြီး နှင်းစက်ကျသံများသာ ပေါ်ထွက်နေသည်။

မဟာဒေဝီခန်းမဆောင်အတွင်းမှာ လူသုံးယောက်ရှိနေကြသည်။

မဟာဒေဝီ မိဖုရားကြီး၊ အတိုင်ပင်ခံအမတ်ကြီး ဦးဇော်ခွန်ဦး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆေးဆရာကြီး ဒေဝကတို့ဖြစ်ကြသည်။ ဆေးဆရာကြီး ဒေဝကမှာ အသက်ငါးဆယ်ကျော်အရွယ်သာ ရှိသေးပြီး ရှမ်းလူမျိုးတစ်ယောက်ဖြစ်သည်။ ရင်ဖုံးအင်္ကျီ၊ ရှမ်းဘောင်းဘီနှင့် ခေါင်းပေါင်းအနက်ကို ပေါင်းထားသည်။

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ ရှိသောကြောင့် ရုပ်ရည်မှာ အသက်အရွယ်ထက် ပိုမိုရင့်ရော်နေသယောင်ရှိလေသည်။

"ကဲ. . . အတိုင်ပင်ခံကြီး၊ အခြေအနေဘယ်လိုရှိသလဲဆိုတာ ပြောပြပါဦး"

"ကျွန်တော်မျိုး သိရသလောက် ပြောရရင် စော်ဘွားလေးက နှမတော်စောမြတ်နွယ်နဲ့ လက်ထပ်ဖို့ကိစ္စကို စိတ်ပါပုံ မရှိပါဘူး၊ ဒါကြောင့် အချိန်ဆွဲနေခြင်းဖြစ်ပါတယ်"

"ဒါဖြင့် သူ့မှာ ဘယ်လိုအကြောင်းတွေ ရှိနေသလဲဆိုတာ စုံစမ်းလို့ သိရပြီလား"

"အထောက်တော်များရဲ့ပြန်လည်ပြောပြပုံအရတော့ စော်ဘွားလေးဟာ ခန္တီးမှာ ကျောင်းတက်နေစဉ်ကာလမှာ မိန်းကလေးတစ်ယောက်နဲ့ မေတ္တာမျှခဲ့ကြောင်း သိရပါတယ်"

"မိန်းကလေးက ဘယ်အမျိုးအနွယ်ထဲကလဲ"

"မျိုးနွယ်မတူတဲ့ နာဂအမျိုးအနွယ်တစ်ယောက်ဖြစ်တယ်လို့ သိရပါတယ်"

"သယ်. . . ရိုင်းလိုက်ပလေ"

မဟာဒေဝီ၏မျက်နှာပေါ်မှာ ဒေါသကြောင့် ခက်ထန်သွားလေသည်။

"ခန္တီးလောင်း စော်ဘွားကြီးရဲ့သားတော်တစ်ယောက်က ဒီလို





မျိုးနွယ်မတူတဲ့ မိန်းမတစ်ယောက်ကို ချစ်ကြိုက်ခွင့် မရှိဘူးဆိုတာ သူမသိဘူးလား၊

ဒါမှမဟုတ် သိပါရက်နဲ့ ရိုးရာဓလေ့ထုံးစံကို ချိုးဖောက်ဖို့ ကြံရွယ်နေတာလား၊

ဒီကိစ္စကိုတော့ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး"

"ဒါပေမယ့် စော်ဘွားလေးက ခန္တီးလောင်းရဲ့အရှင်သခင် ဖြစ်နေတော့ သူ့သဘောမပါဘဲနဲ့ အတင်းစီမံလို့ မရနိုင်ပါ မိဖုရားကြီး"

"ဒီတော့ ဘယ်လိုလုပ်သင့်ပါသလဲ အတိုင်ပင်ခံကြီးရဲ့"

"သမီးတော်စောမြတ်နွယ်အနေနဲ့ စော်ဘွားလေး သူ့ဘက်သို့ စိတ်ပါလာအောင် ကြိုးစားသင့်ပါတယ်"

ထိုစကားကြားသောအခါ မဟာဒေဝီကြီးက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အဲဒါကိုပဲ ခက်နေတာပေါ့ အတိုင်ပင်ခံကြီးရဲ့၊ သမီးတော်ကိုယ်တိုင်ကပင် အိမ်ထောင်ပြုရမယ့်ကိစ္စကို စိတ်မဝင်စားဘဲ တရားအလုပ်နဲ့ပဲ နေချင်တဲ့ဆန္ဒ ရှိနေတယ်၊ သူ့အနေကလည်း စော်ဘွားလေးအပေါ်မှာ အစ်ကိုအရင်းတစ်ယောက်လိုပဲ ခင်မင်မှု ရှိနေတော့ ထိမ်းမြားလက်ထပ်ဖို့ကိစ္စကို ဖွင့်အတင်းပြောဖို့ကလည်း ခက်နေတာပေါ့၊ အကြံများ ရှိရင် ပြောကြပါဦး"

ထိုသို့ပြောလိုက်သောအခါ ဆေးဆရာကြီးဒေဝက,က ဝင်ပြောလေသည်။

"စိတ်မပူပါနဲ့ မိဖုရားကြီး၊ 'လူမစွမ်းနတ်မ'၊ 'နလံမထူတော့ အကြံကူ' ဆိုတဲ့ စကားပုံ ရှိပါတယ်၊ ကိုယ်စီမံရာကို ဒီအတိုင်း မဖြစ်တော့လည်း ဖြစ်အောင် စီစဉ်လို့ ရနိုင်တဲ့နည်းတွေ ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုများလဲ ပြောပါဦး ဆရာကြီးရယ်"

"လူငယ်တွေဟာ အငွေ့ကိုသာ ရှောင်နိုင်ကြပေမယ့် အငွေ့ကိုတော့ ဘယ်လိုမှ မရှောင်နိုင်ပါဘူး၊ သူတို့နှစ်ယောက် နီးစပ်သွားရင် ဒီအစီအစဉ်တွေအားလုံး ပြီးသွားမှာပါ မိဖုရားကြီး"

"ဒီလိုဆိုရင်လည်း သူတို့နှစ်ယောက် နီးစပ်ဖို့ အမြန်သာ စီစဉ်ပေးပါတော့ ဆရာကြီးရယ်"

"ဒါပေမယ့် ဒီအကြောင်းကို ကျုပ်တို့သုံးယောက်သာ သိပြီး ကျန်တဲ့သူတွေ မရိပ်မိဖို့တော့ အရေးကြီးတယ်၊ ဒီအကြောင်းကိုသာ စော်ဘွားလေး ရိပ်မိသွားရင် ကျုပ်တို့အားလုံး ဒုက္ခရောက်ကြမှာ အမှန်ပဲ"

"စိတ်ချပါ. . . ဘယ်သူမှ မသိအောင် လျှို့ဝှက်ထားပါ့မယ်"

ဟု ကတိပေးကြလေရာ ဆေးဆရာကြီးက ၎င်းစီစဉ်မည့် အစီအစဉ်ကို ပြောပြလေသည်။

ထိုအစီအစဉ်ကို ကြားသောအခါ မဟာဒေဝီမိဖုရားကြီးရော ဦးစောခွန်ဦးပါ မျက်လုံးပြူးသွားကြလေသည်။

"ဖြစ်. . . ဖြစ်ပါ့မလား"

"ကျုပ် အစီအရင် လုပ်လာတဲ့အကြိမ်ပေါင်း မနည်းတော့ဘူး၊ တစ်ခါမှ မအောင်မြင်တာ မရှိခဲ့သေးဘူး"

"ကောင်းပါပြီလေ. . . ဆရာကြီးအစီအမံအတိုင်းသာ စီရင်ပါတော့၊ ကျုပ်ရဲ့သဘောကတော့ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် စော်ဘွားလေးနဲ့ သမီးတော် လက်ထပ်ပြီး ဟော်နန်းသိမ်း မင်္ဂလာကိစ္စ မြန်မြန်ပြီးသွားဖို့ပဲ အရေးကြီးပါတယ်၊ ကွယ်လွန်သူ တော်ဘုရားကြီးရဲ့အလိုကျ ဖြစ်စေချင်တာကတစ်ကြောင်း၊ မဟုတ်တဲ့အစွဲအလမ်း ရှိနေတဲ့ စော်ဘွားလေး





လည်း စိတ်ပြောင်းသွားပြီး သမီးတော်နဲ့ လက်ဆက်ကြပြီးတဲ့နောက် ဟော်နန်းအလယ်မှာ တင့်တယ်မှု ရှိတာကိုပဲ မြင်နေရရင် ကျေနပ်ပါပြီ"

ဟု ပြောလိုက်လေသည်။

ထို့နောက် အတော်ညဉ့်နက်ပိုင်းရောက်မှ မိမိနေရာသို့ ပြန်သွားကြလေတော့သည်။

ဆရာကြီးဒေဝက နေထိုင်သောနေရာမှာ ဟော်နန်းနှင့် မဝေးလှသော တောင်ကုန်းတစ်ခုပေါ်မှာ ဖြစ်လေသည်။ ဒေဝကမှာ စော်ဘွားကြီး ရှိစဉ်ကတည်းက သုံးစွဲခဲ့သော နန်းတွင်းဆေးဆရာကြီး ဖြစ်သောကြောင့် စော်ဘွားကြီးကိုယ်တိုင် ဟော်နန်းနှင့် မဝေးလှသော တောင်ကုန်းပေါ်မှာ သီးသန့်အိမ်တစ်လုံး ဆောက်လုပ်ပေးထားခြင်းဖြစ်လေသည်။

တကယ်တော့ ဆရာကြီးဒေဝကမှာ အထက်လမ်းဆရာကြီး တစ်ဦးမဟုတ်ဘဲ အောက်လမ်းပညာရပ်များသာ ကျွမ်းကျင်သော ဆရာကြီးတစ်ဦးဖြစ်ပေသည်။

၎င်းနေသော အဆောက်အဦးအတွင်း၌ နတ်ရုပ်ထု၊ ဘီလူးရုပ်ထု၊ တစ္ဆေသရဲရုပ်ထု၊ ဂဝံရုပ်ထုများစွာတို့ကို သူ့နေရာနှင့်သူ တင်ထားပြီး ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းထားသည်။

ဆေးကုရာတွင် အသုံးပြုသော ဆေးလွယ်အိတ်၊ ဆေးကွမ်းအစ်၊ ဆေးကြိမ်လုံး၊ တောင်ဝှေးနှင့် ဆေးပစ္စည်းများစွာတို့ကိုလည်း စင်များပေါ်မှာ တင်ထားလေသည်။

ထိုနေရာသည် သာမန်ဆေးကုသောနေရာဖြစ်ပြီး ထိုနေရာ၏ အနောက်ဘက်မှာ မီးရောင်လုံးဝမရှိသော အမှောင်ခန်းတစ်ခန်းလည်း ရှိသေးသည်။ ထိုအခန်းထဲမှာတော့ လူအရိုးစုများ၊ ဦးခေါင်းခွံ၊ ဖက်ဖူ



www.burmeseclassic.com

www.burmeseclassic.com



ရှိး စသည်တို့ ထားလေသည်။

ဆရာကြီးဒေဝကသည် မိမိတို့နေအိမ်သို့ ရောက်သောအခါ ထိုအမှောင်ခန်းအတွင်းသို့ ဝင်သွားလေသည်။ ထိုအခန်းထဲမှာတော့ ဖိုထိုးရာတွင် အသုံးပြုသော မီးဖိုငယ်တစ်ခု ရှိသည်။

မီးကျိခဲ အနည်းငယ်လည်း ရှိလေသည်။

ဆရာကြီးက ဆေးမှုန့်အချို့ကို မီးဖိုအတွင်းသို့ ဖြူးချလိုက်ရာ မီးခိုးငွေ့များ အလိမ့်လိုက် တက်လာလေသည်။ ထိုမီးခိုးငွေ့များထဲမှာ ဖြူဖြူသဏ္ဌာန် မည်းမည်းသဏ္ဌာန်များ ဝေ့ဝဲလှုပ်ရှားနေကြလေသည်။

အမှန်တော့ ထိုသဏ္ဌာန်များမှာ ကြောက်မက်ဖွယ်ကောင်းသော သဏ္ဌာန်များပင်ဖြစ်သည်။

"ငါစုံစမ်းခိုင်းတဲ့အခြေအနေ ဘယ်လိုရှိသလဲဟေ့"

"..........."

"ဘာ. . . သူတို့နှစ်ယောက် တိုင်ပင်နေတာ တွေ့ခဲ့တယ် ဟုတ်လား၊ စော်ဘွားလေးနဲ့ နှမတော်ကို ပြောတာမဟုတ်လား"

"..........."

"သူတို့ ဘာတွေ တိုင်ပင်နေကြတာလဲ"

"..........."

"စော်ဘွားလေးမှာ ချစ်သူရှိတယ်၊ နှမတော်ကလည်း တရားအလုပ်ပဲ လုပ်ချင်တယ်၊ ဒါကြောင့် နှစ်ယောက်စလုံးက လက်မထပ်ချင်ကြလို့ တမင်အချိန်ဆွဲနေကြတာပေါ့"

"..........."

"ဒါထက် စော်ဘွားလေးအခြေအနေကို စောင့်ကြည့်ခိုင်းထားတဲ့ကောင်ကရော အခြေအနေ ဘာထူးသလဲ၊ စော်ဘွားလေး ဘာတွေ





လုပ်နေသလဲ"

"..........."

"အင်း. . . သူ့ချစ်သူနဲ့ ခွဲလာကာစဆိုတော့ လွမ်းနေမှာပေါ့ကွာ၊ ငါတို့အစီအစဉ်တွေ အောင်မြင်သွားတဲ့အခါကျတော့လည်း ဒါတွေပြီးသွားမှာပေါ့၊ ဒါထက် စောမြတ်နွယ်အခြေအနေကို ကြည့်ခိုင်းထားတဲ့ကောင်ကရော ဘာတွေထူးခြားသလဲ ပြန်ပြောစမ်းပါဦး"

"..........."

"ဘာကွ. . . သူ့အဆောင်နားကိုတောင် ကပ်လို့မရဘူး၊ နတ်တွေ သူ့အဆောင်နားမှာ အများကြီး ရှိနေကြတယ် ဟုတ်လား"

"..........."

"သူက ဘာတွေလုပ်နေလို့လဲ"

"..........."

"အမြဲတမ်း ဘုရားရှိခိုး တရားထိုင်နေမှတော့ မင်းတို့လို မိစ္ဆာကောင်တွေ အနားကပ်လို့မရတာ ဘာများ ဆန်းသလဲကွာ၊ သူ့ကို အနှောင့်အယှက် ပေးမိရင်တော့ နယ်စောင့်နတ်တွေက မင်းတို့ကို ဒီနယ်က နှင်ထုတ်ပစ်မှာ သေချာတယ်"

ဟု ပြောလိုက်ရာ ပရလောက မိစ္ဆာကောင်များမှာ များစွာ ကြောက်ရွံ့ထိတ်လန့်သွားကြဟန်ရှိလေသည်။

"သိပ်လည်း မကြောက်ပါနဲ့ကွာ၊ ငါက မင်းတို့ကိုလည်း ဘာမှ လုပ်ခိုင်းသေးပါဘူး၊ အခုတော့ ငါမှာထားတဲ့အတိုင်း သူတို့အခြေအနေကို အဝေးကပဲ စောင့်ကြည့်နေကြပေတော့၊ ငါတို့ရဲ့အကြံအစည်တွေ အောင်မြင်သွားရင် မင်းတို့ကို အစားအစာ တဝကျွေးမယ်ဟေ့၊ အခုတော့ ကိုယ့်နေရာကိုယ်ပြန်သွားကြပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြော၍ လက်ကိုဝှေ့ယမ်းလိုက်ရာ အနီးပတ်ဝန်းကျင်မှာ မီးခိုးငွေ့များကဲ့သို့ တွန့်လိမ်ကွေ့ကောက်နေသော ပုံသဏ္ဌာန်များမှာ တဖြည်းဖြည်းနှင့် ဝေ့ဝဲပျောက်ကွယ်သွားလေတော့သည်။

ယခင်က ကျုံမိုင်းစော်ဘွားလေး ခွန်စိုင်းဘဝမှ ယခုအခါ ဖခင်ကြီး ကွယ်လွန်သွားပြီးနောက် ခန္တီးလောင်း စော်ဘွားကြီးဘဝကို ရောက်ရှိလာခဲ့သော နီမောင်အဖို့မှာ ချစ်သူရှိရာ ခန္တီးသို့ ဘယ်နည်းနှင့်မှ ပြန်ခွင့်မသာသောကြောင့် များစွာပူဆွေးသောက ရောက်နေရလေသည်။

"သူ့ဇာကတော့ ငါ့အပေါ်မှာ အထင်လွဲနေတော့မှာပဲ၊ ကွယ်ရင်မေ့ တွေ့ရင် သေအောင်လွမ်းမယ့် လူစားမျိုးလို့ ထင်နေတော့မှာပဲ၊ ငါ့အနေကလည်း ဟော်နန်းကိစ္စတွေနဲ့ ပြန်ခွင့်မသာတော့ဘူး၊

သူသိအောင် ဘယ်လိုများ အကြောင်းကြားရပါ့မလဲ"

ဟု တွေးတောပူပန်ကာ ကျော်စွာ၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ကို ခေါ်ပြီးနောက် အကြံဉာဏ်တောင်းရလေသည်။

၎င်းတို့သုံးယောက်ကတော့ ကျောင်းနေဖက်လည်းဖြစ်၊ ကစားဖော် ကစားဖက်များလည်း ဖြစ်သောကြောင့် ယခုကဲ့သို့ တွေ့ကြသည့်အခါမှာ အဆောင်အယောင် အဆင့်အတန်း မရှိဘဲ သူငယ်ချင်းလိုပင် ဆက်ဆံကြလေသည်။

"မင်းက အရင်လို မဟုတ်တော့ဘူး နီမောင်၊ ခန္တီးလောင်းရဲ့ အရှင်သခင် စော်ဘွားကြီးဘဝ ရောက်နေပြီ၊ ကိုယ်လုပ်ချင်တိုင်း ဘာမှ လုပ်ခွင့်မရတော့ဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ"

"သူသိအောင် အကျိုးအကြောင်း စာရေးလိုက်ပေါ့၊ ဒါပေမယ့်





တစ်ခုတော့ ရှိတယ်၊ မင်းကို စော်ဘွားတစ်ယောက် ဆိုတာတော့ သူ့ မသိစေနဲ့ဦး၊ တော်ကြာ သိလို့ လိုက်လာတော့မှ အားလုံးရှုပ်ကုန်လိမ့်မယ်"

ဟု အကြံပေးကြသဖြင့် နာဂသူဇာထံသို့ စာတစ်စောင် ရေးသားပေးပို့လိုက်လေသည်။

စာကိုလည်း စာတိုက်မှပင် ရေစစ္စလီ ပြုလုပ်ကာ ထည့်လိုက်လေသည်။

ထိုစာသည် ရက်အနည်းငယ်ကြာသောအခါ ခန္တီးမှာ ရှိသော ခရစ်ယာန်သာသနာပြုကျောင်းသို့ ရောက်သွားလေသည်။ ထိုစာ ရောက်သွားသောအချိန်မှာ နာဂသူဇာက ကျောင်းမှာ မရှိပေ။

ဆွမ္မရာရွာသို့ ခေတ္တပြန်သွားချိန်ဖြစ်လေသည်။

ထိုသို့ပြန်သွားရသောအကြောင်းမှာလည်း ဖခင်ဖြစ်သူ ဦးကူလောက လူလွှတ်ခေါ်သဖြင့် လိုက်သွားရခြင်းဖြစ်ပေသည်။

ရွာသို့ ရောက်သောအခါ နေမကောင်းဖြစ်နေသော မိခင်ဖြစ်သူကို တွေ့ရသည်။

မိခင်၏ရောဂါအခြေအနေမှာ နတ်ဆရာများနှင့် ကုသသော်လည်း မသက်သာဘဲ ရှိနေလေသည်။ သူမ ပြန်ရောက်သွားသောအခါ ဦးကူလောက ပြောသည်။

"သမီးကို ပြန်ခေါ် ရတာ တခြားမဟုတ်ဘူး၊ ဒီမှာ နင့်အမေရဲ့ ရောဂါအခြေအနေကလည်း မသက်သာဘူး၊ အဲဒီတော့ သူရှိနေတဲ့ အချိန်မှာ မိစုံဖစုံနဲ့ နင့်ကို အိမ်ထောင်ချပေးချင်တယ်၊

နင့်အမေကလည်း သူ မသေခင် စိတ်အေးသွားချင်တယ်လို့ ငါ့ကို ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အိမ်ထောင်မပြုချင်သေးဘူး အဖေ"

"မိန်းကလေးဆိုတာ အချိန်တန် အရွယ်ရောက်လာရင် ဓလေ့ထုံးစံအတိုင်း အိမ်ထောင်ပြုရမှာပဲ၊

ကိုယ်ကြိုက်တဲ့သူကို ရွေးချင်ရွေး၊ ဒါမှမဟုတ်ရင်တော့ မိဘပေးစားတဲ့လူကို ယူရမှာပဲ"

ဟု ပြောရာ နာဂသူဇာမှာ များစွာအခက်တွေ့သွားလေသည်။

နာဂမျိုးနွယ်တို့၏ဓလေ့ထုံးစံအရ ငြင်းပယ်မရနိုင်သောကိစ္စမို့ များစွာစိတ်ပူပန်မှုဖြစ်သွားလေသည်။

နာဂတိုင်းရင်းသားတို့သည် မိမိတို့သားသမီးများ အချိန်တန်အရွယ်ရောက်၍ အိမ်ထောင်ဘက် ရွေးချယ်ကြရာတွင် မိဘဆွေမျိုးများက ကန့်သတ်ချုပ်ချယ်မှု မပြုကြပေ။

အိမ်ထောင်ဘက် ရွေးချယ်သောကိစ္စကို စိတ်ကြိုက်လွတ်လပ်ခွင့် ပေးထားကြသည်။

အများအားဖြင့်တော့ မည်သည့်နာဂမျိုးနွယ်ဝင်မဆို အရွယ်ရောက်လာသည်နှင့် မိဘတို့နေအိမ်မှာ မနေတော့ဘဲ ဆွေမျိုးသားချင်းအိမ်များ၌ဖြစ်စေ၊ လူပျိုဆောင်အပျိုဆောင်များ၌ဖြစ်စေ၊ ကျေးရွာရှိပ်သာ ခန်းမဆောင်(ပန်)များတွင်ဖြစ်စေ သွားရောက်နေထိုင်အိပ်စက်ကြလေသည်။ ထိုသို့အိပ်စက်ရာတွင် ယောကျ်ားလေးများက မိန်းကလေးဆွေမျိုးများ ရှိရာအိမ်များသော်လည်းကောင်း၊ မိန်းကလေးများကယောကျ်ားလေး၏ဆွေမျိုးများ ရှိရာသို့ ရှောင်ရှား၍ အိပ်ကြလေသည်။

ယောကျ်ားလေးများ စုဝေးအိပ်သည့်အိမ်မှာ ရွာတိုင်းတွင် မရှိသော်လည်း မိန်းကလေးများ စုဝေးအိပ်သော အပျိုဆောင်များကတော့ ရွာတိုင်းမှာ ရှိကြလေသည်။





နာဂမျိုးနွယ်စုများ ကွဲပြားမှုအလိုက် အိပ်စက်ရာ နေရာရွေးချယ်ပုံနှင့် ဓလေ့စရိုက်များကတော့ လူမျိုးစုတစ်ခုနှင့်တစ်ခု၊ တစ်နေရာနှင့်တစ်နေရာ မတူဘဲ အနည်းငယ်ကွဲပြားလေသည်။

အများအားဖြင့် အပျိုဆောင်၊ လူပျိုဆောင် ဒါမှမဟုတ် အပျိုလူပျိုပါ အတူတူ ပေါင်းနေကြသောအဆောင်များတွင် အပျိုနှင့်လူပျို အတူတူ ယှဉ်တွဲအိပ်စက်ကြသည်က များသည်။

ယောကျ်ား၊ မိန်းမများမှာ ချစ်သူကြင်ဖော်အဖြစ် ရွေးချယ်သတ်မှတ်ခြင်း မပြုကြမီ မိမိစိတ်ကြိုက် ပြောင်းလဲအိပ်စက်ခွင့် ရှိကြလေသည်။

ထိုသို့ အိပ်စက်ကြခြင်းမှာ ကာမဂုဏ် ခံစားဖို့ မဟုတ်ဘဲ ဘဝတစ်သက်တာ လက်တွဲဖော်ကို စိတ်ကြိုက်ရွေးချယ်ကြခြင်းဖြစ်ပေသည်။

ထိုသို့ အတူတကွ အိပ်စက်ပြီး နှစ်ဖက်သဘောကျသောချစ်သူကို တွေ့သောအခါမှ မိဘများထံ ခွင့်ပန်အသိပေးပြီး ဓလေ့ထုံးစံအတိုင်း လက်ထပ်ပြီးမှ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြခြင်းဖြစ်ပေသည်။

အချို့ခေတ်မီသော နာဂမျိုးနွယ်များကတော့ လူကြီးမိဘချင်းစေ့စပ်ကာ တောင်းရမ်းပေးစားကြခြင်း ရှိသည်။ ယခုလည်း နာဂသူဇာကို အခြားရွာမှ ငွေကြေးဥစ္စာပြည့်စုံသော နာဂလူကြီးတစ်ဦး၏သားကနှစ်သက်သဘောကျသဖြင့် မိဘချင်း စေ့စပ်တောင်းရမ်းယူရန် စီစဉ်လာသောကြောင့် ဦးကူလောက သမီးဖြစ်သူကို ကျောင်းမှ ပြန်ခေါ်ပြီးအသိပေးနေခြင်းဖြစ်ပေသည်။

"ငါ့သမီးလည်း အချိန်တန် အရွယ်ရောက်ပြီဆိုတော့ တောင်း

www.burmeseclassic.com



ရမ်းလာတဲ့လူ ရှိရင် ပေးစားရမှာပဲ၊ တစ်ဖက်ရွာက လာတောင်းတဲ့လူတွေကလည်း စီးပွားဥစ္စာ ပြည့်ဝတဲ့လူတွေပဲ၊ နောက်တစ်ချက်က အဖေတို့နဲ့ မျိုးနွယ်တူ ဓလေ့တူဆိုတော့ အကြောင်းမရှိဘဲ ငြင်းလို့မရဘူး"

"ကျွန်မ စဉ်းစားပါရစေဦး အဖေရယ်"

"နင်က ဒီလောက်ခါးခါးသီးသီး ငြင်းဆန်နေပုံထောက်တော့ ကိုယ်တိုင်ရွေးထားတဲ့ချစ်သူများ ရှိနေပြီလားကွယ့်"

"မ. . မရှိသေးပါဘူး"

သူမအနေနှင့် အမှန်အတိုင်း ပြော၍မရသေးသော အခြေအနေဖြစ်ပေသည်။

သူမချစ်သူ မောင်မောင်မှာ မည်သည့်လူမျိုးဖြစ်သည်ကို မသိရသေးသော်လည်း နာဂတိုင်းရင်းသား မဟုတ်သည်ကတော့ အသေအချာဖြစ်သည်။ နာဂတိုင်းရင်းသား ဓလေ့ထုံးစံ အတော်များများမှာတော့ မိမိတို့မျိုးနွယ်တူမှလွဲပြီး အခြားသူကို လက်ထပ်ယူခွင့် မရှိပေ။

အကယ်၍ မောင်မောင်နှင့် ချစ်သူဖြစ်နေသည့်အကြောင်း ပြောလိုက်လျှင်လည်း လက်ခံကြမည် မဟုတ်ပေ။ ထို့ပြင် ယခုအချိန်မှာလည်း မောင်မောင်က ဘယ်အရပ်ဒေသ ရောက်နေသည်ကို မသိရသေးပေ။ သို့ကြောင့်. . .

ဒီနှစ်ကုန်သည်အထိ စာသင်ပြီးမှ မိဘများ စီစဉ်သော လက်ထပ်ဖို့ကိစ္စ စဉ်းစားပေးပါမည်ဟု ဖခင်ကြီး ကျေနပ်အောင် ပြောခဲ့ရလေသည်။





# အခန်း(၅)

## နာဂသူဇာနှင့် ပဟေဠိဆန်သောည

နီမောင်ခမျာမှာလည်း ခန္တီးလောင်းစော်ဘွားကြီး၏သားတော်ဘဝမှ စော်ဘွားကြီး ကွယ်လွန်သွားပြီးသည့်နောက်မှာ မမျှော်လင့်ဘဲ စော်ဘွားကြီးဘဝ ရောက်လာခဲ့ရပြီးနောက်ပိုင်းမှာ တစ်ချက်ကလေးမှ ရင်မအေးရအောင် ရှိလေသည်။

မြို့နယ်အခြေအနေက အေးချမ်းတည်ငြိမ်သောကြောင့် စိတ်ပူပန်မှု မရှိရသော်လည်း ချစ်သူအတွက် ရတက်မအေးရအောင် ရှိနေလေသည်။



www.burmeseclassic.com



ညအချိန်ရောက်သည်နှင့် ကောင်းစွာအိပ်မပျော်ဘဲ ချစ်သူကိုသာ လွမ်းဆွတ်သတိရနေမိတော့သည်။ သို့ကြောင့် လသာဆောင်မှာ ထွက်ထိုင်ရင်း မိုးလင်းခဲ့ရသည့်ရက်ကလည်း မနည်းတော့ပေ။

"ငါနဲ့သူဇာတို့ရဲ့အချစ်ရေးက ရင်မအေးရပါလား၊ မျိုးနွယ်မတူ အဆင့်အတန်းကလည်း မတူတာကြောင့် နီးစပ်ဖို့အကြောင်းမှ ရှိနိုင်ပါတော့မလား၊

ငါ ဘယ်လိုကြံရပါ့မလဲ"

ဟု အမျိုးမျိုး တွေးတောနေမိလေသည်။

တစ်ညမှာတော့ နှင်းများ ပါးနေပြီး လရောင်က ဝင်းပစွာ သာလျက်ရှိနေသည်။

မြူနှင်းများကြားမှ ထိုးဖောက်ဆင်းလာသော လရောင်ကြောင့် ဟော်နန်းပတ်ဝန်းကျင်တစ်ဝိုက်မှာ သာယာလျက်ရှိနေပြီး အလင်းရောင်လည်း အတန်အသင့် ရနေလေတော့သည်။

နီမောင်သည် လသာဆောင်မှ ကောင်းကင်သို့ မျှော်ကြည့်ရင်း ရင်ထဲမှ အဆွေးဓာတ်မှာလည်း တရိပ်ရိပ် တိုးလာလျက်ရှိလေသည်။

သို့ကြောင့် စိတ်ပြေလက်ပျောက်ဆိုသလို အောက်ဘက်မှာရှိသော ပန်းခြံအတွင်းသို့ တစ်ယောက်တည်း ဆင်းလာခဲ့သည်။ ပန်းခြံအတွင်းမှာ စိုက်ပျိုးထားသော မြတ်လေး၊ ယုဇန၊ ဆိပ်ဖလူးပန်းရနံ့များက သင်းထုံပျံ့မွှေးလျက်ရှိနေတော့သည်။

ထိုပန်းခြံအတွင်းရောက်ပြီး သာယာလှသော မြင်ကွင်းများ မြင်ရပြီး သင်းပျံ့သောရနံ့များ ရသောအခါ ချစ်သူကို ပိုမိုလွမ်းဆွတ်မှု ဖြစ်မိလေသည်။

ထိုအချိန်မှာ လေနှင့်အတူပါလာသော ရနံ့တစ်မျိုးက နှာခေါင်း





ထဲသို့ တိုးဝင်လာသည်။

ပန်းခြံထဲမှာ ပွင့်နေသော ပန်းရနံ့မဟုတ်ပေ။ ရေမွှေးရနံ့ကဲ့သို့ ဆွဲဆောင်မှု ရှိသော သင်းရနံ့မျိုးဖြစ်သည်။

ခဏကြာတော့ မြတ်လေးရုံအနောက်ဘက်မှ သီချင်းသံလိုလို လူတစ်ယောက် ညည်းညူသံလိုလို ကြားလိုက်ရသဖြင့် နားစွင့်ကြည့်လိုက်သည်။

သူရှိနေသောနေရာနှင့် မြတ်လေးရုံ ရှိသောနေရာမှာ မဝေးလှသောကြောင့် အသံကို ကောင်းစွာကြားနေရသည်။

တိတ်ဆိတ်ငြိမ်သက်နေသည့်အချိန်ဖြစ်သောကြောင့် အမျိုးသမီးတစ်ယောက်အသံဖြစ်မှန်း သိလိုက်သည်။ သူသည် သတိဖြင့် ထိုနေရာသို့ တဖြည်းဖြည်း လျှောက်သွားလေသည်။

မနီးမဝေး ရောက်သောအခါ မြတ်လေးရုံနောက်ဘက်မှ သဏ္ဌာန်တစ်ခုက အခြားပန်းရုံနောက်ဘက်သို့ ဖျတ်ကနဲ ကူးသွားသည်ကို မြင်လိုက်ရသည်။

"ဟင်. . ."

ပထမတော့ မိမိအား ရန်မူမည့် ရန်သူတစ်ယောက်များ ဖြစ်လေမလားဟု ထင်လိုက်သည်။

သို့သော်လည်း လေထဲမှာ ဖျတ်ကနဲ လွင့်သွားသော ပဝါစကြောင့် မိန်းကလေးတစ်ယောက်များ ဖြစ်လေမလားဟု တွေးကာ ထိုနေရာသို့ တဖြည်းဖြည်း တိုးသွားလေသည်။ သူ အနီးရောက်တော့ ပန်းရုံအနောက်ဘက်မှ သဏ္ဌာန်က အခြားတစ်နေရာသို့ ဖျတ်ကနဲ ကူးသွားသည်။

ဒီတစ်ကြိမ်မှာတော့ ဇဝေဇဝါ မြင်လိုက်ရသည်မျိုး မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



မနီးမဝေးမှ သေသေချာချာ မြင်လိုက်ရခြင်းဖြစ်လေသည်။

ပါးလွှာသောဝတ်ရုံကို ခြုံထားသည့် အမျိုးသမီးတစ်ယောက် ဖြစ်မှန်း သိရသောအခါ ဇဝေဇဝါ ဖြစ်သွားလေသည်။

"ဘယ်သူများပါလိမ့်"

ဟု တွေးကာ ထိုနေရာသို့ လိုက်သွားပြန်သည်။ မြတ်လေးရုံ အနောက်ဘက် ရောက်သောအခါ လရောင်ထိုးကျနေသည့် မြေကွက်လပ်ပေါ်မှာ သူ့ဘက်သို့ ကျောပေးလျက် ရပ်နေသည့် ထိုအမျိုးသမီးကို တွေ့ရတော့သည်။

"မင်းဘယ်သူလဲ"

ထိုသို့လှမ်းမေးလိုက်သောအခါမှ သူ့ဘက်သို့ တဖြည်းဖြည်း လှည့်လာတော့သည်။

"ဟင်. . ."

အမျိုးသမီး ရှိနေသောနေရာမှာ မဝေးလှသောကြောင့် မျက်နှာကို ကောင်းစွာမြင်ရသည်။

"သူ. . သူဇာ"

နာဂသူဇာ၏မျက်နှာပင် ဖြစ်သည်။

သူနှင့် မနီးမဝေးမှာ ရပ်နေသော အမျိုးသမီးမှာ သူ၏ချစ်သူ နာဂသူဇာပင် ဖြစ်သော်လည်း ဝတ်စားဆင်ယင်မှုကတော့ မျက်စေ့ကို မယုံနိုင်လောက်အောင် ဖြစ်သွားမိလေသည်။

သူမသည် တစ်ကိုယ်လုံး မည်သည့်အဝတ်အစားမှ မဝတ်ဘဲ ပါးလွှာသောဝတ်ရုံတစ်ထည်ကိုသာ တစ်ကိုယ်လုံး ပတ်ထားလေသည်။

ညအချိန်မို့သာ ဝိုးတဝါး မြင်နေရသော်လည်း အကယ်၍သာ အလင်းရောင်များသော နေ့အချိန်ဖြစ်ပါက သူမ၏မိမွေးတိုင်း ဖမွေး





တိုင်း ခန္ဓာကိုယ်ကို မြင်တွေ့ရမည်ဖြစ်ပေသည်။

"သူဇာ ဘယ်လိုရောက်လာတာလဲဟင်"

"မောင်မောင်က ကျွန်မအပေါ် စိမ်းကားသွားလေတော့ မနေနိုင်တဲ့သူက ဒီကိုပဲ လိုက်လာခဲ့ရတာပေါ့ မောင်ရယ်"

"ဒါ. . ဒါထက်. . . မောင်မောင်ရှိတဲ့နေရာကို ဘယ်လိုသိသွားတာလဲဟင်"

"မောင်ရေးပေးလိုက်တဲ့စာကို ကျွန်မဖတ်ရတယ်လေ၊ စာအိတ်ပေါ်မှာ လိပ်စာမပါပေမယ့် ခန္တီးလောင်းနယ်၊ ကျိုင်းမြို့ ဆိုတဲ့ စာတိုက်တံဆိပ်တုံး ပါလာတော့ ဒီလိုပဲ သတင်းမေးပြီး လိုက်လာရတာပေါ့၊ ကျိုင်းမြို့တစ်မြို့လုံးမှာ ခရစ်ယာန်သာသနာပြုကျောင်း တက်နိုင်တဲ့လူဆိုလို့ မောင်မောင်တစ်ယောက်တည်း ရှိတာပဲ၊ ဒီမြို့ရောက်တဲ့အခါ ပုံပန်းသဏ္ဌာန် ပြောပြီး မေးလိုက်တဲ့အခါ လူတိုင်းက မောင်မောင်ရှိတဲ့နေရာကို ပြောပြပေးနိုင်ကြတယ်လေ. . .

ကျွန်မလည်း ဒီရောက်တော့မှ ခန္တီးလောင်း စော်ဘွားတစ်ဦးဆိုတာ သိရတော့တယ်"

ဟု ပြောပြတော့မှ နာဂသူဇာ၏ဉာဏ်ရည်ထက်မြက်ပုံ အံ့ဩရလေတော့သည်။

နာဂသူဇာ ရောက်လာသောကြောင့် တစ်ဖက်မှ ဝမ်းသာမိသလို တစ်ဖက်မှလည်း စိုးရိမ်စိတ်များ ဝင်လာမိလေသည်။

အကယ်၍များ နာဂသူဇာကို တစ်ဦးတစ်ယောက်က မြင်တွေ့သွားပါက သူမအတွက် ဘေးအန္တရာယ် မကင်းလှပေ။

"ဒါထက် သူဇာက ဘယ်လိုအဝတ်အစားမျိုးတွေ ဝတ်လာတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ နာဂသူဇာက သူမကိုယ်ပေါ်မှာ ပတ်ထားသော ဝတ်ရုံပုဝါစကို ဆွဲဖယ်ပစ်လိုက်လေသည်။ လရောင်အောက်မှာ ပြစ်မျိုးမဲ့ထင်သော ပင်ကိုယ်အလှများက သဘာဝအတိုင်း ပေါ်လာလေတော့သည်။

"မိန်းကလေးတစ်ယောက်ရဲ့လျှို့ဝှက်အလှဆိုတာ ချစ်သူအတွက်ပဲ မဟုတ်လား၊

ကျွန်မရဲ့အလှတွေဟာလည်း ကျွန်မရဲ့ချစ်သူမောင်အတွက်ပဲဖြစ်စေရမှာပေါ့၊

မောင့်အတွက် ရည်စူးထားတဲ့အလှတွေကို မောင်ရှေ့မှာ ပြခွင့်ရတဲ့အတွက် ကျေနပ်ပါတယ်"

ဟု ပြောကာ ပုဝါစနှစ်ဖက်ကို လက်ဖြင့် ကိုင်ပြီး လှည့်ပတ်ပြလေရာ ပုဝါစများက လေထဲမှာ ဝဲနေသောကြောင့် အဖြူရောင်လိပ်ပြာတစ်ကောင် လရောင်အောက်မှာ ပျံသန်းနေသကဲ့သို့ သဏ္ဍာန်တူနေတော့သည်။

နီမောင်မှာ စောစောက ရလိုက်သောရနံ့ကြောင့် စိတ်အစဉ်မှာ လန်းဆန်းတက်ကြွမှုဖြစ်နေရာမှ လရောင်အောက်မှ ချစ်သူ၏အလှကို တွေ့မြင်ရသောအခါ စိတ်မထိန်းနိုင်အောင် ဖြစ်လာပြီးနောက် အနီးသို့ တိုးသွားလေတော့သည်။

ထိုသို့တိုးသွားသောအခါ စောစောက ရသောရနံ့ကို နောက်တစ်ကြိမ် ရလာပြီး စိတ်အစဉ်မှာ ထိန်းချုပ်မရနိုင်လောက်အောင် ဖြစ်နေတော့သည်။

ထို့ကြောင့် လရောင်အောက်မှာ လိပ်ပြာတစ်ကောင်လို ကွေ့ပတ် ပျံသန်းနေသော နာဂသူဇာကို ထွေးပွေ့နိုင်အောင် လိုက်လံဖမ်း





လေတော့သည်။

သို့သော်လည်း သူထင်ထားသလို နာဂသူဇာက အလွယ်တကူနှင့်တော့ သူ့ရင်ခွင်ထဲသို့ ရောက်မလာပေ။

ရယ်ကာမောကာနှင့် ကွေ့ရှောင်ပျံသန်းနေသကဲ့သို့ ရှိရာအတော်နှင့် ဖမ်းမမိနိုင်ဘဲ ရှိနေတော့သည်။

"ရှောင်မပြေးပါနဲ့တော့ သူဇာရယ်၊ မောင်မောင် မောလှပါပြီ"

"ဒီနေရာမှာ ဖမ်းမိသွားရင် လူတွေ မြင်သွားမှာပေါ့ မောင်ရယ်၊ ကျွန်မကို ချစ်မယ်ဆိုရင် မိအောင်ဖမ်းဖို့သာ လိုက်ခဲ့ပေတော့"

ဟု ပြောကာ ဟော်နန်းဆောင်ပေါ်သို့ တက်ပြေးသွားလေရာ နီမောင်မှာလည်း ဘာမှသတိမရနိုင်သကဲ့သို့ ဖြစ်ကာ နောက်မှ ကမူးရှူးထိုး အမူအယာမျိုးဖြင့် တက်လိုက်သွားလေတော့သည်။

ရှေ့မှ သွားနေသော နာဂသူဇာမှာ မနီးမဝေးနေရာမှ ကိုယ်ယောင်ပြ၍ သွားနေရင်း အခန်းတစ်ခုအတွင်းသို့ ဖျတ်ကနဲ ဝင်သွားလေသည်။

ထိုအဆောင်တွင်းမှာ ရှိနေကြသူများမှာလည်း အားလုံး အိပ်ပျော်လျက်ရှိနေကြသည်။

နီမောင်မှာ သွေးရူးသွေးတန်းအမူအယာနှင့် နောက်မှ လိုက်ဝင်သွားရာ သူဝင်သွားသောအခန်းမှာ မည်သူ့အခန်း ဖြစ်သည်ကိုပင် သတိမမူမိတော့ပေ။

ထိုအခန်းအတွင်းမှာ ရှိသော ခန်းစည်များ ကာထားသည့် အိပ်ခန်းတစ်ခုအတွင်းသို့ လှစ်ကနဲ ဝင်သွားသည်ကို လှမ်းမြင်လိုက်ရသဖြင့် နီမောင်လည်း ဝင်လိုက်သွားလေသည်။

ယခုအချိန်မှာ သူ့စိတ်ထဲမှာ နာဂသူဇာကို တွေ့ချင်နေသည်



www.burmeseclassic.com

www.burmeseclassic.com



စိတ်တစ်ခုသာ ရှိနေပြီး အခြားဘာမှ သတိမရတော့ပေ။

ယုတ်စွအဆုံး သူကိုယ်တိုင်ပင် စော်ဘွားတစ်ဦးဖြစ်နေသည်ကိုပင် သတိမရတော့ပေ။

ခန္တီးမှာ ကျောင်းတက်နေစဉ်က နာဂသူဇာနှင့် နှစ်ဦးချင်း လွတ်လပ်စွာ တွေ့ခွင့်ရဖူးသည်။

နာဂသူဇာကလည်း သူ့ကို ကြည်ဖြူစွာ ချစ်ခွင့်ပေးထားသော်လည်း ထိုကဲ့သို့စိတ်မျိုး မဖြစ်ပေါ်ခဲ့ဖူးပေ။

ယခုအခါမှ မချစ်ရလျှင် မနေနိုင်လောက်အောင် ဖြစ်ပြီး ဘာတစ်ခုမှ သတိမရတော့ခြင်းဖြစ်လေသည်။ အခန်းတွင်း ရောက်သွားသောအခါ ကုတင်ပေါ်မှာ တစောင်းအနေအထားမျိုးဖြင့် တစ်ဖက်သို့ လှည့်အိပ်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့မြင်ရသည်။ သူ့စိတ်ထဲမှာ နာဂသူဇာဟုပင် ထင်နေသည်။

သို့ကြောင့် ကုတင်စွန်းမှာ ဝင်ထိုင်ပြီး ကိုယ်ကို သိုင်းဖက်လိုက်သည်။

"အို. . ."

အိပ်နေသောအမျိုးသမီးက အလန့်တကြားဖြစ်သွားသော အမူအယာဖြင့် ထလာသည်။

နီမောင်ကို မြင်သောအခါ များစွာအံ့ဩသွားလေတော့သည်။

"ဟင်. . . မောင်မောင်ပါလား၊ ဘယ်လိုဖြစ်တာလဲ"

"နာဂသူဇာ. . . နာဂသူဇာ ဘယ်မှာလဲ၊ ဘယ်ရောက်သွားပြီလဲ"

"ဘယ်က နာဂသူဇာလဲ မောင်မောင်၊ မောင်မောင် အခုရောက်နေတာ အစောရဲ့အိပ်ခန်းထဲမှာလေ"





ထိုသို့ပြောလိုက်သည်အထိ နီမောင် အရှိန်မပြေသေးဘဲ အခန်းထဲအနှံ့ လိုက်လံရှာဖွေနေသည်။ ထိုသို့လိုက်ရှာရင်း စောမြတ်နွယ် ခေါင်းရင်းမှာ ရွှေကလပ်ဖြင့် တင်ထားသော ဗုဒ္ဓရုပ်ပွားတော် ရှိရာရှေ့သို့ ရောက်သော် တွန့်ကနဲဖြစ်သွားသည်။

ထိုနေရာမှာ အတန်ကြာအောင် ရပ်နေသောအခါ မူလစိတ်များ ပြန်ဝင်လာလေတော့သည်။

အခန်းတစ်ခုလုံး ကျီးကန်းတောင်းမှောက် လိုက်ကြည့်နေပြီး ရှက်ရွံ့ထိတ်လန့်သော အမူအယာနှင့် တုန်လှုပ်စွာ ရပ်နေသော စောမြတ်နွယ်ကို မြင်သောအခါ များစွာအံ့ဩသွားလေသည်။

"ဟင်. . . အစောပါလား၊ အခု မောင်မောင် ဘယ်အခန်းထဲရောက်နေတာလဲ"

"အစောအခန်းထဲကို ရောက်နေတာလေ၊ မောင်မောင် သတိပြန်ရလာပြီလား"

"အင်း. . . ရလာပြီ၊ ဒါထက် ဒီအခန်းထဲကို ဘယ်လိုအကြောင်းတိစ္ဆနဲ့ ရောက်နေရတာလဲ"

"မောင်မောင် သတိမရသေးဘူးလား၊ မိန်းကလေးတစ်ယောက်ကို လိုက်ရှာရင်းနဲ့ အစောအိပ်ခန်းထဲ ရောက်လာတာလေ"

ထိုစကားကြားသောအခါ နီမောင်မှာ များစွာတုန်လှုပ်သွားလေတော့သည်။

သူ နောက်ဆုံးစဉ်းစား၍ရသောအချက်မှာ လူရိပ်တွေ့သောကြောင့် ပန်းခြံထဲ ဆင်းသွားသည်အထိသာ ဖြစ်လေသည်။

နောက်ပိုင်းအဖြစ်အပျက်များကို ဘာမှသတိမရတော့ပေ၊

"မောင်မောင် တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တောင်းပန်စရာ မလိုပါဘူး မောင်မောင်ရယ်၊ ဒါထက် ဘယ်လိုဖြစ်လာခဲ့တယ်ဆိုတာ သတိရသလောက် ပြန်ပြောပြပါဦး"

"ညဦးပိုင်းအချိန်တုန်းက တစ်ယောက်တည်း လသာဆောင်မှာ ရပ်နေတုန်း ပန်းခြံထဲမှာ အမျိုးသမီးတစ်ယောက် ရပ်နေတာ တွေ့ရတယ်၊ အောက်ကို ဆင်းကြည့်တော့ တခြားသူ မဟုတ်ဘူး၊ ခန္တီးမှာတုန်းက ချစ်သူဖြစ်ခဲ့တဲ့ နာဂသူဇာဖြစ်နေတယ်"

"ဒါနဲ့. . ."

"သူက ရှေ့က ခေါ်သွားတာနဲ့ နောက်က လိုက်လာရင်းနဲ့ ဒီအဆောင်ထဲ ရောက်လာတာပါ၊ ဒီအတွက် အစောကို တောင်းပန်ပါတယ်"

ဟု တောင်းပန်ပြီးနောက် အဆောင်တွင်းမှ ပြန်ထွက်သွားလေသည်။

ထိုအခါမှ စောမြတ်နွယ်မှာ ဇဝေဇဝါဖြစ်ကာ ကျန်ခဲ့လေသည်။

တကယ်တော့ ခန္တီးလောင်း အရှင်သခင် ကျမိုင်းစော်ဘွားခွန်စိုင်းအမည်ခံ နီမောင်မှာ ယခုလက်ရှိအခြေအနေတွင် ဟော်နန်း၏ အရှင်သခင်တစ်ဦးဖြစ်သောကြောင့် အရာအားလုံး သူ့သဘောသာ ဖြစ်ပေသည်။ အကယ်၍ သူသာ စောမြတ်နွယ်ကို အလိုရှိပါက ရက်ပိုင်းအတွင်းမှာပင် အလွယ်တကူ သိမ်းပိုက်ယူနိုင်ပါလျက်နှင့် ယခုကဲ့သို့ အချိန်မတော် အဆောင်တော်အတွင်း ဝင်လာသည်မှာ စဉ်းစားစရာပင်ဖြစ်နေလေသည်။

နီမောင် ပြန်ထွက်သွားပြီး မကြာမီမှာ အဆောင်ထဲမှာ ရှိသော အပျိုတော်များနှင့် အစောင့်များကို ခေါ်ယူမေးမြန်းကြည့်သောအခါ





အဖြေတစ်ခု ထွက်လာလေသည်။

အခြားမဟုတ်ပေ. . .။

နီမောင် အဆောင်ထဲသို့ ဝင်ရောက်လာသည်ကို သူတို့အားလုံး မသိလိုက် မမြင်လိုက်ကြပေ။


ထိုအချိန်မတိုင်မီကလေးမှာပင် အဆောင်အတွင်း၌ သင်းပျံ့သောရနံ့တစ်ခု ဝင်ရောက်လာပြီးနောက် အားလုံးအိပ်ပျော်သွားကြခြင်းဖြစ်ပေသည်။

ထိုအခြေအနေမှာ သာမန်အခြေအနေ မဟုတ်မှန်းတော့ စောမြတ်နွယ် ရိပ်မိလိုက်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

## ဂဝံမျက်နှာဖုံးနှင့် မာယာညွှတ်ကွင်း

နောက်တစ်နေ့ ညဥ့်နက်ပိုင်းမှာလည်း စောမြတ်နွယ် အခန်းတွင်းသို့ နီမောင်ရောက်လာပြန်လေသည်။ မနေ့ညက အဖြစ်အပျက်ကြောင့် ကောင်းစွာမအိပ်ဝံ့ဘဲ ဘုရားဂုဏ်တော်များကို အာရုံပြု ရွတ်ဆိုနေစဉ် ညဦးပိုင်းအချိန်လွန်သည်နှင့် အဆောင်တစ်ခုလုံး ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်သွားသည်ကို သတိပြုမိလိုက်လေသည်။

သို့ကြောင့် ခန်းမဆောင်အတွင်းမှ ထွက်၍ အခြေအနေကြည့်သောအခါ အပြင်ဘက်မှာ ရှိသော အစောင့်ရဲမက်များနှင့် အပျိုတော်



www.burmeseclassic.com

www.burmeseclassic.com



တို့မှာ ထိုင်လျှက်တစ်မျိုး၊ လဲလျှက်တစ်သွယ်ဖြင့် အိပ်ပျော်နေကြသည်ကို အံ့သြဖွယ်ရာ မြင်တွေ့ရလေသည်။

ထိုအချိန်မှာ သင်းပျံ့သောရနံ့တစ်မျိုး အဆောင်ထဲသို့ ဝင်လာသောကြောင့် အခန်းတွင်းသို့ ပြန်ဝင်နေလိုက်သည်။ သူမစိတ်ထဲမှာ ကြောက်ရွံ့စိတ်များ ဝင်လာသောကြောင့် ရွတ်ဆိုနေသော ပရိတ်တော်များပင် အထစ်ထစ်အငေါ့ငေါ့နှင့် အမှားအယွင်း ဖြစ်လာသည်။

တစ်စုံတစ်ယောက်သည် သူ့အဆောင်ခန်းမအတွင်းသို့ ဝင်လာနေသည်ကိုတော့ စိတ်ထဲမှ ကြိုတင်သိနေသည်။ ခဏကြာတော့ သူမအခန်းထဲသို့ ပိုးတဝါးပုံရိပ်တစ်ခု ဝင်လာသည်။

ပါးလွှာသောအဝတ်များသာ ဝတ်ဆင်ထားသော မိန်းမပျိုတစ်ယောက်၏ပုံရိပ်ဖြစ်သည်။

ထိုပုံရိပ်က အခန်းထဲ ရောက်သည်နှင့် ဖျတ်ကနဲ ကွယ်ပျောက်သွားလေတော့သည်။

စောမြတ်နွယ်သည် ထိုအရိပ်ကို မြင်သောအခါ များစွာထိတ်လန့်သွားလေသည်။

ထိုအချိန်မှာပင် အခန်းထဲသို့ နီမောင်ဝင်လာလေတော့သည်။

"သူဇာ. . . သူဇာ. . . ဘယ်မှာလဲ"

ထိုသို့ ဗလုံးဗထွေး ပြောရင်း စောမြတ်နွယ် ရှိရာသို့ တိုးကပ်လာလေတော့သည်။

"မောင်မောင်. . . မောင်မောင် သတိထားဦးလေ၊ မှားနေပြီ၊ အခု ရှေ့မှာ ရှိနေတာ မောင်မောင့်ချစ်သူ နာဂသူဇာ မဟုတ်ဘူး၊ နှမတော် စောမြတ်နွယ်လေ. . . ကြည့်ပါဦး"

ဟု ပြောလိုက်တော့မှ တန့်ကနဲဖြစ်သွားသည်။





ထို့နောက် အခန်းတွင်းသို့ လှည့်ပတ်ရှာရင်းမှ ရုပ်ပွားတော်ရှေ့ရောက်သောအခါ သတိပြန်ရလာပြန်လေသည်။

ထိုအခါ ရှက်ရွံ့အားနာသော အမူအယာဖြင့် တောင်းပန်ပြီး အခန်းတွင်းမှ ပြန်ထွက်သွားပြန်လေတော့သည်။ ထိုအခြေအနေကို မြင်တော့မှ စောမြတ်နွယ်မှာ နီမောင်ပြောခဲ့သည်ကို ယုံကြည်လာပြီး စိုးရိမ်မှုလည်း ဖြစ်လာမိလေသည်။

"ဒီအတိုင်းဆိုရင်တော့ ဒီအခြေအနေဟာ သွေးရိုးသားရိုးဖြစ်နေတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး၊ မောင်မောင်ကို ရဖို့ နာဂသူဇာဆိုတဲ့ မိန်းကလေးကများ အတတ်ပညာတွေနဲ့ စီရင်နေရော့သလား၊

ဒီလိုလုပ်တယ်ဆိုရင်လည်း မောင်မောင်က ငါ့အခန်းထဲကို ဘာဖြစ်လို့ ရောက်လာရတာလဲ"

ဟု တွေးရင်းမှ တစ်စုံတစ်ခုကို သတိရသွားလေသည်။ အခြားမဟုတ်ပေ. . .။

ထိုကိစ္စများမဖြစ်မီ ရက်ပိုင်းအလိုတွင် မဟာဒေဝီမိဖုရားကြီး ရောက်လာပြီး သူမထံမှ လက်မောင်းသွေးအနည်းငယ် လာရောက်ယူသွားသည်ကို သတိရလိုက်သည်။

အန္တရာယ် အနှောင့်အယှက်များ ကင်းစေရန်အတွက်ဟု ပြောဆိုသွားလေသည်။

နောက်တစ်နေ့ညမှာတော့ အစောင့်များကို အဆောင်တံခါးများ အသေအချာ ပိတ်ရန် မှာကြားသဖြင့် အစောင့်များက တံခါးများကို မင်းတုံးများ ချကာ ပိတ်ထားကြလေသည်။ သို့စေကာမူ ညဉ့်နက်ပိုင်း ရောက်လာသည်နှင့် အစောင့်နှင့်အပျိုတော်များမှာ အိပ်ပျော်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြပြီးနောက် တံခါးချပ်များမှာလည်း တစ်စုံတစ်ယောက်က လိုက်ဖွင့်သကဲ့သို့ ပွင့်သွားလေသည်။

အချိန်တန်သည်နှင့် အခန်းထဲသို့ မိန်းမပျိုတစ်ယောက် ဝင်လာပြီး ဖျတ်ကနဲ ပျောက်ကွယ်သွားလေသည်။

ထိုအခါ စောမြတ်နွယ်က ခေါင်းရင်းမှာ တင်ထားသည့် ရုပ်ပွားတော်အနီးမှာ ရပ်နေလိုက်သည်။

နီမောင်ဝင်လာသောအခါ သူမအနီးသို့ မရောက်မီမှာပင် သတိပြန်ရသွားလေတော့သည်။

"အစောကိုလည်း အားနာလှပြီ၊ မောင်မောင် ဘယ်လိုဖြစ်နေတယ်ဆိုတာလည်း ကိုယ့်ကိုယ်ကို နားမလည်နိုင်အောင် ဖြစ်နေပြီ"

"မောင်မောင်မှာ ပယောဂတစ်ခုခု နှောင့်ယှက်တာ ခံနေရတာ သေချာသလောက်ပဲ၊ သင့်တော်တဲ့ ဆေးဆရာတစ်ဦးဦးနဲ့ ပြကြည့်ရင် ပိုကောင်းမယ်လို့ ထင်တယ်"

ဟု စောမြတ်နွယ်က အကြံပေးလေသည်။

နီမောင်မှာလည်း လွန်စွာစိတ်ရှုပ်ထွေးနေသော အမူအယာဖြင့် အခန်းတွင်းမှ ပြန်ထွက်သွားလေသည်။

စောမြတ်နွယ်မှာ နီမောင်အဖြစ်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေမိသော်လည်း သူမအနေနှင့် မည်သို့မျှ မကူနိုင်အောင် ဖြစ်နေရှာသည်။

သို့ကြောင့် နောက်တစ်နေ့နံနက်ပိုင်းမှာပင် မဟာဒေဝီအခန်းသို့ သွားလေတော့သည်။

"သမီးတော် ဘယ်လိုအကြောင်းရှိလို့ အစောကြီး ရောက်လာရတာလဲ"





"မောင်မောင်နဲ့ ပတ်သက်ပြီး ထူးခြားမှုများ ရှိနေတာကြောင့် ယ်မယ်ကို လာပြီးပြောပြတာပါ"

"ဘယ်လိုများ ဖြစ်နေလို့လဲကွယ့် . . . ပြောပြပါဦး"

စောမြတ်နွယ်က သူမ ညစဉ်ကြုံတွေ့နေရသောအကြောင်းများကို အလုံးစုံ ပြောပြလိုက်လေတော့သည်။ ထိုစကားကြားသောအခါ မဟာဒေဝီမိဖုရားကြီးမှာ များစွာကျေနပ်သွားဟန်ရှိလေသည်။

မိမိတို့ အကြံအစည် အောင်မြင်တော့မည်မို့လည်း ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေသည်။

သို့သော်လည်း စိတ်ထဲမှာတော့ မတင်မကျဖြစ်နေသေးသည်။

"ဒါထက် သမီးတော်ကို မေးပါရစေဦး၊ စော်ဘွားလေးက ညစဉ်ညတိုင်း အဆောင်ထဲ ရောက်လာတယ်ဆိုတော့ သမီးတော်နဲ့ တွေ့တဲ့အခါ ချစ်စကားကြိုက်စကားများ ပြောသေးသလားကွယ့်"

"ဒီလိုတော့ မပြောပါဘူး မယ်မယ်၊ သမီးတော်အဆောင်ထဲ ရောက်လာတာနဲ့ သတိပြန်ဝင်လာပြီး ပြန်ထွက်သွားတာပါပဲ"

ဟု အမှန်အတိုင်း ပြောလေသည်။

တကယ်တော့ ထိုစကားကိုပင် သဘောမကျနိုင်အောင် ဖြစ်နေမိသည်။

ညဉ့်နက်သန်းခေါင်အချိန် အပျိုဆောင်ထဲအထိ ရောက်လာပြီးမှ လက်ဖျားနှင့်ပင် မထိဘဲ ပြန်ထွက်သွားသည်ဆိုခြင်းကပင် ၎င်းတို့ ကြံစည်ထားသော အကြံအစည် အထမမြောက်သေးကြောင်း သက်သေခံလျက်ရှိသည်။ မဟာဒေဝီမိဖုရားကြီး မျှော်လင့်ထားသည်က လူပျိုဘဝပင် ရှိနေသေးသော စော်ဘွားလေးမှာ ညအချိန်မတော် အပျိုဆောင်ထဲ ရောက်သွားသည့်အခါ မည်သည့်နည်းနှင့်မျှ စိတ်ထိန်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



မည် မဟုတ်ဘဲ အချစ်နယ်ကျွံမိလိမ့်မည်ဟု မျှော်လင့်ထားသည်။ ထိုသို့ ဖြစ်စေရန်လည်း စောမြတ်နွယ်နှင့် တွေ့သောအခါ သူ့ချစ်သူ နာဂ သူဇာအထင်နှင့် မြင်စေရန် ဖန်တီးထားလေသည်။

ယခုတော့ နာဂသူဇာနောက်သို့ တကောက်ကောက် လိုက်လာသော စော်ဘွားလေးမှာ စောမြတ်နွယ်နှင့် တွေ့တော့မှ သတိပြန်ရပြီး မူလစိတ် ပြန်ပြန်ရောက်သွားသည်ဆိုသောအချက်မှာ မကျေနပ်စရာဖြစ်နေတော့သည်။

"မောင်မောင်ကြည့်ရတာ ရိုးရိုးသားသားတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး၊ အပမှီနေတာလား၊ ဒါမှမဟုတ် ပယောဂ တစ်ခုခု စွဲကပ်နေတာလား၊ တစ်ခုခုတော့ ဖြစ်နေပါပြီ၊

ဆေးဆရာနဲ့ ပြမှ သင့်မယ်ထင်ပါတယ် မယ်မယ်"

"ဒီလောက်လည်း စိုးရိမ်သောကတွေ ရောက်မနေပါနဲ့ သမီးတော်ရယ်၊ စော်ဘွားလေးရဲ့ရောဂါက တခြားမဟုတ်ပါဘူး၊ ချစ်သူဟောင်းကို လွမ်းဆွတ်နေတဲ့ဝေဒနာပါ၊ ဒီတော့ ဒီရောဂါကို ပျောက်ကင်းသွားအောင် မယ်မယ်က ကြံစည်နေတာပါ"

"ဘယ်လိုကြံစည်နေတာလဲဟင်"

"သူ့ချစ်သူကို မေ့ပျောက်သွားပြီး သမီးတော်အပေါ်မှာ ချစ်ခင်စွဲလန်းမှု ဖြစ်ပြီးတော့ ဟော်နန်းသိမ်းမင်္ဂလာပွဲ အမြန်ဆင်နွှဲစေဖို့အရေးပေါ့ကွယ်"

"မောင်မောင်က သမီးတော်ရဲ့အပေါ်မှာ နှမလေး တစ်ယောက်လိုပဲ ချစ်ခင်နေတော့ မယ်မယ်တို့ စီစဉ်တာကို လက်ခံမယ် မထင်ဘူး၊ နောက်ပြီး သမီးတော်ကလည်း လက်ထပ်ထိမ်းမြားခြင်း မပြုချင်သေးပါဘူး၊ အခုလို လွတ်လပ်တဲ့ဘဝမျိုးနဲ့ တရားအလုပ် လုပ်





ချင်ပါသေးတယ်"

"အို. . . ဒီအရွယ်က ဒီအလုပ်တွေ လုပ်ရမယ့်အချိန် မဟုတ်သေးဘူး၊ သမီးတော်အနေနဲ့ ခန္တီးလောင်း မဟေသီဘဝကို ရောက်ဖို့ လက်တစ်ကမ်းအလို ရောက်နေပြီးမှ ကိုယ့်ဘက်က ချို့ယွင်းမှုကြောင့် လက်လွှတ်ပေးလိုက်ရရင် တစ်သက်လုံး နောင်တရလို့ ဆုံးမှာ မဟုတ်တော့ဘူး၊ လောကမှာ အခွင့်အရေးဆိုတာ နှစ်ခါမရဘူး၊ တစ်ခါပဲ ရတယ်၊ ရခွင့်ရထိုက် ကြုံနေပါရက်နဲ့ ရအောင် မယူနိုင်ခဲ့ရင် ဒီတစ်သက်မှာ မဟာဒေဝီ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်တော့ဘူး"

ဟု လေသံမာမာဖြင့် ပြောလေရာ စောမြတ်နွယ်လည်း တစ်စုံတစ်ရာ ပြန်မပြောသာတော့ပေ။

"မယ်မယ်အနေကတော့ စော်ဘွားလေး လမ်းမှားရောက်နေတာကို ဘယ်နည်းနဲ့မှ ကြည့်နေမှာ မဟုတ်ဘူး၊ မရရတဲ့နည်းနဲ့ ပြုပြင်ပေးရမှာပဲ၊ ကဲ. . . သမီးတော်လည်း ဒီလောက်စိတ်ပူမနေပါနဲ့၊ မကြာခင် ကောင်းသွားမှာပါ၊

သမီးတော် ရောက်လာတာနဲ့ အတော်ပါပဲ၊ သမီးတော်ရဲ့ လက်မောင်းသွေးလေး နည်းနည်းတော့ ပေးခဲ့ရမယ်"

"အရင်တစ်ကြိမ်လည်း သမီးတော်ဆီက လက်မောင်းသွေးကို ယူခဲ့ပြီးပြီ၊ အခုလည်း ယူဦးမယ်ဆိုတော့ ဘာများ အသုံးပြုဖို့ပါလဲ မယ်မယ်"

"စော်ဘွားလေးမှာ အရင်မိန်းကလေးရဲ့အနှောင့်အယှက်တွေ အများကြီး ကပ်ပါလာတယ်၊ မိန်းကလေးက ယုတ်ညံ့တဲ့မျိုးနွယ်ထဲက ဆိုတော့ သူ့ဆီက ပယောဂတွေ ကပ်ပါလာတာ မဆန်းပါဘူး၊ ဒီပယောဂတွေ ကင်းစင်သွားအောင် မဟာဆီမဟာသွေး ပါတဲ့ အမျိုး

www.burmeseclassic.com



သမီးတစ်ယောက်ရဲ့သွေးနဲ့ ဆေးစီရင်မှ ရောဂါပျောက်ကင်းမှာကွယ့်၊ ဒါကြောင့် သမီးတော်ရဲ့လက်မောင်းသွေးကို ယူရတာပါ"

ဟု ပြောသဖြင့် စောမြတ်နွယ်လည်း မောင်မောင်၏ရောဂါဝေဒနာ ပျောက်ကင်းချမ်းသာရေးအတွက် ဆိုသောကြောင့် သူမ၏ လက်မောင်းသွေးကို ကြည်ဖြူစွာ ပေးထားခဲ့လေသည်။

ညဦးပိုင်းအချိန် ရောက်သောအခါ စောမြတ်နွယ်အခန်းသို့ မဟာဒေဝီမိဖုရားကြီး ရောက်လာပြီး ဤသို့ပြောလေသည်။

"စော်ဘွားလေးအတွက်တော့ ဆေးစီရင်ပြီးပြီ သမီးတော်၊ ဒီကနေ့ည စော်ဘွားလေး အဆောင်တော်ထဲ ရောက်လာတဲ့အခါ မောင်မောင် တွေ့ချင်တဲ့သူကို တွေ့ချင်ရင် ဒီဆေးကို သောက်ပါလို့ ပြောပြီး ဒီဆေးရည်ကို တိုက်ပေတော့"

ဟု ပြောကာ ရွှေရေတကောင်းနှင့် ထည့်ယူလာသော ဆေးရည်ကို ပေးသည်။

ထို့နောက် ကတ္တီပါအိတ်အနီအတွင်းမှာ တစ်စုံတစ်ခု ထည့်ထားပြီး ထိပ်ဝကို ပိတ်ထားသော အိတ်တစ်လုံးကိုလည်း ပေးလေသည်။

"စော်ဘွားလေးမှာ အနှောင့်အယှက် ပယောဂတွေ စွဲကပ်နေတယ်၊ တကယ်လို့ စော်ဘွားလေးကို ကြံစည်တာ မအောင်မြင်ရင် အဲဒီအန္တရာယ်တွေက သမီးတော်ဘက်ကို လှည့်ပြီး အန္တရာယ်ပေးလာကြလိမ့်မယ်"

ထိုစကားကြောင့် စောမြတ်နွယ်မှာ အနည်းငယ် ထိတ်လန့်သွားလေသည်။

"သိပ်လည်း ကြောက်မနေပါနဲ့ သမီးတော်ရယ်၊ ဒီအတွက်





သည်း မယ်မယ် ဆရာကြီးနဲ့ တိုင်ပင်ပြီး အကာအကွယ်ပေးနိုင်တဲ့ ဆေးပစ္စည်း ယူလာပါတယ်၊

ဒီကတ္တီပါအိတ်ကလေးကိုသာ သမီးတော် အိပ်တဲ့ခေါင်းအုံးအောက်မှာ ထားပြီး အိပ်ပေတော့၊

အန္တရာယ်အားလုံး ကင်းစင်သွားလိမ့်မယ်"

ဟု ပြောဆိုကာ ကတ္တီပါအိတ်နှင့် ဆေးရည်ထည့်ထားသော ရွှေရေတကောင်းကို ပေးထားခဲ့ပြီး ပြန်ထွက်သွားလေတော့သည်။

စောမြတ်နွယ်မှာလည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ရွှေရေတကောင်းကို စားပွဲပေါ်သို့ တင်ထားလိုက်သည်။

မဟာဒေဝီ ပေးသွားသောအထုပ်ကို ယူပြီး ခေါင်းအုံးအောက်သို့ ထားရန် ပြင်လိုက်သည်နှင့် တစ်ကိုယ်လုံး ကျင်စက်နှင့် ထိလိုက်သကဲ့သို့ ကြက်သီးမွေးညင်းများ ထလာကာ လက်ထဲမှာ ကိုင်ထားသော ကတ္တီပါအိတ်ကလေးမှာ ကြမ်းပေါ်သို့ လွတ်ကျသွားလေသည်။

စောမြတ်နွယ်မှာ ဗုဒ္ဓဂုဏ်တော်၊ ပရိတ်တော်များကို အမြဲကစေ ရွတ်ဖတ်သရဇ္ဈာယ်နေသူမို့ ထိုကဲ့သို့သော အဖြစ်မျိုး တစ်ခါမှ မဖြစ်ခဲ့ဖူးပေ။

သို့သော်လည်း သတိမထားမိဘဲ ကြမ်းပြင်ပေါ်မှ ကျနေသော အထုပ်ကလေးကို နောက်တစ်ကြိမ် ကောက်ယူလိုက်ပြန်သည်။ ဒီတစ်ကြိမ်မှာလည်း ကျင်စက်နှင့် တို့လိုက်သကဲ့သို့ ကြက်သီးမွေးညင်းများ ထလာပြီး အထုပ်က လွတ်ကျသွားပြန်သည်။

ဒီတစ်ကြိမ်မှာတော့ စိတ်ထဲမှာ မသင်္ကာ ဖြစ်လာသောကြောင့် ကတ္တီပါအိတ်ကို ဖောက်ပြီး အတွင်းမှာ ထည့်ထားသော အရာဝတ္ထုကို ထုတ်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

အရုပ်၏ပုံသဏ္ဍာန်ကို မြင်တော့ တုန်လှုပ်သွားသည်။ စိတ်ထဲမှာလည်း ကြောက်ရွံ့လာသကဲ့သို့ ဖြစ်လာသည်။ သူမလက်ထဲ ရောက်လာသောအရာမှာ အခြားမဟုတ်ပေ။ ရုပ်ထုတစ်ခုပင်ဖြစ်သည်။

အနက်ရောင်အသားတစ်မျိုး၊ ဒါမှမဟုတ် အစီအရင်ဖြင့် ပြုလုပ်ထားဟန်ရှိသော အရုပ်မှာ သုံးလက်မအရွယ်ခန့်ရှိသည်။

ဆံပင်ဖားလျားချထားပြီး အဝတ်အစား အလျဉ်းမပါဘဲ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ ဆောင့်ကြောင့်ထိုင်နေသည့် မိန်းမရုပ်ထုဖြစ်သည်။

ထိုရုပ်ထုမှာ မျက်နှာကို လက်ဝါးဖြင့် အုပ်ထားသော်လည်း အသက်ဝင်နေသကဲ့သို့ ရှိသည်။

လက်ထဲမှာ ကိုင်ထားရသည်ကိုပင် စိတ်ထဲမှာ မသိုးမသန့်ဖြစ်လာသည်။

ကြက်သီးမွေးညင်းများ တဖြန်းဖြန်း ထကာ ကြောက်ရွံ့လာသကဲ့သို့ ဖြစ်လာသောကြောင့် ကတ္တီပါအိတ်အတွင်းသို့ ချက်ချင်းပြန်ထည့်လိုက်သည်။

"ဒီအရုပ်ဟာ ဘယ်နည်းနဲ့မှ ကောင်းတဲ့အရုပ်မျိုး မဖြစ်နိုင်ဘူး၊ ဒီအရုပ်မျိုးကို ငါ့ခေါင်းအုံးအောက် ထားဖို့လည်း မသင့်ပေဘူး၊ တစ်နေရာမှာ ထားမှ တော်မယ်"

ဟု တွေးမိသောကြောင့် ညဦးပိုင်းအချိန်တွင် ထိုအရုပ်ကို ယူပြီးနောက် ပန်းခြံအတွင်းသို့ ဆင်းသွားကာ ပန်းရုံတစ်ရုံအောက်မှာ မြှုပ်နှံလိုက်လေသည်။

ရွှေရေတကောင်းနှင့် ထည့်ထားသော ဆေးရည်များကိုလည်း





သွန်ပစ်လိုက်ပြီး ပရိတ်ရေများကို ပြန်လည်ထည့်ထားလိုက်လေသည်။


ထိုနေ့ညက စော်ဘွားလေးမှာ ယခင်ညများကဲ့သို့ စောမြတ်နှယ်အခန်းသို့ ရောက်မလာတော့ပေ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

## ပရလောကသားနှင့် ပေါင်းသင်းကြသူများ

ခန္တီးလောင်းစော်ဘွားလေးနီမောင် အခြေအနေမှာ တစ်နေ့တစ်ခြား ဆိုးဝါးလာသော အခြေအနေသို့ ရောက်နေပေတော့သည်။

အအိပ်ပျက် အစားပျက် ဖြစ်လာသောကြောင့် ယခင်ကနှင့် မတူတော့ဘဲ ကျန်းမာရေးလည်း ထိခိုက်လာလေတော့သည်။

ယခင်က ဖျတ်လတ်တက်ကြွမှုများနှင့် ကျန်းမာကြံ့ခိုင်သော နီမောင်မှာ ယခုအခါ ပိန်ကျလာပြီး တမှိုင်မှိုင် တတွေတွေသာ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ဟော်နန်းနှင့် ပတ်သက်သော စီမံအုပ်ချုပ်မှုများကို အတိုင်ပင်ခံကြီး ဦးခွန်စောဦးနှင့်သာ လွှဲအပ်ထားရလေသည်။

အနားမှာ ရှိနေကြသော ကျော်စွာ၊ စောထီးနှင့် ငမဲအောင်တို့မှာလည်း မည်သို့မျှ အကူအညီ မပေးနိုင်ကြဘဲ ရှိနေကြလေသည်။

ရန်သူများနှင့် တွေ့ပါက ဓားတန်းမှ ရင်ဆိုင်တိုက်ခိုက်ဝံ့သူများဖြစ်သော်လည်း ယခုလိုကိစ္စမျိုးမှာတော့ သူတို့လည်း ဘာမှ မတတ်နိုင်ကြပေ။

"နီမောင်အခြေအနေကတော့ တစ်နေ့တခြား ပိုဆိုးလာနေပြီ ငါတို့ သူ့အတွက် တစ်ခုခု လုပ်ပေးမှ ဖြစ်မယ်ထင်တယ်"

ဟု စောထီးက ပြောသည်။

"ငါတို့လည်း လုပ်ပေးချင်တာပေါ့ကွာ၊ ကိုယ့်သူငယ်ချင်းတစ်ယောက် ဒီလို ဒုက္ခရောက်နေတာကို ဘယ်ကြည့်ချင်ပါ့မလဲ၊ ဒါပေမယ့် အခု ခက်နေတာက ငါတို့ တတ်နိုင်တဲ့ကိစ္စမျိုး မဟုတ်တော့လည်း ခက်နေတာပေါ့"

"ဒါထက် ဟော်နန်းထဲမှာ ပြောနေသံ ကြားရတာကတော့ သူ့ကို နှောင့်ယှက်နေတာ မိန်းမတစ်ယောက်လို့တော့ ပြောသံကြားတယ်"

"မိန်းမတော့ မိန်းမပဲ၊ ဒါပေမယ့် သာမန်မိန်းမမျိုးတော့ မဟုတ်ဘူး၊ ဂဝံမျက်နှာဖုံးရုပ်လို့ ပြောသံကြားတယ်"

"ဂဝံမျက်နှာဖုံးဆိုတာ ဘယ်လိုအရုပ်လဲ"

"မင်းပြောတဲ့ မိန်းမရုပ်လေ"

"စကားက နှစ်လုံးတည်းနဲ့ ရှုပ်နေပြန်ပါပြီ၊ ငါမေးတာက





ပယောဂအရုပ်လား၊ ဒါမှမဟုတ် အစီအရင်နဲ့ လုပ်ထားလို့ အသက်ဝင်နေတဲ့အရုပ်လားလို့ မေးတာကွ"

"ငါလည်း ဘယ်သိပါ့မလဲ၊ ဒါပေမယ့် ညအချိန်ရောက်လာရင် တစ်ကိုယ်လုံး အဝတ်အစား ပါးပါးလေးသာ ကပ်ထားတဲ့ အဲဒီမိန်းကလေး ရောက်လာတာနဲ့ နီမောင်လည်း ပင်ကိုယ်စိတ် ပျောက်ပြီး အဲဒီမိန်းကလေးနောက်ကို တကောက်ကောက် လိုက်နေတော့တာပဲတဲ့၊ နမတော်စောမြတ်နွယ် အခန်းထဲတောင် ရောက်သွားသေးတယ်လို့ သတင်းကြားတယ်"

"အဲဒီမိန်းကလေး ဝင်လာတာကို အစောင့်တွေ မမြင်ကြဘူးလား"

"ဘယ်သူမှ မမြင်ရဘူး၊ သူတစ်ယောက်တည်းပဲ မြင်နေရတာတဲ့"

"အင်း . . . ဒီအတိုင်း သွားရင် ကြာလာရင်တော့ ဒုက္ခရောက်မှာ အမှန်ပဲ"

"ဒီအဖြစ်မျိုးတွေက တကယ်ရော ရှိခဲ့လို့လား၊ သူစိတ်စွဲလန်းပြီး တယောင်ချောက်ခြား ဖြစ်နေတာများလား"

"ဒီလိုတော့ မဟုတ်ဘူး၊ နီမောင်မှာ ပယောဂတစ်ခုခု စွဲကပ်နေတာတော့ အမှန်ပဲ"

"ဝိညာဉ်လောက ပရသားတွေက လူတွေကို ဒီလောက်အထိ ဒုက္ခပေးနိုင်လို့လား"

"ပေးနိုင်တာပေါ့ . . . ငါတို့ နေတဲ့နယ်ဘက်မှာ ဝိညာဉ်လောကသားက ဒုက္ခပေးလို့ အသက်သေရုံတင် မကဘူး၊ လူပါ ပျောက်သွားတဲ့ အဖြစ်အပျက်မျိုးတောင် ရှိခဲ့ဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျော်စွာက သူတို့ငယ်ရွယ်စဉ်က ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်တစ်ခုကို ပြောပြလေသည်။

ကျော်စွာတို့ငယ်စဉ်က နေသောရွာမှာ မဟာမြိုင်တော နယ်နိမိတ်အစပ်တွင် ရှိသော မောက္ကတော်ရွာဖြစ်သည်။ အင်္ဂလိပ်လက်ထက်က 'သေချင်ရင် မောက္ကတော်သွား' ဟူသောအမည်ဖြင့် နာမည်ကျော်ခဲ့သော မောက္ကတော်ရွာပင် ဖြစ်သည်။

(မောက္ကတော်ရွာအကြောင်းကို အခြားစာအုပ်တစ်အုပ်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။)

ထိုရွာမှ မိုးသူဆိုသော လူရွယ်တစ်ဦးမှာ အခြားရွာမှ စောမူဆိုသော မိန်းမပျိုတစ်ယောက်နှင့် ချစ်ကြိုက်မိကြလေသည်။

လူငယ်တို့သဘာဝ နှစ်ကိုယ်တူကြည်ဖြူပါသော်လည်း နှစ်ဖက်လူကြီးများက သဘောမတူကြသောကြောင့် သူတို့နှစ်ဦး၏ ချစ်ခရီးလမ်းမှာ ဖြောင့်ဖြူးသာယာမှု မရှိကြပေ။

သို့သော်လည်း လူကြီးများ မသိအောင် တိတ်တဆိတ် တွေ့ကြရင်းမှ အချစ်နယ်ကျွံမိကြလေတော့သည်။

နောက်ထပ် လအနည်းငယ်ကြာသည်အထိ အခြေအနေမပျက် နေထိုင်ကြရာမှာ သမီးရည်းစားလည်းမက လင်မယားလည်းမကျသောဘဝသို့ ရောက်ခဲ့ကြလေသည်။

တစ်ခါတစ်ရံ မိုးသူက စောမူရှိသောရွာသို့ လျှို့ဝှက်စွာ သွားရောက်ပြီး တွေ့ဆုံသလို တစ်ခါတစ်ရံလည်း စောမူက သူတို့ရွာသို့ ရောက်လာလေ့ရှိသည်။

တစ်ခါမှာတော့ မိုးသူမှာ အောက်ပြည်အောက်ရွာရှိ ဆွေမျိုးသားချင်းများ ရှိရာသို့ သွားရာမှ တော်တော်နှင့် ရွာသို့ ပြန်မရောက်နိုင်ဘဲ ရှိနေတော့သည်။ နှစ်လခန့်ကြာမှ မောက္ကတော်သို့ ပြန်ရောက်သွားလေတော့သည်။ သူသည် ရွာသို့ ပြန်ရောက်လျှင်ရောက်ချင်း စောမူရှိရာရွာသို့ သွားရန် ကြိုးစားသော်လည်း အခွင့်မသာပြန်ပေ။

ညအချိန်ရောက်သောအခါ သူရှိရာနေအိမ်သို့ စောမူ ရောက်လာသောကြောင့် တွေ့နေကျနေရာမှာ တွေ့ကြရင်း ဝေးကြရခဲ့သမျှအတိုးချကာ ချစ်ကြပြန်လေတော့သည်။

နောက်ပိုင်းရက်များမှာလည်း တစ်ရက်ခြား နှစ်ရက်ခြား ဆိုသလို စောမူတစ်ယောက် မှန်မှန်ရောက်လာလေ့ရှိသည်။

မိုးသူကတော့ ချစ်သူနဲ့ ယခုလို တွေ့ပြီး ချစ်ခွင့်ရနေသောကြောင့် အပျော်ကြီး ပျော်နေတော့သည်။ ညအချိန်ရောက်သည်နှင့် တွေ့နေကျ ငှက်ပျောတောထဲ ဆင်းသွားလျှင် ငှက်ပျောပင်များကြားမှ ထွက်လာသောစောမူကို အဆင်သင့် တွေ့ရသဖြင့် ဘာကိုမှ မစဉ်းစားနိုင်တော့ဘဲ ကျေနပ်နေတော့သည်။

"စောမူက နေ့တိုင်းလာနေရတော့ ပင်ပန်းမှာပေါ့"

"မပင်ပန်းပါဘူး အစ်ကိုရယ်၊ ဒီရွာနဲ့ဟိုရွာ ဘယ်လောက် ဝေးတာမှတ်လို့၊ ခဏလေး လာရပါတယ်"

"စောမူ အခုလို ညတိုင်း ထွက်လာနေတာကို လူကြီးတွေ သိကြဘူးလား"

"သူတို့ မရိပ်မိအောင် လာရတာပေါ့၊ အစ်ကိုနဲ့ တွေ့ရဖို့သာ ဆွန်မအတွက်ကတော့ အဓိကပါပဲ"

ဟု ပြောရာ မိုးသူလည်း ယုံကြည်မိလေသည်။

သူတို့နှစ်ဦးမှာ ရက်အတန်ကြာသည်အထိ ငှက်ပျောတောအတွင်းမှာ တွေ့ကြပြီး အချစ်နယ်လွန်ကြရာ မိုးသူမှာ အရင်ကနှင့်




အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မတူတော့ဘဲ ပိန်ချုံးကျလာတော့သည်။ တစ်ကိုယ်လုံး သွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်လာလေသည်။

ထိုအခြေအနေကို မြင်သောအခါ မိဘများက စိတ်မသက်သာသောကြောင့် အထက်လမ်းဆရာတစ်ယောက်ကို ပင့်ခေါ်ပြီး ကုသကြလေသည်။

"ခင်ပျားတို့သားကို အမှောင့်ပယောဂ စွဲကပ်နေတယ်၊ ကြာရင်အသက်ပါ သေလိမ့်မယ်၊ ကျုပ်ပေးတဲ့ချည်မန်းကွင်းကို သူ့လည်ပင်းမှာ အမြဲစွပ်ထားပေးပါ"

ဟု ပြောပြီး အစီအရင်ဖြင့် ပြုလုပ်ထားသော ချည်မန်းကွင်းကို မိုးသူလည်ပင်း၌ စွပ်ပေးထားလေသည်။ နောက်ပိုင်းမှာတော့ စောမူနှင့် မတွေ့ရတော့ပေ။ ရက်အတန်ကြာအောင် မတွေ့ရသောအခါ ရင်ထဲမှာ ပူစပ်ပူလောင်ဖြစ်လာပြီး တွေ့ချင်လာပြန်သည်။ မိဘများကလည်း အလစ်မပေးသောကြောင့် အပြင်ထွက်ခွင့်လည်း မရတော့ပေ။

ခုနစ်ရက်ခန့်ကြာသောအခါ ငှက်ပျောတောထဲမှ စောမူအသံကို ကြားရသည်။

"အစ်ကိုရေ. . . ကျွန်မ ဒီမှာစောင့်နေတယ်၊ ဆင်းလာခဲ့ပါ"

ထိုအသံကို ကြားသောအခါ လူကြီးများ မသိအောင် ငှက်ပျောတောအတွင်း ဆင်းသွားသောအခါ စောမူကို မတွေ့ရပေ။

အတန်ကြာသည်အထိ လိုက်လံရှာဖွေသော်လည်း မတွေ့ရတော့မှ စိတ်ပျက်လက်ပျက်ဖြင့် အိမ်ပေါ်သို့ ပြန်တက်လာလေတော့သည်။

"ငါစိတ်စွဲနေလို့ ကြားမိကြားရာ ကြားနေရော့သလား"

ဟုပင် တွေးမိသည်။





နောက်တစ်နေ့ညမှာလည်း စောမူအသံကို ကြားရသည်။

"အစ်ကိုရေ ကျွန်မရောက်နေပြီ. . . ဆင်းလာခဲ့ပါ၊ ကျွန်မနဲ့တွေ့ချင်ရင် အစ်ကို့လည်ပင်းမှာ ဆွဲထားတဲ့ကြိုးကို ဖြုတ်ချထားခဲ့ပါ အစ်ကိုရယ်"

ဟု သနားစဖွယ်အသံကို ကြားနေရသဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ လည်ပင်းမှ ချည်မန်းကွင်းကြိုးကို ဖြုတ်ချထားခဲ့ပြီး ငှက်ပျောတောအတွင်းသို့ ဆင်းသွားလေတော့သည်။

ထိုအခါ စောမူနှင့် တွေ့ရပြီး အတိုးချကာ ချစ်ကြပြန်လေတော့သည်။

ဤသို့ဖြင့် တစ်ညလုံး ချစ်နေကြရာ အရုဏ်တက်ချိန် နီးလာသည်ကိုပင် သတိမမူမိကြပေ။

ထိုအချိန်မှာပင် ရွာဦးကျောင်းမှ အုံးမောင်းခေါက်သံများ ပေါ်ထွက်လာပြီး မရှေးမနှောင်းမှာ ငှက်ပျောတောအနီးမှ ဘုန်းကြီးတစ်ပါး ဒကာနှစ်ယောက်တို့ လာနေကြလေသည်။

၎င်းတို့ကို မြင်သောအခါ စောမူမှာ များစွာထိတ်လန့်ကြောက်ရွံ့သွားလေသည်။

"ဟော. . . သူတို့ လာနေပြီ၊ ကျွန်မကို မြင်သွားလို့မဖြစ်ဘူး၊ ငှက်ပျောရွက်တွေနဲ့ ကျွန်မကို အုပ်ထားပေးပါ"

ဟု ပြောသဖြင့် မိုးသူလည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ငှက်ပျောရွက်များဖြင့် အုပ်ချပေးလိုက်သည်။ သို့သော်လည်း တကိုယ်လုံးကသာ ဖုံးသွားပြီး စောမူ၏လက်တစ်ဖက်က ပေါ်နေသည်။

ထိုလက်မှာ စောစောက လက်မျိုး မဟုတ်တော့ဘဲ အမွေးနက်များနှင့် လက်သည်းချွန်ကြီးများ ထွက်ရာ ကြောက်စရာကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



သက်ကြီးဇစ်ဖက် ဖြစ်နေသည်ကိုတော့ မိုးသူ မမြင်လိုက်ပေ။

အရှက်ဆွမ်းစားရန် ကြွသွားသောဘုန်းကြီး အဝေးသို့ ရောက်သွားမှ ငှက်ပျောရွက်များကို ဖယ်လိုက်သောအခါ စောမူကို မတွေ့ရတော့ပေ။

နောက်တစ်ရက်မှာ ငှက်ပျောတောထဲမှာ ရုပ်ပျက်ဆင်းပျက်သေဆုံးနေသော မိုးသူအလောင်းကို မိဘများက တွေ့ရလေသည်။

မိုးသူ အောက်အရပ်သို့ သွားနေစဉ် ကျန်ခဲ့သောစောမူမှာ သူနှင့် ရသောကိုယ်ဝန်က ပေါ်လာသဖြင့် မိဘဆွေမျိုးများက ဆူပူကြိမ်းမောင်းကြရာ ရှက်လွန်းသဖြင့် ဆွဲကြိုးချပြီး ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့သည်မှာ ကြာပြီဖြစ်သော စောမူအကြောင်းကိုတော့ မိုးသူတစ်ယောက် သိမသွားခဲ့ရရှာပေ။

ထို့နောက် မိုးသူကို သေပြီထင်သဖြင့် ရွာစပ်၌ အလောင်းစင်ပေါ် တင်ထားရာ အသုဘ သင်္ဂြိုဟ်ကာနီးမှ သွားကြည့်သောအခါ ထိုအလောင်းမှာ ပျောက်ခြင်းမလှ ပျောက်သွားခဲ့လေတော့သည်။

ထိုနောက်ပိုင်းမှာတော့ မိုးသူ၏သတင်းကို အစအနမျှပင် မကြားကြရတော့ပေ။

ထိုနေရာတွင် ကျော်စွာက သူပြောပြသောအကြောင်းကို အဆုံးသတ်လိုက်လေသည်။

"ဝိညာဉ်ဘဝ ရောက်နေတဲ့ ပရလောကသားတွေက လူနဲ့ ပေါင်းသင်းဆက်ဆံလို့ရသလား"

ငမဲအောင်က ဝင်မေးသည်။

"ရတာပေါ့ ယောက်ျားထန်းတက်ရင်း ထန်းပင်ပေါ်က လိမ့်ကျသေပြီး ဖုတ်ဝင်လာတယ်၊ ဒါပေမယ့် ဘာမှမထူးခြားဘဲ မိန်းမကို ပေါင်း





သင်းပြီး လုပ်ကိုင်ကျွေးမွေးတာ ကလေးနှစ်ယောက်သုံးယောက် ရတဲ့အထိပဲ၊ နောက်ပိုင်း ဆရာတစ်ယောက်နဲ့ တွေ့တော့မှ ဖုတ်ထွက်ပြီးသေသွားတာ"

"ဟင်. . . တကယ်ပဲလား"

"ဒါတင် ဘယ်ကမလဲ၊ ဥစ္စာစောင့်မနဲ့ လူနဲ့ကြိုက်ပြီး ပေါင်းသင်းခဲ့ကြတာ ကလေးရမှ ဥစ္စာစောင့်မ,မှန်း သိရတာတွေ၊ ဥစ္စာစောင့်မနဲ့လူနဲ့ ချစ်ကြိုက်ပြီး လူက ဥစ္စာစောင့်မမှန်း သိတော့ ဥစ္စာစောင့်မရဲ့ခေါင်းကို အပ်စိုက်ထားလိုက်တာ ဘဝဟောင်းကို ပြန်သွားမရဘဲ လူနဲ့ပေါင်းသင်းနေရတာ ကလေးသုံးယောက် ရတဲ့အထိပဲ၊

နောက်တော့ အမေအိပ်ပျော်နေတုန်း သမီးလုပ်သူက သန်းရှာယေးရင်းနဲ့ အမေခေါင်းမှာ စိုက်ထားတဲ့အပ်ကို တွေ့တော့ ဆွဲနှုတ်လိုက်တော့မှ ဘဝဟောင်းကို ပြန်သွားနိုင်တော့တာ"

"အင်း. . . လောကမှာ ဆန်းကြယ်တဲ့အကြောင်းတွေ အများကြီး ရှိနေပါလား၊ ဒီအတိုင်းဆိုရင်တော့ နီမောင်အဖြစ်က လွယ်ပါ့မလား၊ အချိန်မီ ဆရာကောင်းကောင်းနဲ့ မကုနိုင်ရင်တော့ ရေတိမ်နစ်သွားနိုင်တယ်"

"ဒီအတိုင်းတော့ ကြည့်နေလို့ ဘယ်ရမလဲ၊ တစ်ခုခုတော့ စီစဉ်ရမှာပေါ့၊ ငါသဘောပြောရရင်တော့ ပယောဂ နိုင်တဲ့ အထက်လမ်းဆရာကောင်းကောင်းနဲ့ ပြပြီး ကုသပေးရင် ကောင်းမယ် ထင်တယ်"

ထိုအခါ ငမဲအောင်က ပြောသည်။

"ငါတို့ရွာမှာတော့ အဖေတို့နဲ့ ခင်မင်ရင်းနှီးတဲ့ ဆရာကြီးတစ်ယောက်ရှိတယ်၊ သူ့နာမည်က ဦးဗန်ကောင်းလို့ ခေါ်တယ်၊ နီမောင်ကို အကျိုးအကြောင်း ပြောပြပြီး သူ့ကို သွားခေါ်ရင် မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်မယ်ဆိုရင်တော့ နီမောင်ကို အရင်အသိပေးရမယ်၊ သူ သဘောတူရင်တော့ ငါတို့ စီစဉ်ကြတာပေါ့၊ ဒါပေမယ့် ဟော်နန်းထဲက လူတွေတော့ ငါတို့ရဲ့အစီအစဉ်ကို မသိဖို့ အရေးကြီးတယ်"

"ဘာကြောင့်လဲ"

"မဟာဒေဝီ မိဖုရားကြီးမှာ လက်စွဲသုံးနေတဲ့ ဆေးဆရာကြီး တစ်ဦးရှိတယ်၊ သူတို့သိသွားရင် ကျေနပ်မှာ မဟုတ်ဘူး"

"ဒီတော့လည်း သိုသိုသိပ်သိပ် လုပ်ကြတာပေါ့ကွာ"

ဟု သုံးယောက်သား တိုင်ပင်ပြီး နီမောင်အဆောင် ရှိရာသို့ သွားကြလေသည်။





# အခန်း(၈)

## နာဂသူဇာ ရောက်လာခြင်း

မဟာဒေဝီမိဖုရားကြီး အဆောင်တွင်း၌ ဖြစ်သည်။ မိဖုရားကြီးက အတိုင်ပင်ခံအမတ်ကြီးကို ခေါ်ပြီး တိုးတိုးတိတ်တိတ် မေးမြန်းနေလေသည်။

"ဘယ်လိုလဲ အတိုင်ပင်ခံကြီး၊ စော်ဘွားလေးရဲ့အခြေအနေ ထူးခြားလာပြီလား"

"မထူးခြားသေးပါဘူး သခင်မကြီး၊ ဒါပေမယ့် စော်ဘွားလေး

www.burmeseclassic.com

www.burmeseclassic.com



ဟာ အရင်နဲ့ မတူတော့တာတော့ အမှန်ပါပဲ၊ တမိုင်မိုင်တာတွေတွေနဲ့ အအိပ်ပျက် အစားပျက် ဖြစ်တာ တစ်နေ့တခြား ပိန်ကျလာသည်ကိုသာ တွေ့ရပါတယ်၊

ဒီအတိုင်း သွားမယ်ဆိုရင်တော့ စော်ဘွားလေးခမျာ ရေတိမ်နစ်မှာ စိုးရိမ်ရပါတယ် သခင်မကြီး"

ထိုစကားကြားသောအခါ မဟာဒေဝီက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ဒါကတော့ သူ့ကြမ္မာသူ ဖန်တီးနေတာပဲလေ၊ ဘယ်တတ်နိုင်ပါ့မလဲ၊ စော်ဘွားလေးက လွယ်တဲ့ကိစ္စကို ခက်ခဲအောင် လုပ်နေလို့ အခုလို ဒုက္ခတွေ့နေရတာပါ။ သူလုပ်ရမယ့်ကိစ္စက နှမတော် စောမြတ်နွယ်ကို လက်ဆက်ပြီး ဟော်နန်းသိမ်းမင်္ဂလာ ဆင်ယင်ကျင်းပရမှာ မဟုတ်ဘူးလား"

"မှန်ပါတယ်"

"ဒီကိစ္စကို သူက လက်မခံဘဲ မျိုးနွယ်မတူတဲ့ မိန်းမတစ်ယောက်ကို စွဲစွဲလန်းလန်းဖြစ်နေတယ်၊ ကျုပ်တို့က အတန်တန် ဖြောင်းဖျ နားချနေတဲ့ကြားက မရဘဲ ဖွတ်တိုးနေတော့ သူ့အကြောင်းပဲပေါ့၊

ခက်နေတာက စော်ဘွားလေးက ကျုပ်ရဲ့သားတော်အရင်း မဟုတ်လေတော့လည်း အခက်သားပဲ၊ သူကလည်း ကျုပ်အပေါ်မှာ အမေရင်းတစ်ယောက်လို မသတ်မှတ်ချင်ဘူးလေ၊ ကျုပ်ပြောတဲ့စကားကို ဘယ်မှာလာပြီး နားဝင်နိုင်ပါ့မလဲ"

ဒီတစ်ကြိမ် သက်ပြင်းချသူက အတိုင်ပင်ခံအမတ်ကြီး ဦးစောခွန်ဦးပင် ဖြစ်တော့သည်။

"ဒီလိုဖြင့်လည်း စော်ဘွားလေး ကိုယ့်ဘက် ပါအောင် သမီးတော်ကိုပဲ နားချခိုင်းရင် မကောင်းပေဘူးလား"

"သမီးတော်ကလည်း အချိန်ရှိသမျှ ဘုရားတရားအလုပ်ပဲ လုပ်နေတော့ ထိမ်းမြားလက်ဆက်ဖို့ကိစ္စ ပြောရင် နားမဝင်ချင်ဘူး ဖြစ်နေတယ်၊

ဒါပေမယ့် တဖြည်းဖြည်းနဲ့တော့ နားဝင်အောင် နားချရမှာပေါ့လေ"

အတိုင်ပင်ခံအမတ်ကြီး ပြန်သွားသောအခါ မဟာဒေဝီသည် အခြေအနေ အကဲခတ်ရန်အတွက် သမီးတော်စောမြတ်နွယ် အခန်းသို့ သွားလေသည်။

"သမီးတော်. . . ညက စော်ဘွားလေး အဆောင်တော်ထဲကို လာသေးလား"

"လာပါတယ် မယ်မယ်"

"မယ်မယ် မှာထားတဲ့အတိုင်း ဆေးရည်ကိုရော တိုက်လိုက်သေးသလား"

"တိုက်ပါတယ် မယ်မယ်"

"ဒါထက် မယ်မယ် ပေးထားခဲ့တဲ့အထုပ်ကိုရော သမီးတော်ရဲ့ ခေါင်းအုံးအောက်မှာ ထားရဲ့လား"

"ထား. . . ထားပါတယ်"

"ဒီတော့ စော်ဘွားလေးအခြေအနေ ဘယ်လိုထူးလာသလဲ ဟင်"

"မထူးပါဘူး မယ်မယ်၊ အဆောင်ထဲ ဝင်လာပြီး ခဏကြာတော့ ပြန်ထွက်သွားပါတယ်"

ထိုစကားကြားသောအခါ မဟာဒေဝီမှာ မကျေမနပ်ဖြစ်သွား





www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ဆေးဆရာကြီးဒေဝက စီရင်ပေးသော ဂဝံမျက်နှာဖုံးရုပ်ထုနှင့် ဆေးရည်၏အစွမ်းသတ္တိအကြောင်းကို သူကောင်းစွာသိလေသည်။

အကယ်၍သာ ကတ္တီပါအိတ်ထဲ ထည့်ထားသောဂဝံမျက်နှာဖုံး ရုပ်ထုကို ခေါင်းအုံးအောက်မှာ ထားပြီး စောမြတ်နွယ် လက်မောင်း သွေးဖြင့် စီရင်ထားသောဆေးရည်ကို သောက်မိပါက စော်ဘွားလေး အနေနှင့် စောမြတ်နွယ်အခန်းထဲမှ ဘယ်နည်းနဲ့မှ ပြန်ထွက်သွားနိုင် မည် မဟုတ်ပေ။

စောမြတ်နွယ်ကို သိမ်းပိုက်ရန်အဆင့် မရောက်ဘဲ ဘာကြောင့် ပြန်ထွက်သွားရသလဲဆိုသောအချက်ကို မကျေမနပ်ဖြစ်နေတော့သည်။

စောမြတ်နွယ်က ဆေးရည်မတိုက်ခဲ့လို့လား။

ဒါမှမဟုတ် သူမ လုပ်နေသော ဘုရားတရားအလုပ်များ ကြောင့် စီရင်ထားသောဆေးစွမ်းများ ပျက်ပြယ်သွားလေရော့သလား။

ဒါမှမဟုတ် တစ်ခုခု လွဲချော်နေပြီဆိုတာကိုတော့ စိတ်ထဲမှ သိလိုက်လေသည်။

"မောင်မောင်မှာ ရောဂါဝေဒနာတစ်ခုခု စွဲကပ်နေတာကတော့ အမှန်ပါပဲ၊ ဆရာကောင်း သမားကောင်းတွေ ရှာပြီး ကုသမှ သင့်မယ် ထင်ပါတယ်"

"ဟော်နန်းဆေးဆရာကြီးဒေဝက ရှိနေသားပဲ၊ သူနဲ့ ကုသရင် လည်း ရတာပဲ မဟုတ်လား"

"ဒါ . . ဒါပေမယ့် . . ."

"တော်ပါတော့ သမီးတော်ရယ်၊ စော်ဘွားလေးရဲ့ရောဂါ ဝေဒနာက ဆေးဆရာနဲ့ ကုသလို့ ပျောက်ကင်းမှာ မဟုတ်ပါဘူး"





"ဘာကြောင့်လဲဟင်"

"စော်ဘွားလေးဟာ ခန္တီးမှာ ကျောင်းတက်နေရင်းနဲ့ နာဂ အမျိုးသမီးတစ်ယောက်နဲ့ ချစ်သူဖြစ်ခဲ့တယ်၊ နာဂတွေက ပြုစားတတ် တဲ့ပညာတွေ တတ်ကြလေတော့ သူ့ကို ဆေးဝါးအစီအရင်တွေနဲ့ စွဲလန်းအောင် လုပ်ထားပုံရတယ်"

"ဖြစ်နိုင်ပါ့မလား မယ်မယ်"

"သမီးတော်က အသက်ကလည်းငယ်၊ အတွေ့အကြုံကလည်း မပြည့်စုံသေးတော့ ဒါတွေ မသိနိုင်ပါဘူးလေ၊ ဘယ်မိန်းကလေးမဆို ခွန်စိုင်းကို ကျမိုင်းစော်ဘွားလေးမှန်း သိရင် ဘယ်အလွတ်ပေးချင်ပါ့ မလဲ၊ သူ့အနေကတော့ နာဂအမျိုးသမီးကိုသာ လက်ထပ်ရမယ်ဆိုရင် ဟော်နန်းစည်းစိမ်ကိုတောင် စွန့်လွှတ်ဖို့ ဝန်မလေးတဲ့ပုံပဲ"

"ဒီလိုဆိုရင်လည်း သူနှစ်သက်တဲ့လူကိုပဲ လက်ဆက်ပါစေလား မယ်မယ်ရယ်"

"ဒီလိုတော့ ဘယ်အဖြစ်ခံပါ့မလဲ၊ မယ်မယ်တို့ ရှိနေသေးပါ ရက်နဲ့ ဟော်နန်းစည်းစိမ်ကို တခြားသူလက်ထဲကို အရောက်ခံလို့ ဘယ် ဖြစ်ပါ့မလဲ၊ ဆွေတော်မျိုးတော်တွေနဲ့ အခြားစော်ဘွားတွေ သိရင်လည်း အထင်အမြင် သေးကြလိမ့်မယ်၊ ဒီတော့ မယ်မယ့်စကားကိုသာ သမီး တော် နားထောင်ပါ"

စောမြတ်နွယ်က မဟာဒေဝီကို မော့ကြည့်လေသည်။

"သမီးတော်အနေနဲ့ ခန္တီးလောင်း အရှင်သခင်ဘဝကို ရနိုင်နေ ပါရက်နဲ့ ကိုယ်အသုံးမကျလို့ သူတစ်ပါးရဲ့လက်အောက်ခံဘဝတော့ ရောက်ပါစေနဲ့၊ သမီးတော် လုပ်ချင်တဲ့ ဘုရားတရားအလုပ်တွေကို လောကီဘဝ ရောက်ပြီးတဲ့အခါမှာလည်း စိတ်ရှိသလောက် သဒ္ဓါ



www.burmeseclassic.com

www.burmeseclassic.com



ကျ လုပ်နိုင်ပါတယ်၊

အခုအချိန်မှာတော့ မပဟေသီဖြစ်ဖို့ကသာ အရေးကြီးဆုံးကိစ္စ ပဲ၊ မယ်မယ်ပြောတာကို သမီးတော်အနေနဲ့ ဘယ်တော့မှ ပေါ့ပေါ့လျော့ လျော့ သဘောမထားပါနဲ့၊ မယ်မယ်တို့ရဲ့အကြံအစည် မအောင်မြင်ဘူး ဆိုရင် နှစ်ယောက်စလုံး ဒုက္ခရောက်ကြလိမ့်မယ်"

ဟု ပြောကာ ပါးပြင်ပေါ်သို့ စီးကျလာသော မျက်ရည်စများကို ပိုးပုဝါစဖြင့် သုတ်ကာ အဆောင်ထဲမှ ပြန်ထွက်သွားလေတော့သည်။

ထိုအခါ စောမြတ်နွယ်အနေနှင့် မိခင်ဖြစ်သူကို ကြည့်ပြီး များစွာစိတ်မကောင်းဖြစ်ရလေသည်။

တစ်ဖက်မှလည်း လူတစ်ယောက်၏ချစ်ခြင်းမေတ္တာကို သူ့ သဘောဆန္ဒ မပါဘဲ ဇွတ်အတင်းယူဖို့ ကြိုးစားရန်ကိစ္စမှာ မလွယ်ကူလှ ကြောင်း စဉ်းစားမိလေသည်။

တကယ်တော့ စောမြတ်နွယ်အနေနှင့် ငယ်ရွယ်စဉ်အချိန် ကတည်းက နီမောင်အပေါ် သံယောဇဉ်ရှိခဲ့သည်ကတော့ အမှန်ပင် ဖြစ်ပေသည်။

သို့သော်လည်း မောင်နှမအရင်းကဲ့သို့ ဖြူစင်သောမေတ္တာမျိုး နှင့် ခင်မင်တွယ်တာခဲ့ခြင်းဖြစ်ပေသည်။

နီမောင်အနေကလည်း စောမြတ်နွယ်အပေါ် ဖအေတူ မအေ ကွဲ ဖြစ်သော်လည်း မောင်နှမအရင်းပမာ ချစ်ခင်တွယ်တာမှု ရှိလေ သည်။

နှစ်ပေါင်းများစွာ ဖြူစင်သောမေတ္တာနှင့် ခင်မင်တွယ်တာခဲ့ပြီး ယခုအချိန်ရောက်ကာမှ တစ်ဆင့်တက်ပြီး ချစ်ရမည့်အရေးမှာ လွယ်ကူ သောအရာတော့ မဟုတ်ပေ။ သို့သော်လည်း နီမောင်အခြေအနေကို





လည်း သည်အတိုင်း ထား၍ မရပြန်ပေ။

ကြာလျှင် အခြေအနေ ဆိုးဆိုးဝါးဝါး ဖြစ်မည်စိုးသောကြောင့် မျက်ခြည်မပြတ် စောင့်ကြည့်ပေးနေရသည်။ မဟာဒေဝီမိဖုရားကြီး တိုက်ခိုင်းသောဆေးရည်များကို မတိုက်ဘဲ သွန်ပစ်ခဲ့ပြီး မျက်နှာကို သက်ဝါးဖြင့် အုပ်ထားသောအရုပ်ကိုလည်း(ဂဝံမျက်နှာဖုံးရုပ်ထု) ပန်းခြံ အတွင်းမှ ပန်းရုံများအောက်မှာ သွားရောက်မြှုပ်နှံထားပြီးသည့်နောက် မှာတော့ နီမောင်တစ်ယောက် သူမအခန်းတွင်းသို့ ရောက်မလာတော့ ပေ။

သို့သော်လည်း ညအချိန် လူခြေတိတ်ချိန် ရောက်လာလျှင် တော့ ပန်းခြံအတွင်းမှာ သွားလာလှုပ်ရှားနေသော လူရိပ်များကို ဝိုး တဝါး လှမ်းမြင်ရသည်။

နောက်တစ်နေ့မှာတော့ ကျော်စွာ၊ စောထီး၊ ငမဲအောင်တို့ စောမြတ်နွယ်အဆောင်သို့ ရောက်လာပြီး တွေ့ခွင့်တောင်းသဖြင့် ဧည့် ခန်းဆောင်မှာ တွေ့ခွင့်ပေးလိုက်သည်။ သူမအနေနှင့်လည်း နီမောင် အနီးမှာ ရှိနေကြသည့် ၎င်းတို့သုံးယောက်ကို တွေ့၍ မေးချင်တာများ ရှိနေသည်။

"သခင်မလေးကို အသိပေးစရာရှိလို့ လာကြတာပါ"

"ကျွန်မကို သခင်မလေးလို့ မခေါ်ကြပါနဲ့ရှင်၊ မောင်မောင် ခေါ်သလို စောမြတ်နွယ်လို့ပဲ ခေါ်နိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ် သခင်မလေး. . . အဲ. . . စောမြတ် နွယ်"

"ဒါထက် မောင်မောင်အခြေအနေရော ဘယ်လိုရှိပါ သလဲ"

"အခြေအနေကတော့ မထူးလှသေးပါဘူး၊ ညရောက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အဆောင်ထဲက ထွက်သွားတာပါပဲ၊ မိုးလင်းလာမှပဲ မူလစိတ်အတိုင်း ပြန်ရောက်လေ့ရှိပါတယ်၊ သူ့ကို တစ်စုံတစ်ယောက်က ဆေးဝါးအစီအရင်နဲ့ နှောင့်ယှက်ထားတယ်လို့ ထင်ရပါတယ်"

စောမြတ်နွယ်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ဒါထက် ကျွန်မကို အသိပေးစရာရှိတယ်ဆိုတာ ဘာများပါလဲ"

"ပထမတစ်ချက်ကတော့ စော်ဘွားလေးကို ဒီအတိုင်း ထားမယ်ဆိုရင် အခြေအနေက ဆိုးလာနိုင်ပါတယ်၊ ဒါကြောင့် အထက်လမ်းဆရာကြီးတစ်ယောက်နဲ့ ခေါ်ပြီး ကုသပေးဖို့ အစီအစဉ် ရှိပါတယ်"

"ကောင်းပါတယ်ရှင်. . . ဒီလိုကုသမှပဲ ဖြစ်တော့မှာပါ"

"နောက်တစ်ခုကတော့. . . "

ကျော်စွာက စကားဆက်ရမှာ ခက်သွားဟန်ဖြင့် ရပ်လိုက်သည်။

"ဘာများလဲ. . . ပြောသာပြောပါ"

"တခြားတော့ မဟုတ်ပါဘူး၊ ခန္တီးမြို့က အမျိုးသမီးတစ်ယောက် ရောက်လာပါတယ်၊ အားလုံးသိမှာစိုးလို့ ကျွန်တော်တို့ ခေါ်ထားပါတယ်"

"ဘယ်. . ဘယ်သူလဲဟင်"

"စော်ဘွားလေးရဲ့ချစ်သူ နာဂသူဇာဆိုတဲ့ အမျိုးသမီးပါ"

"ဟင်. . . "

ထိုစကားကြားသောအခါ စောမြတ်နွယ်ပင် မျက်လုံးပြူးသွားလေသည်။

"သူရောက်နေတာ မောင်မောင်သိသွားပြီလားဟင်"





"မသိရသေးပါဘူး. . . ဒါကြောင့် စောမြတ်နွယ်နဲ့ အရင်လာပြီး တိုင်ပင်ကြည့်တာပါ"

"သူရောက်နေတာကို ဟော်နန်းက လူတွေ သိသွားရင် သူ့အတွက် အန္တရာယ်များလိမ့်မယ်၊ ဒီတော့ သူ့ကို ဘယ်မှာ ထားသလဲ"

"ကျွန်တော်တို့ တစ်နေရာမှာ လျှို့ဝှက်ပြီး ထားပါတယ်"

"ကျွန်မ သူနဲ့ တွေ့ချင်တယ်၊ ညအချိန်ရောက်မှ ကျွန်မ အဆောင်ကို လျှို့ဝှက်ပြီး ခေါ်လာခဲ့ပေးပါ"

"ကောင်းပါပြီ"

ထို့နောက် သုံးယောက်သား အဆောင်တွင်းမှ ပြန်ထွက်သွားလေသည်။

စောမြတ်နွယ်စိတ်ထဲမှာတော့ နာဂသူဇာ လိုက်လာသည် ဆိုသော သတင်းကြောင့် အနည်းငယ် လှုပ်ရှားလေသည်။

ညအချိန်ရောက်သောအခါ ကျော်စွာတို့က လျှို့ဝှက်စွာ ပို့ပေးသောကြောင့် နာဂသူဇာဆိုသောအမျိုးသမီးနှင့် တွေ့ရလေသည်။ နာဂသူဇာမှာ ခမ်းနားထည်ဝါလှသော ဟော်နန်းအဆောင်အယောင်များကို တွေ့သောအခါ များစွာကြောက်ရွံ့နေဟန်ရှိလေသည်။

"သိပ်လည်း ကြောက်မနေပါနဲ့ ငါ့ညီမရယ်၊ အစ်မနာမည်က စောမြတ်နွယ်လို့ ခေါ်ပါတယ်"

"ဟုတ်. . . ဟုတ်ကဲ့၊ ကျွန်မနာမည် နာဂသူဇာပါ"

"ကဲ. . . ငါ့ညီမနဲ့ မောင်မောင်တို့အကြောင်းကိုလည်း ပြောပြပါဦး"

"မောင်မောင်ဆိုတာ ဘယ်သူ့ကို ပြောတာလဲဟင်"

"ငါ့ညီမနဲ့ ချစ်သူဖြစ်ခဲ့ကြတဲ့ မောင်မောင်ဆိုတာ သာမည်သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မဟုတ်ဘူး၊ ခန္တီးလောင်း ကျမိုင်းနယ်ရဲ့ အရှင်သခင် တစ်ဦးပဲ"

"ဟင်. . . မောင်မောင်က စော်ဘွားတစ်ဦး ဟုတ်လား"

"ဟုတ်ပါတယ်. . . သူ ဒီမှာရှိတယ်ဆိုတာကို ဘယ်လိုသိလို့ ရောက်လာတာလဲ၊ သူက လိပ်စာပေးထားလို့လား"

"မပေးပါဘူး. . . တလောက ကျွန်မဆီကို သူ စာရေးလိုက်တဲ့ စာတစ်စောင် ရောက်လာပါတယ်၊ စာအိတ်ပေါ်မှာ ကျမိုင်းစာတိုက် တံဆိပ်တုံး ထုထားတာ တွေ့လို့ လိုက်လာခဲ့တာပါ၊ ဒီမြို့ရောက်တော့မှ စုံစမ်းရင်းနဲ့ ဟိုအစ်ကိုသုံးယောက်နဲ့ တွေ့ရတာပါ"

"ငါ့ညီမက မောင်မောင်အပေါ်မှာ တော်တော်ချစ်တာပဲကိုး၊ မောင်မောင်ကလည်း အတော်ကလေး စွဲလမ်းမှု ရှိပါတယ်"

ထိုစကားကြောင့် နာဂသူဇာမှာ မျက်ရည်များ စီးကျလာလေသည်။

"သူ အခု ဘယ်မှာလဲဟင်၊ ကျွန်မ သူနဲ့ တွေ့ပါရစေ"

"အခုလောလောဆယ်တော့ တွေ့ခွင့်မရနိုင်သေးဘူး ငါ့ညီမရဲ့၊ ဟော်နန်းအရေးကိစ္စတွေနဲ့ အလုပ်ရှုပ်နေတယ်၊ ညဘက်ရောက်တော့ သူနဲ့ တွေ့ရအောင် အစ်မ စီစဉ်ပေးပါ့မယ်"

"ကျေး. . ကျေးဇူးတင်လိုက်တာ အစ်မရယ်"

ထို့နောက် နာဂသူဇာကို သူမအဆောင်ထဲမှာပင် လျှို့ဝှက်စွာ ထားလိုက်လေသည်။





# အခန်း(၉)

# မဟာဒေဝီ၏အကြံအစည်

မြူနှင်းများကို ထိုးဖောက်ဆင်းလာသော လရောင်သည် ကျမိုင်းဟော်နန်းတစ်ခုလုံးကို လွှမ်းခြုံထားလေသည်။

လေနှင့်အတူ ပန်းခြံအတွင်းမှ ပန်းရနံ့များက သင်းပျံ့ကြိုင်လှိုင်လျက်ရှိနေလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေလေသည်။

ထိုအချိန်မှာ စောမြတ်နွယ် အဆောင်ရှိသောနေရာ အောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှာ ရှိသော ပန်းခြံအတွင်းသို့ လူရိပ်သဏ္ဌာန်တစ်ခု ဝင်လာလေသည်။

ပါးလွှာသော အဝတ်အချို့ကိုသာ ကိုယ်ပေါ် ပတ်ထားပြီး ရှည်လျားသောဆံပင်များနှင့် မိန်းမပျိုတစ်ယောက်ဖြစ်လေသည်။

ထိုမိန်းမပျိုမှာ မြစ်မျိုးမဲ့မထင် လှပချောမောပြီး လရောင်ဖြင့် စွန်းထင်နေသော အသားအရေမှာလည်း ဝါဝင်းစိုပြည်လျက်ရှိသည်။

အရွယ်၊ ရုပ်ရည်နှင့် ကိုယ်နေဟန်ထားတို့မှာ ခြောက်ပြစ်ကင်းလှသည့် ယမင်းသူဇာတစ်ဦးပမာ လှပတင့်တယ်သူတစ်ဦးဖြစ်ပေသည်။

ထိုမိန်းကလေးမှာ ပန်းခြံအတွင်းသို့ ရောက်သောအခါ တစ်နေရာမှတစ်နေရာသို့ ပြေးလွှားနေလျက်ရှိရာ လေအဝှေ့ဝယ် ဆံပင်များနှင့် ကိုယ်မှာ ပတ်ထားသည့် အဖြူရောင်ပုဝါစတို့မှာ နောက်ဘက်မှာ ဝဲပျံ့လျက်ရှိနေတော့သည်။

ရုတ်တရက် ကြည့်ပါက ပန်းရုံများကြားမှာ လိပ်ပြာတစ်ကောင် ပျံဝဲနေသကဲ့သို့ ရှိနေလေသည်။

အတန်ကြာသောအခါ သီချင်းသံလိုလို အသံအချို့ ပေါ်ထွက်လာသည်။

ထိုအသံများ ပေါ်ထွက်လာပြီး မကြာမီမှာပင် ပန်းခြံအတွင်းသို့ နောက်ထပ်လူတစ်ယောက် ဝင်လာပြန်လေသည်။

အခြားသူ မဟုတ်ပေ။

ခန့်ညားလောင်း အရှင်သခင် စော်ဘွားလေးနီမောင်ပင်ဖြစ်လေတော့သည်။

နီမောင်မှာ သတိမေ့နေသူပမာ တစ်စုံတစ်ခုကို တတွတ်တွတ်ရေရွတ်ရင်း သူနှင့် မလှမ်းမကမ်း ရှိနေသော အမျိုးသမီးနောက်သို့ တကောက်ကောက် လိုက်နေသည်။ နောက်ဆုံးမှာတော့ အမျိုးသမီးမှာ ပန်းရုံတစ်ခုနောက်ဘက်သို့ ဝင်ရောက်ကာ ပျောက်ကွယ်သွားလေတော့သည်။

ထိုပန်းချုံမှာ စောမြတ်နွယ် ရုပ်ထုမြုပ်ထားသည့် ပန်းချုံပင်ဖြစ်ပေသည်။

နီမောင်မှာ ပျောက်သွားသောအမျိုးသမီးကို လိုက်လံရှာဖွေရင်းနှင့် စောမြတ်နွယ်နှင့် နာဂသူဇာတို့ ပုန်းအောင်းနေသော ပန်းရုံရှိရာဘက်သို့ ရောက်လာလေတော့သည်။

ထိုအခါ နာဂသူဇာမှာ စိတ်မထိန်းနိုင်သကဲ့သို့ဖြစ်ကာ နီမောင်ရှိရာသို့ ပြေးထွက်သွားလေတော့သည်။

"မောင်မောင် . . . မောင်မောင်"

အသံကြားသဖြင့် နီမောင်က လှည့်ကြည့်သော်လည်း မှတ်မိဟန် မတူပေ။

"မောင်မောင် . . . မောင်မောင် မဟုတ်လားဟင်"

အနီးသို့ ရောက်သောအခါ ဝမ်းသာအားရ မေးလိုက်လေသည်။

"မင်းဘယ်သူလဲ"

"ကျွန်မ မောင်မောင်ရဲ့ချစ်သူ နာဂသူဇာလေ၊ မမှတ်မိတော့ဘူးလားဟင်"

"မင်းကို ငါမသိဘူး၊ ငါက မင်းချစ်သူ မောင်မောင်မဟုတ်ဘူး၊ ခန့်ညားလောင်း စော်ဘွားလေးခွန်စိုင်းပဲ၊ ငါ့ချစ်သူက မင်းမဟုတ်ဘူး၊ စောဆာတာ ဒီပန်းရုံနောက်မှာ ပျောက်သွားလို့ ရှာနေတာ"

"မောင်မောင်ရယ်"







www.burmeseclassic.com

www.burmeseclassic.com



နာဂသူဇာမှာ အဝေးဆီမှ ချစ်သူရှိရာသို့ မျှော်လင့်ချက်များစွာနှင့် ရောက်လာခဲ့ပြီးမှ ချစ်သူက မမှတ်မိတော့သဖြင့် များစွာဝမ်းနည်းမှုဖြစ်ကာ ငိုကြွေးနေတော့သည်။

ထိုအချိန်မှာ နီမောင်က ထိုနေရာမှ ထွက်သွားလေတော့သည်။

အတော်ကြာတော့မှ ပန်းရုံနောက်ဘက်မှ စောမြတ်နွယ် ထွက်လာပြီး နာဂသူဇာကို နှစ်သိမ့်မှု ပေးလေသည်။

"သူ. . သူ. . ကျွန်မချစ်သူ မောင်မောင်မှ ဟုတ်ရဲ့လား မဖြစ်ရယ်၊ ကျွန်မချစ်သူ မောင်မောင်ဆိုရင် ကျွန်မကို မမှတ်မိစရာ မရှိပါဘူး"

ဟု ပြောကာ ရှိုက်ကြီးတငင် ငိုနေလေသည်။

"သိပ်လည်း ဝမ်းနည်းမနေပါနဲ့ ညီမရယ်၊ စောစောက တွေ့လိုက်တဲ့သူဟာ ညီမရဲ့ချစ်သူ မောင်မောင်ပါပဲ၊ ဒါပေမယ့် သူ့ခမျာ ရောဂါတစ်ခု စွဲကပ်နေလို့ အားလုံးကို သတိမရတော့တာပါ"

"ဟင်. . . ဒီလိုဖြင့် ဘယ်လိုလုပ်ကြမလဲဟင်"

"ဆရာနဲ့ ပြပြီး ကုသလိုက်ရင်တော့ ပြန်ကောင်းသွားမှာပါကွယ်. . . စိတ်မပူပါနဲ့"

ဟု ဖျောင်းဖျပြောဆိုပြီး နာဂသူဇာကို ထိုနေရာမှ ပြန်ခေါ်သွားလေသည်။

သူတို့ ပြန်သွားပြီးမှ ပန်းရုံအနောက်ဘက်မှ မည်းမည်းသဏ္ဍာန်တစ်ဦး ထလာပြီးနောက် မိဖုရားကြီးအဆောင် ရှိရာဘက်သို့ ထွက်သွားလေသည်။

ထိုသို့ အဖြစ်အပျက်များ မဖြစ်မီအချိန်တွင် မိဖုရားကြီး၏ အဆောင်အတွင်းမှာ ဆေးဆရာကြီးဒေဝဏ ရောက်နေလေသည်။





သူတို့သည် စော်ဘွားလေး ရောဂါအခြေအနေနှင့် ပတ်သက်ပြီး တိုင်ပင်ဆွေးနွေးနေကြခြင်းဖြစ်သည်။ ဆရာကြီးဒေဝဏမှာ စော်ဘွားကြီး ရှိစဉ်အချိန်ကတည်းက အသုံးပြုလာခဲ့ရာ ဆေးစွမ်းနှင့် ပတ်သက်လာလျှင် စိတ်ချရသူဖြစ်သည်။

ယခုတစ်ကြိမ် စော်ဘွားလေးနှင့် ပတ်သက်သည့် အစီအရင်ပြုလုပ်သောအခါမှသာ ချို့ယွင်းမှုဖြစ်နေခဲ့ခြင်းဖြစ်သည်။

"ဘယ်လိုလဲ ဆရာကြီး၊ ဒီတစ်ကြိမ်မှာတော့ ဆရာကြီး စီရင်ပေးတဲ့ ဂဝံမျက်နှာဖုံးရုပ်ထုက ဘာမှအစွမ်းမပြနိုင်သေးပါလား"

ထိုသို့အပြောခံရသဖြင့် ဆရာကြီးမှာ စိတ်ထဲမှာ ကသိအအောက်ဖြစ်သွားလေသည်။

"ဆရာပြောတဲ့အတိုင်းရော သေသေချာချာ လုပ်ပါရဲ့လား မိဖုရားကြီး"

"လုပ်ပါတယ်. . . သမီးတော်လက်မောင်းသွေးနဲ့ စီရင်ထားတဲ့ဆေးရည်ကိုလည်း စော်ဘွားလေးကို တိုက်ပါတယ်၊ ဒါ့အပြင် ဆရာကြီး စီရင်ပေးတဲ့ ဂဝံမျက်နှာဖုံးရုပ်ထုကိုလည်း အိပ်ယာခေါင်းအုံးအောက်မှာ ထားပြီးအိပ်ဖို့ သမီးတော်ကို အသေအချာ မှာထားပါတယ်"

"ဆရာရဲ့ပညာစွမ်းကို မိဖုရားကြီးတို့ အသိဆုံးပါလေ၊ အစီအရင် ပြုလုပ်တဲ့နေရာမှာ တစ်ခုခု လွဲမှားလို့မရဘူး၊ တစ်ခုခု လွဲမှားနေလို့သာ အခုလို မအောင်မြင်ဘဲ အချိန်ကြာနေတာ ဖြစ်မှာပါ"

"ဆေးရည်ကို သေသေချာချာ တိုက်ဖို့ သမီးတော်ကို မှာထားပါတယ်၊ ဒါ့အပြင် ဂဝံမျက်နှာဖုံးရုပ်ထုကို ခေါင်းအုံးအောက်မှာ ထားဖို့လည်း သေသေချာချာ မှာထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့အထင်ပြောရရင်တော့ မိဖုရားကြီး စေခိုင်းတဲ့ကိစ္စကို သမီးတော်က မလုပ်လို့သာ အခုထိ အကြံအစည် မအောင်မြင်သေးတာ ဖြစ်မှာပါ။

ဆေးရည်လည်း တိုက်ထားပြီး အရုပ်ကိုလည်း အိပ်ယာပေါ်မှာ တင်ထားခဲ့ရင် ဒီလိုမနေနိုင်ပါဘူး၊ မှုလအသိစိတ်တွေ ပျောက်နေတဲ့ စော်ဘွားလေးဟာ အခန်းထဲ ရောက်လာတာနဲ့ အရုပ်ရဲ့ဖြားယောင်းသွေးဆောင်မှုကြောင့် သမီးတော်ကို တစ်ခါတည်း သိမ်းပိုက်မှာ သေချာပါတယ်၊

စော်ဘွားလေးရဲ့ကိုယ်ထဲမှာ ဆေးရည်မရောက်သေးလို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ဝဝံမျက်နှာဖုံးရုပ်ထုဟာ အခန်းထဲမှာ မရှိလို့ဘဲ ဖြစ်ရပါမယ်"

ဟု ပြောတော့မှ မိဖုရားကြီးမှာ သေသေချာချာ ပြန်တွေးကြည့်လေသည်။

သမီးတော် စောမြတ်နွယ်မှာ ငယ်ရွယ်စဉ်အချိန်ကတည်းက ဘုရားတရား ကြည်ညိုလေးစားသူဖြစ်ရာ မိခင်ဖြစ်သူက စေခိုင်းသော်လည်း လုပ်ချင်မှ လုပ်မည့်သူဖြစ်သည်။

ထို့ပြင် ဘာသာတရားကို ယုံကြည်လေးစားသူဖြစ်သဖြင့် အစီအရင်ဖြင့် ပြုလုပ်ထားသော ရုပ်ထုမှာလည်း ကြာရှည်ရှိချင်မှ ရှိပေမည်။

ဆရာကြီးပြောသကဲ့သို့ မှာကြားသည့်အတိုင်း မလုပ်ဘဲ တစ်ခုခု ချို့ယွင်းချက် ရှိနေ၍သာ ယခုအချိန်အထိ အကြံအစည် မအောင်မြင်ခြင်းဖြစ်မည်ဟု လက်ခံလိုက်လေသည်။

"ဒီတော့ ဘယ်လိုဆက်လုပ်ရမလဲ ဆရာကြီး"

"အစီအရင်ဆိုတာ အစီအစဉ်မလုပ်ရင် အောင်မြင်မှု မရနိုင်ပါဘူး၊ အစီအစဉ်တကျ ဖြစ်မယ်ဆိုရင်တော့ မိဖုရားကြီးရဲ့အကြံအစည်အတိုင်း အောင်မြင်နိုင်ပါတယ်၊ သမီးတော်ဆီက လက်မောင်းသွေးရဖို့ နောက်တစ်ကြိမ် တောင်းပေးပါ"

ထိုစကားကြားသောအခါ မိဖုရားကြီးမှာ သက်ပြင်းချလိုက်လေသည်။

"သူ့ဆီက လက်မောင်းသွေး တောင်းရတာလည်း နှစ်ကြိမ်ရှိပြီဆိုတော့ ဒီတစ်ကြိမ် ထပ်တောင်းရင်တော့ သံသယ ရှိတော့မှာ အမှန်ပဲ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်အကြံအစည် အောင်မြင်အောင်တော့ ဒီလိုပဲ ကြိုးစားရတော့မှာပဲ"

ဟု ပြောလိုက်လေသည်။

ထိုအခိုက်မှာပင် အဝတ်မည်းကြီး ခြုံထားသော လူတစ်ယောက်သည် အစောင့်များထံ ခွင့်တောင်းပြီး အဆောင်တွင်းသို့ ဝင်လာလေသည်။

ထိုသူမှာ စော်ဘွားလေးနှင့် သမီးတော်တို့ အခြေအနေကို စောင့်ကြည့်ခိုင်းထားသော မိဖုရားကြီး စေလွှတ်ထားသော လူယုံတော်တစ်ဦးဖြစ်လေသည်။

"ဟဲ့. . . တန်ပ၊ အကြောင်းထူး ရှိလို့ အချိန်မတော်ကြီး ရေးကြီးသုတ်ပြာနဲ့ ရောက်လာခဲ့တာလား"

"မှန်ပါ သခင်မကြီး၊ အကြောင်းထူး ရှိပါတယ်၊ စော်ဘွားလေးဟာ ယခင်ညတွေကလို နှမတော်အဆောင်ဘက်ကို မသွားတော့ဘဲ ပန်းခြံထဲကို ဆင်းသွားတာ တွေ့ခဲ့ရပါတယ်"

"အလို. . . အဆန်းတကြယ်ပါလား"

မိဖုရားကြီးက တအံ့တသြ ဖြစ်သွားသလို ဆရာကြီးကလည်းတော့







www.burmeseclassic.com

www.burmeseclassic.com



သူထင်တာ မှန်နေပြီမို့ မိဖုရားကြီးကို တစ်ချက်ကြည့်လိုက်လေသည်။

အဘယ်ကြောင့်ဆိုသော်. . .

နီမောင်မှာ ဂဝံရုပ်ထုစက်ကွင်း မိနေပြီဖြစ်ပေရာ ညအချိန် ရောက်လာပြီး သင်းပျံ့သောမွှေးရနံ့တစ်မျိုး ရပါက ဂဝံရုပ်ထု ရှိသော နေရာသို့ပင် သွားရမည်သာဖြစ်ပေသည်။

"ဟဲ့. . . သေချာရဲ့လား တန်ပရဲ့၊ နောက်တော့ ဘာတွေ မြင် ခဲ့တယ်ဆိုတာလည်း ပြောပါဦး"

"စော်ဘွားလေးဟာ ပန်းရုံတစ်ရုံရဲ့အနီးမှာ တဝဲလည်လည်နဲ့ ပျောက်သွားနေတာကိုလည်း တွေ့ခဲ့ရပါတယ်"

"ဟင်. . ."

ထိုစကားကြားသောအခါ ဆရာကြီးဦးဒေဝက,က ဝင်ပြော လေသည်။

"ဒီအတိုင်းမှန်ရင်တော့ ကျုပ်စီရင်ပေးထားတဲ့ ဂဝံမျက်နှာဖုံး ရုပ်ထုက သမီးတော်ရဲ့အခန်းထဲမှာ မရှိတော့ဘဲ ပန်းခြံထဲမှာ ရောက်နေ တာ သေချာပြီ၊ ဘာကြောင့်လဲဆိုတော့ စော်ဘွားလေးဟာ ဂဝံ မျက်နှာဖုံးအရုပ် ရှိတဲ့နေရာကို မသွားဘဲ မနေနိုင်တော့ဘူး၊ ဒါကြောင့် သူရောက်သွားတဲ့နေရာမှာ ဂဝံမျက်နှာဖုံးရုပ် ရှိကိုရှိရမယ်"

ဟု ပြောလေရာ မိဖုရားကြီးလည်း ဘာမှမပြောသာတော့ပေ။

"နောက်တစ်ခုလည်း ရှိပါသေးတယ် ဘုရား"

"ဟဲ့. . . ဘာများလဲ၊ ပြောစရာရှိတာကို မြန်မြန်ပြောစမ်းဟဲ့"

"အဲဒီပန်းခြံထဲမှာ သမီးတော်စောမြတ်နှယ်ကိုပါ တွေ့ခဲ့ရပါ တယ်"

"ဟင်. . . ဟုတ်ရဲ့လားဟဲ့"





"ကျွန်တော် မျက်စိနဲ့ သေသေချာချာ မြင်ခဲ့ရတာပါ၊ သူနဲ့အတူ တခြားမိန်းမတစ်ယောက်လည်း ရှိနေသေးပါတယ်"

"ဘယ်သူလဲ. . ."

"နာဂသူဇာလို့ ပြောသံကြားပါတယ်၊ ခုနကလိုက်လာတဲ့ စော် ဘွားလေးရဲ့ချစ်သူဖြစ်မယ်ထင်ပါတယ်"

"နင်မြင်ခဲ့တာ သေချာရဲ့လား"

"သေချာပါတယ် မယ်မယ်ကြီး"

"အဲဒီမိန်းမ ဘယ်ရောက်သွားသလဲ"

"သမီးတော်စောမြတ်နှယ် ခေါ်သွားတာကို မြင်လိုက်ပါ တယ်"

"အော်. . . ဒင်းက ဒီအထိတောင် ရောက်လာမှကိုး၊ အမျိုး ဖျက်ဖို့ ကြံရွယ်နေတဲ့မိန်းကလေးတော့ ငါတို့အကြောင်း ကောင်း ကောင်း သိစေမပေ့၊ ကဲကဲ. . . နင်လည်း သွားစရာရှိတာ သွားပေ တော့၊ ငါစေခိုင်းထားတဲ့တာဝန်ကိုလည်း တစ်စက်ကလေးမှ မျက်ခြည် မပြတ်စေနဲ့နော်"

"စိတ်ချပါ မယ်မယ်ကြီး"

ဟု ပြောဆိုပြီး တန်ပဆိုသူမှာ အဆောင်တွင်းမှ ပြန်ထွက်သွား လေတော့သည်။

ထိုအခါ မဟာဒေဝီမိဖုရားကြီးနှင့် ဆေးဆရာကြီးဒေဝကတို့မှာ ဆက်ပြီးတိုင်ပင်နေကြသည်။

"ဒင်းက ဒီအထိ ကျူးကျူးကျော်ကျော် ရောက်လာမှတော့ သည်းမခံနိုင်တော့ဘူး၊ ဒီခလုတ်ကန်သင်းကို အမြန်ဆုံး ရှင်းပေးမ ဖြစ်တော့မယ် ဆရာကြီး"

"ဒီလောက်လည်း စိတ်မပူပါနဲ့လေ၊ ဒီလို သုတ်သင်ရှင်းလင်းဖို့



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကတော့ ကျုပ်ရဲ့တပည့်လက်သားတွေကို သွားခေါ်လာပြီး ရှင်းလိုက်ရင် ပြီးပါတယ်"

"ဒီတစ်ခါတော့ အားကိုးပါရစေ ဆရာကြီးရယ်"

"ဒါပေမယ့် တစ်ခုတော့ ရှိတယ် မိဖုရားကြီးရဲ့၊ ဒီကိစ္စမျိုးဆိုတာက သာမန်တစ္ဆေသရဲလောက်နဲ့တင် ရမှာမဟုတ်တော့ ကမ္ဘာဗိဒ္ဓိတန်ခိုးရှိတဲ့ ဖုတ်တစ္ဆေလိုကောင်မျိုး ခေါ်လာရမှာဆိုတော့ သူ့အတွက်နည်းနည်းတော့ တာဝန်ယူပေးရလိမ့်မယ်"

"ဘယ်လိုယူရမှာလဲ ဆရာကြီးရဲ့"

"တခြားတော့ မဟုတ်ပါဘူး၊ သူစားသောက်ဖို့အတွက် ကျွေးမွေးရတာမျိုးလောက်ပါပဲ"

"ဒီလောက်ကတော့ အပန်းမကြီးပါဘူး၊ ကျုပ်ရဲ့အမိန့်တော်နဲ့ ရိက္ခာတိုက်မှူးဆီမှာ ဆရာကြီးအလိုရှိတဲ့ အစားအသောက်တွေကို စီစဉ်ခိုင်းလို့ရပါတယ်၊ ကျုပ်တို့အတွက် ဆူးညှောင့်ခလုတ် ဖြစ်လာမယ့် ဒီနာဂမကိုသာ မြန်မြန်ကလေး သုတ်သင်ရှင်းလင်းပေးပါ"

"ဒီအတွက်တော့ စိတ်ချပါ၊ အမြန်ဆုံး စီရင်ပေးပါ့မယ်"

ဟု ကတိပေးပြီးနောက် ဆရာကြီးဒေဝကလည်း မဟာဒေဝီမိဖုရားကြီး ခန်းမဆောင်အတွင်းမှ ပြန်ထွက်သွားလေတော့သည်။

ထိုအချိန်မှာပင် အရှေ့ဘက်မှ အရုဏ်ဦးအလင်းရောင်များပင် ပေါ်ထွက်လာချေပြီ။







# အခန်း(၁၀)

## သရဲသဘက် ရွေးချယ်ပွဲ

အချိန်အခါမဟုတ် မိုးက တဖွဲဖွဲ ရွာသွန်းနေသောကြောင့် တမိုင်းသုသာန်မြေအတွင်းမှာ မြေစိုင်မြေခဲတို့ပင် ရွှံ့အသွင်ပြောင်းနေကြလေသည်။

သုသာန်အတွင်းမှ သစ်ခြောက်ပင်များနှင့် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာ ရှိနေပြီး မြွေဆိုးများလည်း လွန်စွာပေါလှသည်။

သစ်ပင်ချုံနွယ်များကြားမှာ မြှုပ်နှံထားသောမြေပုံများမှာလည်း အချို့မို့မို့မောက်မောက်နှင့် မှတ်တိုင်များ ရှိနေသေးသော်လည်း အချို့



www.burmeseclassic.com

www.burmeseclassic.com



နေရာများမှာ မြေကျင်းကြီးများ ဟောက်ပက်ဖြစ်နေလေသည်။

ထိုကျင်းများမှာ လူခြေတိတ်ဆိတ်ချိန် ရောက်လာသည်နှင့် တောထဲမှ တောခွေးအုပ်များ ထွက်လာပြီး မြှုပ်နှံထားသော လူသေကောင်များကို တူးဖော်စားသောက်ကြသောကြောင့် ဖြစ်လေသည်။

အချို့နေရာများတွင် ခြေပြတ်လက်ပြတ်နှင့် ဦးခေါင်းခွံများပင် ရှိနေသေးသည်။

အချို့သူများကတော့ မြေပုံများကို တောခွေးများ မတူးဖော်နိုင်စေရန် သစ်သားများနှင့် ခြံစည်းရိုးများ ကာရံထားသည်။

အချို့ကလည်း မြေပုံပေါ်မှာ ဆူးချုံများ ခုတ်တင်ထားလေသည်။

စီးပွားဥစ္စာ ပြည့်စုံသူများကတော့ အုတ်ဂူများ ပြုလုပ်ထားရာ ကျမိုင်းသင်္ချိုင်းအတွင်း၌ အုတ်ဂူအချို့လည်း ရှိပေသည်။

သုသာန်အလယ်လောက်တွင် အမိုးများ ပျက်စီးနေသော ဇရပ်ဟောင်းကြီးတစ်ဆောင်ရှိသည်။

အောက်ခြေမှာ သမံတလင်း ခင်းထားပြီး ကျွန်းလုံးတိုင်ကြီးများ စိုက်ထူ၍ ရှေးခေတ်သုံး သွပ်ပြားအဟောင်းများ မိုးထားသည်။

သွပ်ပြားများမှာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သောကြောင့် အမည်းရောင် ဖြစ်နေကာ ဆွေးမြေ့နေချေပြီ။

ထိုဇရပ်ကြီးနှင့် မနီးမဝေးမှာ ကညင်ပင်ကြီးတစ်ပင်ရှိပြီး ထိုနေရာမှာလည်း အခြားသစ်ပင်များလည်း ရှိနေကြသည်။

လူခြေတိတ်ချိန်ရောက်သောအခါ သင်္ချိုင်းအတွင်းသို့ လူသုံးယောက် ဝင်လာကြသည်။

၎င်းတို့သည် မီးတုတ်များပင် မယူ၊ သဘာဝ အလင်းရောင်ဖြင့်





ဒီအတိုင်း ဝင်လာကြခြင်းဖြစ်သည်။ ရှေ့ဆုံးမှ လွယ်အိတ်ကြီး လွယ်ထားသူမှာ ဆေးဆရာကြီး ဒေဝကဖြစ်ပြီး နောက်မှ ပါလာသူနှစ်ယောက်တို့မှာ အဖော်ခေါ်လာသည့် တပည့်နှစ်ယောက်ဖြစ်သည်။ နောက်မှာ လိုက်လာရသော တပည့်နှစ်ယောက်တို့မှာ များစွာထိတ်လန့်ကြောက်ရွံ့လျက်ရှိနေကြသည်။

မြေပုံများ၊ သစ်ပင်ချုံနွယ်များကြားမှ ဖြတ်လျှောက်လာကြသော ဆရာကြီးတို့သုံးယောက်မှာ ဇရပ်အနီးမှာ ရှိသော ကညင်ပင်ကြီးအနီးသို့ ရောက်သောအခါ ရပ်လိုက်ကြသည်။

ဇရပ်ပေါ်မှာ အမှောင်ရိပ်များ ဖုံးနေသောကြောင့် ရုတ်တရက်လှမ်းကြည့်လိုက်ပါက မျက်လုံးနီနီနှင့် မည်းမည်းသဏ္ဍာန်များ ရှိနေသယောင် ထင်ရသည်။ ထို့ပြင် သင်္ချိုင်းအတွင်းသို့ သူတို့ ဝင်သွားသောအချိန်တွင် ချုံပုတ်များနောက်မှ နီရဲနေသော မျက်လုံးများဖြင့် အရိပ်အခြည် စောင့်ကြည့်နေကြသည်ကို အတိုင်းသား လှမ်းမြင်ကြရသည်။

"ဆ. . ဆရာကြီး၊ ချုံပုတ်တွေနောက်က မျက်လုံးနီနီတွေနဲ့ လှမ်းကြည့်နေကြတယ်"

"သိပ်လည်း ကြောက်မနေပါနဲ့၊ လူသေမြှုပ်ထားတာတွေကို တူးဖော်စားဖို့ စောင့်နေတဲ့ တောခွေးတွေ ဖြစ်မှာပါ"

"ဆရာကြီး ဒီနေရာမှာ ဘာလုပ်မလို့လဲဟင်"

"ငါ့အတွက် ခိုင်းစရာရှိလို့ နည်းနည်းကြမ်းတဲ့ သရဲတစ်ကောင် လာရှာတာ"

"ဗျာ. . ."

ထိုစကားကြောင့် နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"သရဲက နေရာတကာမှာ ရှိနေတာပဲ၊ မြို့ထဲမှာ ခေါ်ရင်လည်း မရဘူးလား"

"မြို့ထဲမှာ ရောက်နေတဲ့သရဲတွေက လူရှုပ်လည်းနေပြီ၊ တော်ရုံနဲ့ ခိုင်းလို့မရတော့ဘူး၊ သင်္ချိုင်းမှာပဲ ရှိနေသေးတဲ့ သရဲတွေက သရဲပါး မဝသေးတော့ တော်ရုံသင့်ရုံပဲ ကျွေးပြီး ခိုင်းရင် ကိုယ်လိုချင်တာ ရနိုင်တယ်"

ဟု ပြန်ပြောပြသည်။

"ဒီက သရဲတွေက ရိုင်းနေသေးတော့ ပိုပြီးကြောက်ဖို့မကောင်းပေဘူးလား ဆရာကြီး"

"မထူးပါဘူးကွာ. . . ပေတလောကသားတွေမှန်သမျှ အားလုံး အတူတူပါပဲ၊ သူတို့က သာရင် ခြောက်လှန့်မယ်၊ ဒုက္ခပေးမယ်၊ အသေသတ်မယ်၊ ဆရာက သူတို့ကို နိုင်ရင်လည်း ခိုင်းတာလုပ်ပေးကြတယ်၊ အဲဒီလို လုပ်ပေးတဲ့နေရာမှာလည်း ဆရာစေခိုင်းတဲ့အလုပ်ကိုပဲ မရမချင်း လုပ်ပေးတတ်ကြတယ်"

"ဆရာကြီး ရှာမယ့်သရဲက ဘယ်မှာရှိသလဲ"

"ဒီသင်္ချိုင်းထဲမှာ ရှိနေသေးတဲ့ သရဲသဘက်တွေကို လိုက်ကြည့်ရမှာပေါ့၊ ကိုယ်သဘောကျတဲ့အကောင်ကို တွေ့ပြီဆိုတော့မှ သူနဲ့ အပေးအယူ လုပ်ပြီး ခေါ်သွားရမယ်၊ ကဲ. . . မင်းတို့ ဒီဇရပ်ပေါ်မှာ ထိုင်ပြီးတော့ စောင့်နေကြဦး၊ ငါ သင်္ချိုင်းထဲ တစ်ပတ်လှည့်ကြည့်လိုက်ဦးမယ်"

"ဖြစ်. ဖြစ်ပါ့မလား ဆရာကြီး"

"ဖြစ်ပါတယ်ကွာ ဘာမှကြောက်စရာ မလိုပါဘူး၊ ဟောဒီမှာ ဆေးကြိမ်လုံး ပေးထားခဲ့မယ်၊ ဘယ်လိုမိစ္ဆာကောင်ပဲဖြစ်ဖြစ် အနားတင်





လာရင် ဟောဒီဆေးကြိမ်လုံးနဲ့သာ ရိုက်ရင် မခံနိုင်ဘူး၊ ထွက်ပြေးသွားလိမ့်မယ်၊ ငါတို့ ယူလာတဲ့ သားစိမ်းငါးစိမ်းတွေကိုလည်း သေသေချာချာ ကြည့်ထားကြဦးနော်၊ တော်ကြာ နောက်က အလစ်ဝင်ဆွဲသွားဦးမယ်"

ဟု ပြောဆိုမှာကြားပြီးနောက် ဆရာကြီးက ၎င်း၏ဆေးလွယ်အိတ်ကြီးကို လွယ်ပြီး အမှောင်ရိပ်တွင်းသို့ ထွက်သွားလေကော့သည်။

ဇရပ်ပေါ်မှာတော့ တပည့်နှစ်ယောက်သာ ကျန်ခဲ့ကြသည်။ သူတို့သည် ဆရာကြီး ပေးထားခဲ့သော ဆေးကြိမ်လုံးကို ကိုင်ထားပြီး အမဲသားထုပ်ကို အနားမှာ ချထားသည်။ ထိုအချိန်မှာ မိုးတဖွဲဖွဲ ရွာနေသည်မှ တဖြည်းဖြည်း သည်းလာသည်။

သွပ်ပြားများပေါ်သို့ မိုးစက်မိုးပေါက်များ ကျလာသံကို ဆူညံစွာ ကြားနေရသည်။

မိုးစက်များနှင့်အတူ လေကလည်း တိုက်ခတ်လာသောကြောင့် သစ်ပင်ချုံပုတ်များ လှုပ်ယမ်းနေသည်။

တောခွေးများ၏အူသံနှင့် မြေပုံနှင့်သစ်ချုံများကြားမှာ သွားလာနေသော သင်္ချိုင်းကောင်များကို လှမ်းမြင်နေသည်။

တောခွေးများ၏မျက်လုံးအရောင်မှာ ညအမှောင်ထဲမှာ အနီရောင်ရဲရဲများဖြစ်နေရာ အနီရောင်အလုံးများ တစ်နေရာမှ တစ်နေရာ ရွေ့လျားသွားလာနေသကဲ့သို့ ရှိလေသည်။

အတန်ကြာသောအခါ ဇရပ်ပေါ် တက်လာသောခြေသံကို အတိုင်းသား ကြားလိုက်ရသည်။

လှည့်ကြည့်လိုက်တော့ ဘာမှမမြင်ရပေ။ သို့သော် ဇရပ်ထုပ်တန်းပေါ်မှာ တင်နေသော အသုဘ ချရာမှာ အသုံးပြုသော မိုးကာစများ လှုပ်ယမ်းသွားပုံထောက်တော့ အရပ်က ထိုနေရာအထိ မြင့်နေ



www.burmeseclassic.com

www.burmeseclassic.com



ရှိလေသည်။ သူတို့ရှိရာသို့ ခြေတစ်လှမ်းချင်း နင်းလာတိုင်း ခြေသံကို ခတိုင်းသား ကြားနေရသည်။

ဇရပ်ပေါ်မှာ ကျန်နေသောနှစ်ယောက်မှာ ချက်ချင်းဆင်းပြေး ချင်စိတ် ပေါ်လာသော်လည်း မပြေးဝံ့ကြပေ။ အတန်ကြာသောအခါ ထန်းပင်လုံးအရွယ်ခန့်ရှိပြီး တစ်ခုလုံး အမွေးအမှင်များ ဖုံးအုပ်နေသော လက်ကြီးတစ်ဖက် ပေါ်လာသည်။

လက်တစ်ချောင်းစီမှာ ထွန်တုံးအရွယ်ခန့်ရှိပြီး လက်သည်းရှည် များလည်း ပါလေသည်။

ထိုလက်ကြီးတစ်ဖက်က သူတို့မျက်စိရှေ့မှာ အတန်ကြာ အောင် ဝဲနေပြီးမှ ဘေးနားတွင် ချထားသော အမဲသားထုပ်ကို ဆွဲယူရန် လက်လှမ်းလိုက်သည်။ ကြီးမားသောလက်ကြီးကို မြင်ရသဖြင့် နှစ်ယောက်စလုံး ကြောက်ရွံ့သွားသော်လည်း ဆရာကြီး ထားခဲ့သော အထုပ်တော့ ပါသွား၍မဖြစ်ပေ။

သို့ကြောင့် တစ်ယောက်က ဆရာကြီး ပေးထားခဲ့သော ဆေး ကြိမ်လုံးနှင့် လက်ကြီးကို ရိုက်ချလိုက်သည်။

"ဖြန်း"

"ဝူး. . ဝါး. . . ဝါး"

ဝူးဝူးဝါးဝါး အော်ဟစ်သံကြီးနှင့်အတူ လက်ကြီး ပျောက်သွား သည်။

ထို့နောက် ဇရပ်ပေါ်မှ ဆင်းပြေးသွားသော ဝုန်းဝုန်းဒိုင်းဒိုင်း အသံများကိုပါ ကြားလိုက်ရလေသည်။

ဇရပ်တစ်ခုလုံးလည်း မြေလျှင်လှုပ်သကဲ့သို့ သိမ့်သိမ့်တုန် သွားလေတော့သည်။





အတန်ကြာတော့ အသံများ ပျောက်သွားသည်။

သစ်ပင်များပေါ်မှာ အိပ်တန်းတက်နေကြသည့် ငှက်များ၏ အလန့်တကြား အော်သံများသာ ကြားရသည်။

ခဏကြာတော့ ဆရာကြီးဒေဝက ပြန်ရောက်လာသည်။

"အသံတွေ ကြားလိုက်ရတယ်. . . ဘာဖြစ်တာလဲဟေ့"

တပည့်နှစ်ယောက်က အကြောင်းစုံ ပြောပြလိုက်သည်။

"နာနာဘာဝတွေကတော့ ဒီလိုပါပဲကွာ၊ အစာတွေ့ရင် မနေ နိုင်ကြဘူး၊ အခုလည်း ငါလိုချင်တဲ့အကောင် ရပြီးရင် အစာကျွေးပြီး ခိုင်းရမှာပဲ"

"ဆရာကြီး ရခဲ့ပြီလား"

"မရသေးဘူး. . . ဒီသင်္ချိုင်းမှာ ရှိတဲ့ သရဲသဘက်တွေကိုတော့ ဒီနေရာကို လာခဲ့ကြဖို့ ခေါ်လာခဲ့ပြီ"

"ဟင်. . ."

"ဒီအကောင်တွေထဲကမှ တစ်ကောင်ချင်း ကြည့်ပြီး ရွေးချယ်ရ မယ်၊ သူတို့ ဘယ်လိုပုံ သေခဲ့တာတွေနဲ့ လူ့ဘဝတုန်းက လုပ်ခဲ့တဲ့ အကုသိုလ်အလုပ်တွေပါ သိဖို့လိုတယ်၊ ဒါမှ ခိုင်းလို့ကောင်းမယ်"

ဟု ပြောရာ ကျန်နှစ်ယောက်မှာ ကြောက်လည်းကြောက် အံ့သြခြင်းလည်း ဖြစ်ကြရသည်။

အချိန်မှာလည်း ညဉ့်နက်ပိုင်း ရောက်လာပြီဖြစ်သောကြောင့် အမှောင်ထုများကလည်း ပိုမိုများပြားလာသည်။ မိုးကလည်း ယခုအချိန် ထိ မစဲသေးပေ။

ဆရာကြီးက ဆေးလွယ်အိတ်၊ ဆေးကြိမ်လုံး၊ အမဲသားအစိမ်း များ ထည့်ထားသောအထုပ်ကို ယူပြီး ဇရပ်အပေါက်ဝအနီးသို့ သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

တပည့်နှစ်ယောက်ကလည်း နောက်မှ လိုက်သွားကြလေသည်။ အတန်ကြာတော့ ဇရပ်ရှေ့ ကွက်လပ်တစ်နေရာမှာ ရှိသော ကျောက်တုံးတစ်တုံးပေါ်မှာ ဖယောင်းတိုင်တစ်တိုင် မီးထွန်းလိုက်ရာ ပတ်ဝန်းကျင်တစ်ပိုက်မှာ အလင်းရောင်အချို့ ရလာလေသည်။

ထိုမီးတိုင်အနီးမှာပင် အသင့်ယူလာသော ငှက်ပျောဖက် တစ်ထုပ်ကို ဖြည်ပြီး ဖြန့်ခင်းလိုက်သည်။

မနက်ပိုင်းကတည်းက ထည့်ထားသော အမဲသားစိမ်းများ ရှိရာမှ အညှီနံ့နှင့် သွေးနံ့များ ထွက်လာသည်။

ထိုအနံ့ကြောင့် သုသာန်မြေတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်လာသကဲ့သို့ ထင်ရလေသည်။

အကောင်အထည် မမြင်ရသော်လည်း လှုပ်ရှားသွားသော အသံများကို ကြားရပြီး သစ်ပင်သစ်ကိုင်းများ လှုပ်ယမ်းသွားသည်ကို လှမ်းမြင်ရခြင်းဖြစ်သည်။ ပမာပြောရလျှင်တော့ သွေးညှီနံ့ ရလိုက်သဖြင့် သွေးကြိုက်သောသတ္တဝါများ မနေနိုင်မထိုင်နိုင် လှုပ်ရှားလာသောပုံစံမျိုးဖြစ်သည်။

"ဒီပတ်ဝန်းကျင်မှာ ရှိနေကြသော ပရလောကသားတွေ. . . ငါသည် အနိုင်းအစေပြုရန်အတွက် ကြမ်းတမ်းခက်ထန်သော ပရလောကသားတစ်ကောင်ကို လိုချင်တယ်၊

ငါအလိုရှိတဲ့အမျိုးအစားက ကျွတ်၊ မှင်စာ၊ တစ္ဆေ မဟုတ်ဘူး။ အစိမ်းသေ သေခဲ့ပြီး မကျွတ်မလွတ်သေးတဲ့ သရဲသဘက်၊ ဒါမှမဟုတ် ဘီလူးတစ်ကောင် လိုချင်တယ်၊ နင်တို့ ငါမြင်သာအောင် ငါ့ရှေ့လာခဲ့ကြ"





ထိုသို့ပြောပြီး အတန်ကြာတော့ ခြေသံကြီး ကြားလာရသည်။ အရပ်အမောင်းက ထန်းပင်ပမာဏ မြင့်ပြီး ကိုယ်လုံးကလည်း ကြီးသည်။

တစ်ကိုယ်လုံးမှာလည်း အမွေးရှည်များ ဖုံးလွှမ်းထားသည်။ မနီးမဝေးမှာ လာရပ်သည်။

"မင်း ဘယ်သူလဲ"

". . . . ."

"သချိုင်းစောင့်ကြီးကတော့ ဟုတ်ပါပြီ၊ လူ့ဘဝတုန်းက လူသတ်ခဲ့ဖူးလား၊ သရဲဘဝရောက်တော့လည်း ဘယ်နှစ်ယောက် သတ်ခဲ့ပြီးပြီလဲ"

". . . . ."

"ငါခိုင်းတဲ့အလုပ်က လူသတ်ရမှာဆိုတော့ မင်းနဲ့ မဖြစ်ဘူး. . ပြန်သွားပေတော့"

ထိုသို့ပြောသော်လည်း ချက်ချင်းမသွားသေးဘဲ ရှေ့မှာ ချထားသော အမဲသားတုံးများကို လက်ညှိုးထိုးပြသည်။ ဆရာကြီး ဒေဝက,က ဖက်ရွက်များပေါ်မှ အမဲသားတစ်တုံးကို ယူပြီး လှမ်းပစ်ပေးလိုက်တော့မှ ဖမ်းယူပြီး ပြန်သွားလေသည်။

ခဏကြာတော့ မနီးမဝေးတောစပ်မှ လက်ကြီးတစ်ဖက် ထောင်ပြသည်။

"ဘယ်သူလဲ"

". . . . ."

"သဘက်ကြီးလွန်းပင် ဟုတ်လား၊ ဘယ်လိုဖြစ်ပြီး သေလို့ ဒီဘဝရောက်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



". . . . ."

"(၉၆)ပါးရောဂါနဲ့ သေပြီး သဘက်ဘ၀ ရောက်နေတာ ဟုတ်လား၊ ဘာကြောင့် အခုအချိန်ထိ မကျွတ်သေးတာလဲ"

". . . . ."

"ဩော်. . . ကျန်ခဲ့တဲ့ သားမယား၊ သားသမီးတွေနဲ့ ဥစ္စာပစ္စည်းတွေကို စွဲလန်းနေလို့ မကျွတ်သေးတာကိုး၊ ဒါကတော့ မင်းအပြစ်နဲ့မင်းပဲ. . . ခံပေါ့ကွာ၊ ငါကတော့ မင်းကို မလိုချင်ဘူး. . . သွားပေဦးပေါ့"

သို့သော်လည်း တော်တော်နှင့် မသွားသေးသဖြင့် အမဲသားတစ်တုံး ပစ်ပေးလိုက်တော့မှ လက်ကြီးပြန်ပျောက်သွားသည်။

ခဏကြာပြန်တော့ အမှောင်ထဲမှ အသံကျယ်ကျယ်နှင့် "ဟေး" ဟု အော်သံတစ်ချက် ကြားလိုက်ရသဖြင့် အသံကြားသည့်ဘက်သို့ လှမ်းကြည့်လိုက်ကြရာ ထန်းလုံးတမျှ ကြီးမားရှည်လျားသော ခြေထောက်ကြီးတစ်ဖက်မှာ ဇရပ်ခေါင်မိုးအပေါ်သို့ တစ်လှမ်းတည်းနှင့် လှမ်းတက်သွားသည်ကို မြင်လိုက်ကြရသည်။

မကြာမီ "ဟေး" ဟု အော်သံထပ်ကြားရပြီး ဇရပ်ခေါင်မိုးပေါ်မှ ပြန်ဆင်းလာသော ခြေထောက်ကြီးတစ်ဖက်ကို မြင်ရသည်။

သူတို့ ရှိနေသောနေရာမှာ တိုင်တစ်လုံး စိုက်ထားသကဲ့သို့ တောင့်တောင့်ကြီး ရပ်နေသော ခြေထောက်ကြီးတစ်ဖက်ကိုသာ မြင်နေရသေးသည်။

"ဘယ်သူလဲဟေ့"

". . . . ."

"သရဲငပေဆိုတာကတော့ ဟုတ်ပါပြီ၊ ဒီလောက်အရပ်မြင့်နေ





တာတော့ မဟန်သေးဘူးဟေ့၊ နည်းနည်းသေးလိုက်ဦး"

ဟု ဆိုတော့မှ တဖြည်းဖြည်းနှင့် ပြန်သေးသွားပြီး မနီးမဝေးမှာ လူတစ်ယောက်သဏ္ဌာန် ရပ်နေသည်ကို တွေ့ကြရသည်။

ဆရာကြီးက ငပေဆိုသူ၏အကြောင်းကို မေးရာ သူက ပြန်ပြောပြသည်။

သရဲငပေ ပြောပြသောစကားများကို ရေးသားဖော်ပြရလျှင်

"ကျုပ်နာမည်က ငပေလို့ ခေါ်တယ်၊ ကျုပ်နဲ့အတူ ငတေဆိုတဲ့ ညီတစ်ယောက်လည်း ရှိသေးတယ်၊ ကျုပ်တို့က လူ့ဘဝတုန်းက ဆူးပန်းကုန်းရွာသားတွေပဲ"

"ဘယ်လိုကြောင့် သရဲဘ၀ ရောက်နေတာလဲ"

"ကျုပ်မိန်းမနဲ့ကလေးတွေကို ယောက္ခမတွေက ခေါ်သွားတယ်၊ နောက်က လိုက်သွားပြီး ပြန်ခေါ်တော့ မရတော့ဘူး၊

အဲဒါကြောင့် ယောက္ခမ မိသားစုတွေရော၊ မိန်းမနဲ့ကလေးတွေရော အားလုံး ဓားနဲ့ ခုတ်သတ်ခဲ့တယ်"

"ကြိုက်ပြီဟေ့"

"အဲဒီနောက် ညီအစ်ကိုနှစ်ယောက်စလုံး အဖမ်းခံခဲ့ရတယ်"

"မင်းညီက ဘယ်လိုပါလာတာလဲ"

"သူက ကျုပ်နဲ့ အဖော်လိုက်လာပြီး လူသတ်တဲ့နေရာမှာ ဝင်ပါပြီး အဖမ်းခံကြရတာ၊ နောက်ဆုံးတော့ တရားသူကြီးက နှစ်ယောက်စလုံးကို မသေမချင်း လည်ပင်းကြိုးတပ်ပြီး သတ်လိုက်လို့ သေပြီး သရဲဘ၀ ရောက်နေရတာ၊ ဒါ့ပြင် သေပြီးမှ ဝိညာဉ်တွေကို ထောင်ချထားတာလည်း ရှိသေးတယ်"

"မင်းကိုတော့ ငါသဘောကျသွားပြီ၊ အခုလာတာ ငါ့မှာခိုင်း



www.burmeseclassic.com

www.burmeseclassic.com



စရာရှိလို့ ခိုင်းလို့ရမယ့် သရဲတစ်ကောင် လာရှာတာ၊ မင်းလိုက်နိုင်မလား"

"ဘယ်လိုလုပ်ပေးရမှာလဲ. . . ဘယ်ကိုလိုက်ရမှာလဲ"

"ငါနဲ့ လိုက်လာပြီး လူသတ်ပေးရမယ့်အလုပ်ပဲ"

"လူသတ်ရမယ့်အလုပ်တော့ သဘောကျတယ်၊ ကျုပ်ရဲ့ညီတွေကိုပါ ခေါ်ခဲ့ရမှာလား"

"မင်းထိန်းနိုင်ရင်တော့ ခေါ်လာခဲ့ပေါ့"

"ကျွေးရင်လည်း နှစ်ယောက်စာ ကျွေးရမှာနော်"

"ဒါကတော့ ကျွေးမှာပေါ့"

"ကျုပ်တို့ကို ဘယ်လောက်ကြာကြာ ခေါ်ထားမှာလဲ"

"ငါခိုင်းချင်တဲ့ကိစ္စတွေ ပြီးရင် မင်းတို့နေရာဟောင်းကို ငါကိုယ်တိုင် ပြန်ပို့ပေးမယ်၊ ဒါထက် မင်းက ငါနဲ့ လိုက်မယ့်သူဆိုတော့ မင်းရဲ့ ပုံပန်းသဏ္ဍာန်ကိုလည်း ပြပါဦးကွာ"

ဟု ဆရာကြီးက ပြောလိုက်သည်နှင့် သရဲငပေက ရှေ့သို့ ခြေတစ်လှမ်းတိုးလာသည်။

မီးရောင်ရှေ့ရောက်လာတော့မှ သူ၏ပုံပန်းသဏ္ဍာန်ကို မြင်ရသည်။

လည်ပင်းအရိုးဆစ်များ ပြုတ်ထွက်နေသောကြောင့် လည်ပင်းက ရှည်ထွက်နေပြီး ဦးခေါင်းက ထိန်းမရနိုင်လောက်အောင် တလှုပ်လှုပ် ဖြစ်နေသည်။

မျက်စိနှစ်လုံးက ပုစွန်မျက်လုံးကဲ့သို့ အပြင်သို့ ပြူးထွက်နေပြီး ကလယ်ကလယ်ဖြစ်နေသည်။

နှာခေါင်းက အတွင်းသို့ တိုဝင်နေပြီး ပါးစပ်ထဲမှ လျှာကတော့





အပြင်သို့ ထွက်နေသည်။

ပါးစပ်တွင်းသို့ လိပ်တင်လိုက်လျှင်လည်း ခဏသာ ရပြီး ပြန်ကျလာသည်။

ခန္ဓာကိုယ်ကတော့ ဘီလူးတစ်ကောင်ပမာ တုတ်ခိုင်မှု ရှိလေသည်။

"မင်းကို သဘောကျတဲ့အတွက် ခေါ်သွားတော့မယ်၊ ငါ့နောက်ကိုသာ လိုက်ခဲ့ပေတော့"

ဟု ပြောပြီး ရှေ့မှာ ချထားသော အမဲသားများကို ပစ်ပေးလိုက်ရာ သရဲငပေက အားရပါးရ ကောက်စားလေသည်။ ခဏကြာတော့ သူနှင့်အတူ နောက်ထပ်သရဲတစ်ကောင်ပါ လာရောက်စားသောက်နေသည်ကို လှမ်းမြင်ကြရသည်။ အားလုံးပြီး၍ ဆရာကြီးဒေဝကတို့ သုသာန်အတွင်းမှ ပြန်ထွက်လာသောအခါ သရဲနှစ်ကောင်တို့မှာ နောက်မှ လိုက်လာကြလေတော့သည်။

မိုးက တဖွဲဖွဲ ရွာနေဆဲပင် ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

## ဝိညာဉ်များသောချစ်သူ

စောမြတ်နွယ်က နာဂသူဇာကို သူမ၏အဆောင်အတွင်းမှာ
ပင် လျှို့ဝှက်စွာ ခေါ်ဆောင်ထားလေသည်။

နာဂသူဇာခမျာမှာလည်း အဝေးဆီမှ ချစ်သူကို တွေ့ရလေ
အောဖြင့် လိုက်လာခဲ့ပြီး ယခုတွေ့ရပြန်တော့လည်း အဆင့်အတန်းချင်း
က မိုးနှင့်မြေလို ကွာခြားနေသည်ကတစ်ကြောင်း၊ ချစ်သူမောင့်မောင်
က သူမကို လုံးဝမမှတ်မိသောအခြေအနေ ရောက်နေသည်က တစ်
ကြောင်းကြောင့် ရင်မအေးနိုင်အောင် ရှိနေလေသည်။ စောမြတ်နွယ်

www.burmeseclassic.com

www.burmeseclassic.com



ကတော့ နာဂသူဇာ ရောက်လာသောကြောင့် သူမအနေနှင့် မည်ကဲ့သို့ ဆုံးဖြတ်ပေးရမည်မှန်း မသိအောင် ဖြစ်နေလေသည်။

ပထမအချက်က နီမောင်၏ကျန်းမာရေးအခြေအနေ ပြန်ကောင်းလာပြီး မူလစိတ်အခြေအနေမှန်ကို ပြန်ရောက်ဖို့က အရေးကြီးလှသည်။

နောက်တစ်ချက်က သူ၏စိတ်ပိုမှန်အခြေအနေ ပြန်ရောက်လာပြီး နာဂသူဇာကို တွေ့သောအခါ ဘယ်လိုစိတ်စဉ်မှာလဲ။

သူ့သဘောစိတ်တိုင်းကျ မိမိတို့မျိုးနွယ်ထဲမှ မဟုတ်ဘဲ သာမန်မိန်းကလေးတစ်ယောက်နှင့် လက်ထပ်၍ကတော့ မည်သူကမှ လက်ခံကြလိမ့်မည် မဟုတ်ပေ။

ထိုသို့ အစဉ်အလာ ချိုးဖောက်ပါက နှစ်ယောက်စလုံး အသတ်ခံရပြီး ဟော်နန်းကိုလည်း အခြားစော်ဘွားတစ်ဦးဦးက ဝင်ရောက်သိမ်းပိုက်သွားပေလိမ့်မည်။ ယခုလောလောဆယ်တော့ မင်္ဂဟေသီ မိဖုရားခေါင်ကြီးအရာကို ဆက်ခံနိုင်မည့်သူမှာ စောမြတ်နွယ်မှလွဲပြီး အခြားသူ မရှိပေ။

သူမ ရှိနေပါရက်နဲ့ နာဂသူဇာနှင့် လက်ထပ်လျှင်တော့ အားလုံး ဒုက္ခရောက်ကြမည်မှာ အမှန်ပင်ဖြစ်သည်။

နောက်ညများမှာလည်း နီမောင်ကတော့ ဂဝံမျက်နှာဖုံးရုပ်ထု မြှုပ်ထားသော ပန်းချုံရှိရာသို့ သွားမြဲသွားနေသည်။ နာဂသူဇာခမျာမှာလည်း ချစ်သူကို မြင်သာမြင်ရပြီး မကြင်ရသောဘဝမို့ အဝေးမှ ကြည့်ရင်းနှင့်သာ မျက်ရည်ကျနေရရှာသည်။

တစ်ညမှာတော့ ပြတင်းပေါက်မှ အဝေးသို့ မျှော်ကြည့်နေစဉ် သူမ ရှိရာ ပြတင်းပေါက်အောက်မှ လူတစ်ယောက် လျှောက်လာသည်



ကို လှမ်းမြင်ရသည်။ ရုပ်ဖျက်ထားသောကြောင့် မည်သူမည်ဝါ ဖြစ်မှန်း သဲကွဲဘဲ ရှိနေစဉ် ထိုလူက မျက်နှာတစ်ချက် မော့ကြည့်သည်။

"ဟင်. . ."

အခြားသူ မဟုတ်ပေ။

သူမချစ်သူ မောင်မောင်ပင်ဖြစ်တော့သည်။

သို့ကြောင့် များစွာဝမ်းမြောက်သွားလေသည်။

"ဟင်. . . မောင်မောင်"

အောက်မှာ ရောက်နေသော နီမောင်က သူမကို အဆောင်အောက်သို့ ဆင်းလာရန် လက်ဟန်ခြေဟန်ဖြင့် ခေါ်နေသောကြောင့် အောက်သို့ ဆင်းရန် တံခါးပေါက်ဝသို့ သွားရာ ခြေသံကြားသဖြင့် ပုတီးစိပ်နေသော စောမြတ်နွယ်က. . .

"ညီမလေး ဘယ်သွားမလို့လဲ"

ဟု လှမ်းမေးသည်။

"အောက်မှာ မောင်မောင် ရောက်နေလို့ ခဏလေး ဆင်းတွေ့လို့ပါ မမရဲ့"

စောမြတ်နွယ်စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားသောကြောင့် ပုတီးစိပ်နေရာမှ ထလာသည်။

"ဘယ်မှာလဲ. . ."

"ဟို. . ဟို. . ပြတင်းပေါက် အောက်ဖက်မှာပါ"

ဟု ပြောသဖြင့် ငုံ့ကြည့်လိုက်သောအခါ ဘယ်သူမှ မတွေ့ရတော့ပေ။ မကျေနပ်သဖြင့် အတန်ကြာအောင် ရပ်တန့်ပြီး ဟိုဟိုဒီဒီ ကြည့်တော့လည်း အရိပ်အယောင်မျှပင် မမြင်ရပေ။

"ဘယ်သူမှ မရှိပါလား"

www.burmeseclassic.com

www.burmeseclassic.com



"စောစောကတော့ မောင်မောင်ကို သေသေချာချာကို မြင်လိုက်ရတာပါ၊ အခုမှသာ ဘယ်နေရာ ရောက်သွားမှန်း မသိတော့တာ"

"တကယ်လို့ မောင်မောင်ဆို ဒီအဆောင်ပေါ် တက်လာလည်း ရတာပဲကွယ်၊ ဟော်နန်းတစ်ဆောင်လုံးမှာ သူ့အတွက် တံခါးမရှိ ဓားမရှိ ဝင်ထွက်နိုင်တာပဲဟာ၊ ကဲ. . ကဲ. . ငါ့ညီမလည်း အိပ်လိုက်ဦး၊ မမ မသိဘဲနဲ့ အပြင်ကို အရမ်းမထွက်နဲ့နော်၊ ဒီနေရာတွေမှာ အန္တရာယ်တွေက အများသားကွယ့်"

ဟု ပြောဆိုကာ စောမြတ်နွယ်က သူမအဆောင်ဘက်သို့ ပြန်သွားလေသည်။

နာဂသူဇာမှာ အိပ်မပျော်နိုင်သေးသောကြောင့် နောက်တစ်ကြိမ် နီမောင်ကို တွေ့ရလေဦးမလားဟု ပြတင်းပေါက်နားမှ စောင့်မျှော်ကြည့်သော်လည်း မတွေ့ရတော့ပေ။ နောက်တစ်နေ့ ညမှာတော့ အဆောင်တွင်းမှာ စောမြတ်နွယ် မရှိပေ။

မဟာဒေဝီမိဖုရားကြီးက ခေါ်ထားသောကြောင့် ထိုအဆောင်သို့ သွားနေရသည်။

ညအချိန်ထိ ပြန်ရောက်မလာသေးဘဲ အဆောင်တွင်းမှာ အပျိုတော်များ၊ အစောင့်များနှင့် နာဂသူဇာတစ်ယောက်တည်းသာ ကျန်ခဲ့လေသည်။

ညဥ့်နက်ချိန်ရောက်သောအခါ ပြတင်းပေါက်အနီးမှာ အောက်ဖက်မှ လူရိပ်လိုလို မြင်ရလေသည်။

အခြားသူ မဟုတ်ပေ။

သူမချစ်သူ မောင်မောင်ပင်ဖြစ်သည်။

မောင်မောင်က အောက်ဖက်သို့ ဆင်းလာရန် ခေါ်နေသဖြင့်





ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အောက်ဖက်သို့ ဆင်းသွားလေသည်။

ဒီတစ်ကြိမ်မှာတော့ သူမကို တားမည့်သူ မရှိတော့ပေ။ အောက်သို့ ရောက်သွားသောအခါ သူ့ကို လာခေါ်သောသဏ္ဌာန်က ဥယျာဉ်ခြံတွင်း ရောက်အောင် ရှေ့မှ ခပ်သုတ်သုတ် လျှောက်သွားလေသည်။

နာဂသူဇာကလည်း နောက်မှ လိုက်သွားသည်။

"မောင်မောင်. . . သူဇာကို စောင့်ပါဦး"

ထိုအခါ ရှေ့မှ သွားနေသူက သူ့နောက်မှ လိုက်ခဲ့ရာ ခြေဟန်လက်ဟန် ပြကာ ခေါ်သွားသဖြင့် လိုက်သွားရာ ဟောနန်းနှင့် အတော်ဝေးဝေးနေရာမှာ ရှိသော သစ်ချုံများ ဝန်းရံနေသော တောင်ကုန်းတစ်နေရာ ရောက်တော့မှ ရပ်လိုက်လေသည်။ နာဂသူဇာက မနီးမဝေးနေရာ ရောက်သွားသည်။

"မောင်မောင်. . . ကျွန်မကို မမှတ်မိတော့ဘူးလားဟင်"

ထိုသို့မေးတော့မှ ကျောခိုင်းရပ်နေသူက သူမဘက်သို့ တဖြည်းဖြည်းနှင့် လှည့်လာလေသည်။

ပြီးနောက် ဦးခေါင်းပေါ်မှာ တင်ထားသော အဝတ်မည်းကြီးကို လက်ဖြင့် ဖယ်လိုက်လေသည်။

"အမယ်လေး"

နာဂသူဇာမှာ ကြောက်လွန်းသဖြင့် စူးစူးဝါးဝါး တစ်ချက်သာ အော်နိုင်ပြီး သတိမေ့ကာ ပုံရက်သား လဲကျသွားလေတော့သည်။

ထိုသို့လဲကျသွားစဥ်မှာပင် သရဲပေက လက်ကြီးနှစ်ဖက်ကို ဆန့်တန်းကာ ရှေ့သို့တိုးလာလေသည်။ အနီးသို့ ရောက်လာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာမှ လှမ်းအော်လိုက်သောအသံကြောင့် တန့်ကနဲ ရပ်သွားလေသည်။

"ဟဲ့. . . ငပေ ရပ်လိုက်စမ်း၊ မင်းလုပ်ရမယ့်တာဝန်ပြီးပြီ၊ ကိုယ့်နေရာကိုယ် ပြန်သွားတော့"

ဟု ပြောတော့မှ သရဲငပေမှာ အမှောင်ရိပ်အတွင်းသို့ ပြန်ဝင်သွားလေတော့သည်။

ထိုအခါ ပန်းချုံနောက်မှာ အသင့်စောင့်နေသော ဆရာကြီးဒေဝက ထွက်လာပြီး သတိမေ့နေသော နာဂသူဇာကို ပွေ့ခေါ်သွားလေတော့သည်။

ထိုအချိန်မှာပင် မဟာဒေဝီမိဖုရားကြီး၏လျှို့ဝှက်အဆောင်ထဲမှာ စောမြတ်နွယ် ရှိနေသည်။

သူမမှာလည်း ဆေးတစ်မျိုး သောက်မိရာမှ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေလေသည်။

ဆရာဒေဝကသည် ထိုအခန်းတွင်းသို့ ရောက်သောအခါ စောမြတ်နွယ် ကုတင်နံဘေးမှာ အသင့်ယှဉ်ချထားသော အခြားကုတင်တစ်လုံးပေါ်မှာ အသာချလိုက်သည်။

"နှစ်ယောက်စလုံး သတိပြန်မလည်လာခင် ကျုပ်တို့ စီစဉ်ထားတဲ့အတိုင်း လုပ်ရမယ်"

"ဘယ်လိုလုပ်မှာလဲ ဆရာကြီး"

"သူတို့နှစ်ယောက်ကို ဝိညာဉ်ချင်း လဲထားလိုက်မယ်၊ သမီးတော် စောမြတ်နွယ်ကိုယ်ထဲကို နာဂသူဇာရဲ့ဝိညာဉ်ရောက်မှ ကျုပ်တို့ ခိုင်းသမျှတွေ လုပ်ပြီး အကြံအစည် အောင်မြင်မှာဗျ"

"နောက်တော့ရော ဘယ်လိုဖြစ်မှာလဲဟင်"





"ဒီလောက်လည်း မစိုးရိမ်ပါနဲ့လေ၊ အကြံအစည်အားလုံး အောင်မြင်ပြီးတော့မှ သူတို့ရဲ့ဝိညာဉ်တွေကို ပြန်လဲလိုက်ရင် လွယ်ပါတယ်လေ"

"ဆရာကြီး ကောင်းသလိုသာ စီစဉ်ပါတော့၊ ကျုပ်တို့ရဲ့အကြံအစည်တွေ အောင်မြင်ဖို့သာ အရေးကြီးပါတယ်"

"ကဲကဲ. . . သူတို့ရဲ့ဝိညာဉ်တွေ ပြန်ရောက်လာတာနဲ့ ခန္ဓာကိုယ်ချင်း လဲဝင်ပေးဖို့ စီရင်တော့မှာမို့ အားလုံး အပြင်ကိုသာ ထွက်ပေးကြပါတော့"

ဟု ပြောရာ မဟာဒေဝီပင် အပြင်သို့ ထွက်ပေးရလေသည်။ ထိုသို့ထွက်သွားပြီးနောက် အခန်းတစ်ခုလုံး မှောင်ချလိုက်ပြီးနောက် မီးခိုးငွေ့အဖြူများ ထွက်သော နံ့သာတိုင်များကို ထွန်းထားသည်။

စောမြတ်နွယ်နှင့်နာဂသူဇာတို့ ခေါင်းရင်းဘက်တွင် မီးကျီခဲထည့်ထားသော မြေခွက်ရှိပြီး ထိုအထဲသို့လည်း ဆေးမှုန့်အချို့ ဖြူးထည့်နေသည်။ ပါးစပ်မှလည်း ဂါထာမန္တာန်များကို အဆက်မပြတ် ရွတ်ဆိုနေလေသည်။

အတန်ကြာသောအခါ အပြင်ဘက်မှ ဖြူဖြူသဏ္ဌာန်တစ်ခု အတွင်းသို့ ဝင်လာလေသည်။

မီးခိုးငွေ့များကဲ့သို့ တွန့်ကာကွေ့ကာဖြင့် ဝင်လာခြင်းဖြစ်ပေသည်။

"အခြားနေရာသို့ ရောက်နေသော ဝိညာဉ်များတို့သည် မိမိတို့ခန္ဓာအိမ် ရှိရာသို့ အမြန်ပြန်လာခဲ့ကြလော့. . . အမြန်ပြန်လာခဲ့ကြလော့"

ထိုသို့ရွတ်ဆိုနေရာ ပထမဆုံး ဝင်ရောက်လာသော ဝိညာဉ်မှာ



www.burmeseclassic.com

www.burmeseclassic.com



စောမြတ်နွယ်၏ဝိညာဉ်ဖြစ်သည်။

အနီးသို့ ပြန်ရောက်လာသောအခါ ဝိညာဉ်ကြီးမှတစ်ဆင့် ကိုယ်အတွင်းသို့ ပြန်ဝင်ရန် ကြိုးစားနေစဉ်မှာ ဆရာဒေဝက စောမြတ်နွယ်ကိုယ်ပေါ်သို့ အဝတ်နက်တစ်ထည် ဖုံးလွှမ်းထားလိုက်ရာ ကိုယ်ပေါ်မှာ ဝဲနေသည့်ဝိညာဉ်မှာ ဝင်၍မရတော့ပေ။

"ဒီခန္ဓာအိမ်က ပျက်စီးနေပြီ၊ အခြားခန္ဓာအိမ်အတွင်းသို့ ဝင်ပေတော့"

ဟု ပြောလိုက်ရာ လိပ်ပြာတစ်ကောင်လို ဝဲပျံနေသော စောမြတ်နွယ်၏ဝိညာဉ်က နာဂသူဇာ၏ကိုယ်ထဲသို့ ဝင်သွားလေတော့သည်။

အတန်ကြာတော့ နောက်ထပ်ဝိညာဉ်တစ်ခု ဝင်လာပြန်သည်။ နာဂသူဇာ၏ဝိညာဉ်ပင်ဖြစ်သည်။

သူမ၏ဝိညာဉ်ခန္ဓာအိမ်ဟောင်း ရှိရာသို့ သွားသောအခါ အခြားဝိညာဉ်တစ်ခု ရောက်နေသောကြောင့် ဝင်မရတော့ပေ။

သို့ကြောင့် ဒီဘက်သို့ ရောက်လာရာ ဒေဝက,က စောမြတ်နွယ်ကိုယ်ပေါ်တွင် ဖုံးအုပ်ထားသည့် အဝတ်မည်းကြီးကို ဖယ်ပေးလိုက်သည်။

"ဤခန္ဓာကိုယ်အတွင်းသို့ ဝင်ပေတော့"

နာဂသူဇာ၏ဝိညာဉ်က စောမြတ်နွယ်၏ကိုယ်အတွင်းသို့ ဝင်သွားလေသည်။

ဝိညာဉ်လဲလှယ်ခြင်းကိစ္စ ပြီးသွားသောအခါ စောမြတ်နွယ်၏ လက်မောင်းသွေး အနည်းငယ်ကို ထုတ်ယူလိုက်သည်။

ကိစ္စပြီးသောအခါ စောမြတ်နွယ်ဝိညာဉ် ဝင်နေသော နာဂသူဇာကို လုံခြုံစိတ်ချရသော အခန်းတစ်ခုအတွင်းသို့ ထည့်ကာ အပြင်မှ သော့ခတ်ထားလိုက်လေသည်။

ထို့နောက် နာဂသူဇာဝိညာဉ် ရောက်နေသော စောမြတ်နွယ်ကိုတော့ မူလအဆောင်ရှိရာ ကုတင်ပေါ်သို့ ပြန်ပို့ပေးထားလိုက်လေသည်။

နောက်တစ်နေ့မှာတော့ အခန်းထဲမှာ ထည့်ထားသော နာဂသူဇာမှာ သတိပြန်ရလာသည်။

သို့စေကာမူ နာဂသူဇာမှာ ကိုယ့်ကိုယ်ကို နာဂသူဇာမှန်း မသိတော့ဘဲ စောမြတ်နွယ်စိတ် ဝင်နေတော့သည်။

"အလို. . . ငါက ဘယ်လိုအခန်းထဲ ရောက်နေတာလဲ၊ ဘာကြောင့် ဒီလိုအခန်းထဲ ရောက်နေတာလဲ၊ ဘာကြောင့် ဒီလိုထည့်ပြီး အခန်းတံခါး ပိတ်ထားရတာလဲ၊ အပြင်မှာ ဘာတွေဖြစ်ကုန်ပြီလဲ၊ ယယ်မယ်ဖုရားနဲ့မောင်မောင်တို့ရော ဘယ်ရောက်နေကြပြီလဲ၊ အစောင့်တွေနဲ့ အခြွေအရံတွေလည်း ဘယ်သွားနေကြတာလဲ"

ဟု ဇဝေဇဝါ တွေးတောနေလေသည်။

သူမအနေနှင့် ထိုအခန်းထဲမှာ ရောက်နေစဉ် စားချိန်တန် ကျွေးရသည်မှလွဲပြီး အခြားတော့ ဘာမှမသိရှာပေ။ ထို့အတူ မိမိအခန်းထဲသို့ ပြန်ရောက်နေသော စောမြတ်နွယ်မှာလည်း မူလစိတ်မျိုး မဟုတ်တော့ဘဲ နာဂသူဇာစိတ် ဝင်နေတော့သည်။

"ဟင်. . . ငါဘယ်ရောက်နေတာလဲ၊ ငါအခုရောက်နေတဲ့ ကုတင်က အစ်မတော်စောမြတ်နွယ် အိပ်တဲ့ကုတင်ပါလား၊ အခြွေအရံတွေကလည်း ငါ့ကို အစ်မတော်စောမြတ်နွယ်လိုပဲ ရိုရိုသေသေ ဆက်ဆံနေကြပါလား၊





www.burmeseclassic.com

www.burmeseclassic.com



အစ်မတော်စောမြတ်နွယ်က ဘယ်ရောက်သွားပြီလဲ၊ အခု ဘာတွေ ဖြစ်နေကြတာလဲ”

စောမြတ်နွယ်ခမျာ ဇဝေဇဝါ ဖြစ်နေတော့သည်။ ထိုအဖြေမှာ မှန်တင်ခုံရှေ့ ရောက်တော့မှ ပို၍ရှုပ်ထွေးသွားလေတော့သည်။

ရှင်းမရသောပဟေဠိပုစ္ဆာတစ်ခုမှာ ယခု ပို၍ရှုပ်ထွေးသွားလေတော့သည်။

မှန်ထဲမှာ မြင်နေရာ သူမ၏မျက်နှာကို မမှတ်မိတော့ပေ။

“ဟင်. . . ငါ့မျက်နှာလည်း ဟုတ်ပါလား၊ ဘယ်လိုဖြစ်ပြီး ငါ့မျက်နှာက အစ်မတော်စောမြတ်နွယ်မျက်နှာ ဖြစ်နေရတာလဲ၊

ငါ အမြင်မှားတာလား၊ ဒါမှမဟုတ် ငါ ရူးများရူးနေပြီလား”

ဟု တုန်လှုပ်စွာ တွေးနေမိလေသည်။

နေ့လည်ဘက်တွင် မဟာဒေဝီမိဖုရားကြီး အဆောင်တွင်းသို့ ဝင်လာလေသည်။

မိဖုရားကြီးကို မြင်သောအခါ စောမြတ်နွယ်မှာ များစွာကြောက်ရွံ့တုန်လှုပ်မှု ဖြစ်ကာ ကုတင်ပေါ် ထိုင်နေရနိုးနိုး၊ ကြမ်းပြင်ပေါ် ဆင်းပေးရနိုးနိုး ဖြစ်နေတော့သည်။ မိဖုရားကြီးက သူမအနီးသို့ ဝင်ထိုင်ပြီး ကြင်နာသောအမူအယာနှင့် ပခုံးကို ဖက်လိုက်သည်။

“နေကောင်းသွားပြီလား သမီးတော်”

“ကျ. . ကျွန်မ အစ်မတော်စောမြတ်နွယ် မဟုတ်ပါဘူး၊ နာဂသူဇာဆိုတဲ့မိန်းကလေးပါ”

ထိုစကားကြားသောအခါ မိဖုရားကြီးက သဘောကျစွာ ပြုံးလိုက်လေသည်။

ဒီတစ်ကြိမ်တော့ဖြင့် သူတို့အကြံအစည် မုချအောင်မြင်တော့





မည်ဟု တွေးလိုက်မိသည်။

“သမီးတော်က နေထိုင်မကောင်းဖြစ်ပြီး ယခုလို စိတ်တွေ တယောင်ချောက်ခြား ဖြစ်နေတာပါ။ ကဲ. . . မယ်မယ် မေးတာကို အမှန်အတိုင်း ဖြေနိုင်ပါ့မလား”

“ဟုတ်. . ဟုတ်ကဲ့ မေးပါ”

“သမီးတော်က မောင်မောင်အပေါ်မှာ တကယ်မေတ္တာစစ်နဲ့ ချစ်နေတယ် မဟုတ်လား”

ခေါင်းညိတ်ပြသည်။

“ဒီလိုဖြင့် ပိုင်ဆိုင်ခွင့် ရအောင်ကော မကြိုးစားချင်ဘူးလား”

“ကြိုး. . ကြိုးစားချင်ပါတယ်”

“ဒီလိုဖြင့် မယ်မယ်ခိုင်းတဲ့အတိုင်း တသွေမတိမ်း လုပ်မှပဲ ရမှာပေါ့၊ တခြားတော့ မဟုတ်ဘူး၊ ဒီကနေ့ည မောင်မောင် ဒီအခန်းကို ရောက်လာရင် ဟောဒီမှာ မယ်မယ်စီရင်ပေးထားတဲ့ဆေးကို တိုက်ဖြစ်အောင် တိုက်ရမယ်၊ ဒါမှ အခုခံစားနေရတဲ့ ရောဂါဝေဒနာတွေ တင်းစင်ပပျောက်ပြီး သမီးတော်ကို မှတ်မိလာလိမ့်မယ်. . . ကြားလား”

ဟု မှာကြားပြီးသောအခါ အသင့်ယူလာသောရွှေခွက်ကို စားပွဲပေါ် တင်ပေးလိုက်သည်။ ထို့နောက် ကတ္တီပါအိတ်ဖြင့် ထည့်ထားသော ဝဝံမျက်နှာဖုံးအိတ်ကို ခေါင်းအုံးအောက်မှာ ထည့်ထားခဲ့လေတော့သည်။

နာဂသူဇာဝိညာဉ် ကိုယ်ထဲ ရောက်နေသောကြောင့် နာဂသူဇာစိတ်သာ ဖြစ်နေသော စောမြတ်နွယ်ခမျာမှာတော့ မိဖုရားကြီး ပြုမူနေပုံများကို မည်သို့မှ နားမလည်နိုင်အောင် ရှိနေလေတော့သည်။

ထိုနေ့ညဦးပိုင်းအချိန် ရောက်သောအခါ ဝဝံရုပ်ထုမယ် ဆက်



www.burmeseclassic.com

www.burmeseclassic.com



ကွင်းမိနေသော နီမောင်မှာ သင်းပျံ့သောရနံ့များ ရပြီး မနီးမဝေးမှာ ရှိနေသော ဂဝံရုပ်ထုမယ်ကို မြင်တွေ့ရသည်နှင့် မူလစိတ် ပျောက်ကွယ်ကာ ထိုနောက်သို့ လိုက်သွားလေတော့သည်။

ဂဝံရုပ်ထုမယ်က စောမြတ်နွယ်အဆောင်သို့ သွားရာ နောက်မှ လိုက်သွားလေတော့သည်။

စောမြတ်နွယ်အခန်းတွင်း ရောက်သောအခါ အိပ်ယာပေါ်မှာ ပျောက်ကွယ်သွားလေတော့သည်။

နာဂသူဇာစိတ် ဖြစ်နေသည့် စောမြတ်နွယ်မှာ ချစ်သူကို မြင်သောအခါ ဝမ်းသာအားရဖြင့် မြေးဝင်သွားပြီး ဖက်ထားလိုက်လေတော့သည်။

"မောင်မောင် . . . မောင်မောင် . . . သူဇာကို သတိရပြီလား ဟင်"

ထိုသို့မေးသော်လည်း ဇဝေဇဝါဖြစ်နေဟန် ရှိသေးသော ကြောင့် မိဖုရားကြီးပေးထားသော ဆေးရည်ခွက်ကို ယူပြီး နီမောင် တိုက်လေသည်။

ထိုဆေးရည်မှာ စောမြတ်နွယ်လက်မောင်းသွေးဖြင့် စီမံဖော်စပ်ထားသော ဆေးရည်ဖြစ်သည်။ ထိုဆေးရည်ကို သောက်ပြီးသည်နှင့် နီမောင်မှာ သူ့အနီးမှာ ရှိသည့် နာဂသူဇာဝိညာဉ် ဝင်နေသော စောမြတ်နွယ်ကို သူရှာနေသော ဂဝံရုပ်ထုမယ်ဟု ထင်လာပြီးနောက် ထွေး ဖက်ထားလိုက်လေတော့သည်။

"မင်း ငါ့ကို ညတိုင်းညတိုင်း ဒုက္ခပေးနေတာ ဒီညတော့ဖြင့် ငါ့လက်က မလွတ်တော့ဘူး"

ဟု ပြောပြီး စောမြတ်နွယ်၏ကိုယ်ကလေးကို ပွေ့ယူကာ





သလွန်ပေါ်သို့ ခေါ်သွားလေတော့သည်။

ထိုအခြေအနေကို မြင်သောအခါ အခန်းထောင့်တစ်နေရာမှာ ရှိနေကြသော မဟာဒေဝီမိဖုရားကြီးနှင့် ဆေးဆရာကြီးဒေဝကတို့မှာ ဒီကနေ့တော့ ၎င်းတို့အကြံအစည် အထမြောက် အောင်မြင်ပြီဟု တွေးကာ အကျေနပ်ကြီး ကျေနပ်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

## ဒေဝတနှင့် ပရလောကသားတို့ရန်ငြိုး

စောမြတ်နွယ် ဝိညာဉ်ဝင်နေသော နာဂသူဇာကို ထားသော အခန်းမှာ ဟော်နန်း၏အနောက်ဘက်မှာ ရှိသော လျှို့ဝှက်နေရာရှိ အခန်းတစ်ခန်းဖြစ်ပေသည်။

သူမခမျာ ပြန်လည်သတိရသောအခါ အဘယ်ကြောင့် ထိုကဲ့သို့ ဖမ်းဆီးချုပ်နှောင်ထားသည်ကို နားမလည်နိုင်အောင်ဖြစ်နေတော့သည်။

ထို့ပြင် သတိရလာသောအခါ ကိုယ်ပေါ်မှာ ဝတ်ဆင်ထား



www.burmeseclassic.com

www.burmeseclassic.com



သော အဝတ်အစားများကို ကြည့်ပြီး များစွာအံ့ဩနေလေတော့သည်။

"ဒီအဝတ်အစားတွေ ငါဝတ်နေကျ ယောဂ်နန်းအဝတ်အစားတွေလည်း မဟုတ်ပါလား၊ နေပါဦး. . . ဒီအဝတ်အစားတွေ ဝတ်ထားတဲ့သူကို ငါမြင်ဖူးပါတယ်၊ ဪ- သတိရပြီ နာဂသူဇာဆိုတဲ့မိန်းကလေးဝတ်တဲ့ အဝတ်အစားတွေပါလား၊ သူဝတ်တဲ့ အဝတ်အစားတွေက ငါ့ကိုယ်ပေါ် ဘယ်လိုရောက်နေတာလဲ"

ထိုသို့စဉ်းစားနေရင်း အဖြေမပေါ်နိုင်အောင် ဖြစ်နေတော့သည်။

နာဂသူဇာမှာ ထိုအခန်းထဲ ရောက်နေသော်လည်း အချိန်တန်လျှင် စားသောက်စရာများကတော့ ရောက်လာလေသည်။ သို့သော်ဘာတစ်ခုမှ ယူမစားပေ။

ထိုသို့ယူမစားသဖြင့် သူမအနေနှင့် ဆက်လက်၍ အသက်ရှင်နေခွင့် ရနေခြင်းဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် မဟာဒေဝီမိဖုရားကြီးက ၎င်းတို့၏အကြံအစည် အောင်မြင်သွားပြီဖြစ်သောကြောင့် နာဂသူဇာကို သုတ်သင်ရှင်းလင်းပစ်ရန် သူမထံသို့ ပို့ပေးသော အစားအစာများထဲမှာ အဆိပ်ခပ်လွှတ်လိုက်လေသည်။

ထိုအကြံအစည် မအောင်မြင်သောအခါ တစ်ညမှာတော့ နာဂသူဇာကို သတ်ဖြတ်ရန် သရဲငပေကို စေလွှတ်လိုက်တော့သည်။

နာဂသူဇာခမျာ မှုန်ပျပျအလင်းရောင် ရှိသော အခန်းထဲမှာ ထိတ်လန့်ကြောက်ရွံ့စွာဖြင့် တစ်ယောက်တည်း ထိုင်နေစဉ် ပိတ်ထားသော အခန်းတံခါးရွက်က တကျွီကျွီနှင့် ပွင့်လာလေသည်။

တဆက်တည်းမှာပင် ကြောက်မက်ဖွယ်ကောင်းသော မည်း





မည်းသဏ္ဌာန်ကြီးက အခန်းပေါက်ဝမှာ ရပ်တန့်နေသည်ကို လှမ်းမြင်ရသဖြင့် များစွာထိတ်လန့်သွားလေသည်။

ထိုသဏ္ဌာန်မှာ သာမန်လူတစ်ယောက် မဟုတ်ဘဲ မကောင်းဆိုးဝါးတစ်ကောင်ဖြစ်မှန်းတော့ သူမစိတ်ထဲမှ သိနေသည်။ မကောင်းဆိုးဝါးများနှင့် တွေ့ကြုံရလျှင် ဘုရားတရားဂုဏ်တော်၊ ပရိတ်တော်များကို ရွတ်ဖတ်ပါက ဘေးအန္တရာယ်များ ကင်းဝေးနိုင်ကြောင်း စာမြတ်နှယ်၏ဝိညာဉ်က သိနေသော်လည်း တစ်နည်းဆိုရလျှင် စိတ်ထဲမှ သိနေသော်လည်း ထိုဂါထာမန္တာန်များကို ရွတ်ဆိုလေ့ မရှိခဲ့သော နာဂသူဇာကတော့ တစ်လုံးမှ မရွတ်ဆိုနိုင်ဘဲ ရှိနေလေသည်။ ထိုအခိုက်မှာပင် အခန်းတွင်းသို့ ဝင်လာသော မကောင်းဆိုးဝါးကြီး တဖြည်းဖြည်းနှင့် အနီးသို့ ရောက်လာသောအချိန်မှာ ကြောက်မက်ဖွယ်ကောင်းသော မျက်နှာပုံပန်းသဏ္ဌာန်ကြီးကို မြင်လိုက်ရသောအခါ တစ်ချက်သာ အော်နိုင်ပြီး မေ့မျောကာ ကုတင်ပေါ်သို့ လဲကျသွားလေတော့သည်။

မကောင်းဆိုးဝါးကြီးကလည်း တဖြည်းဖြည်းနှင့် ကုတင်ဘေးသို့ ရောက်လာပြီး နာဂသူဇာလည်ပင်းကို လက်ဖြင့် ဆုပ်ကိုင်ရန် ဟန်ပြင်လိုက်သည်။

ထိုအခိုက်မှာပင် အခန်းပေါက်ဝမှ လူလေးယောက် ဝင်လာကြလေသည်။

နီမောင်၊ စောထီး၊ မဲအောင်နှင့် ၎င်းတို့ ခေါ်ထားသော ဆေးဆရာကြီး ဦးဗန်ကောင်းတို့ပင်ဖြစ်သည်။

"ဟဲ့. . . မိစ္ဆာကောင် အခုရပ်လိုက်စမ်း"

ထိုအသံကြားသောအခါ သရဲငပေက နောက်ဘက်သို့ ပြန်လှည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းတို့ကို မြင်သောအခါ မာန်ဖီသောအနေနှင့် သွားဖြဲပြလေသည်။

ပြီးနောက် ရန်မူရန် တဖြည်းဖြည်းနှင့် ရှေ့တိုးလာရာ ဦးဗန်ကောင်းက မိစ္ဆာဟူသမျှ နိုင်နင်းစေသော ဂမုန်းနတ်ဆေးကို ပြရာ တန့်သွားလေသည်။

ထိုအချိန်မှာ စောထီးနှင့်ငမဲအောင်တို့က လျင်မြန်စွာ အနီးကပ်သွားပြီး ပရိတ်ချည်များဖြင့် စီရင်ပြုလုပ်ထားသော ခြေမန်းကွင်း ပစ်ထားလိုက်ရာ မိစ္ဆာကောင်ကြီးမှာ ထိတ်လန့်တကြားဖြင့် ဝူးဝူးဝါးဝါး အော်ဟစ်နေတော့သည်။

ထိုအခါမှ ဦးဗန်ကောင်းက အနီးသို့ ကပ်သွားလေသည်။

"မင်းဘယ်သူလဲ"

"သရဲငပေပါ"

ဟု အသံသြသြနှင့် ပြန်ဖြေသည်။

"မင်းကို ဘယ်သူခိုင်းတာလဲ"

"ဆရာကြီးဒေဝက ခိုင်းတာပါ"

"ကောင်းပြီ. . . မင်းကို ဒီအတိုင်းပဲ ချုပ်ထားခဲ့တော့မယ်"

"အမယ်လေး. . . မလုပ်ပါနဲ့၊ အခုတောင် ပူလှပါပြီ၊ ကျုပ်ကို လွှတ်ပေးပါ ဆရာကြီးရယ်"

"အေး. . . လွှတ်ပေးရမယ်ဆိုရင် မင်း ကတိတစ်ခုတော့ ပေးရမယ်၊ ပြီးတာနဲ့ ဒီဟော်နန်းရှိတဲ့ နယ်နိမိတ်အတွင်းမှာ မနေဘဲ မူလနေရာဟောင်းကို ပြန်ရမယ်"

"ပြန်ပါ့မယ်. . . ဒါပေမယ့် သူတို့လက်ထဲမှာ သရဲတေ ကျန်ပါသေးတယ်"





"ကျွန်တော်ကို ငါကိုယ်တိုင် ရှင်းပစ်မယ်၊ မင်းသာ ထွက်ပြီးနေနှောင့်ယှက်နဲ့တော့"

ထို့နောက် သရဲငပေမှာ ဆရာကြီးဦးဗန်ကောင်းအား အမျိုးမျိုးကတိပေးပြီးနောက် ချည်မန်းကွင်းများကို ဖယ်ရှားပေးလိုက်သောအခါ တစ်ချိုးတည်း ပြေးထွက်သွားလေတော့သည်။

ထို့နောက်မှာတော့ သတိမေ့နေသော နာဂသူဇာကို မြင်သောအခါ များစွာအံ့သြနေမိသည်။

ကျော်စွာတို့က ပြောပြသဖြင့် နာဂသူဇာ ဟော်နန်းအတွင်းသို့ ရောက်နေကြောင်း ကြိုသိရသော်လည်း ယခုမှ တွေ့ရခြင်းဖြစ်ပေသည်။

ယခင်တစ်ကြိမ်တွေ့ရစဉ်က မူလစိတ် ပျောက်နေသောကြောင့် လုံးဝမမှတ်မိခဲ့ပေ။

ထို့ပြင် ကျော်စွာတို့က ဖြစ်ကြောင်းကုန်စင် ပြောပြခဲ့ပြီး ဖြစ်ပေသည်။

သို့ကြောင့်. . .

အဖြစ်အပျက်များကိုလည်း အားလုံးသိနေခဲ့ပြီ ဖြစ်သည်။ ဆရာကြီးဦးဗန်ကောင်းက ရောက်လာသည်နှင့် ဂမုန်းနီ၊ ဂမုန်းဖြူ၊ ဂမုန်းနက်ဆေးများကို တိုက်ကျွေးထားသောကြောင့် အမှောင့်ပယောဂများ မကျော်နိုင်တော့ဘဲ ပုံမှန်အခြေအနေသို့ ပြန်ရောက်နေချေပြီ။

သူတို့သည် ကျော်စွာကို စောမြတ်နွယ်အဆောင်နားမှာ အစောင့်ချထားခဲ့ပြီး နာဂသူဇာကို သွားရောက်ကယ်တင်ပြီးမှ ထိုအဆောင်သို့ တစ်ခေါက်ပြန်သွားကြခြင်းဖြစ်သည်။ နီမောင်တစ်ယောက်တည်း အဆောင်တွင်းသို့ ဝင်သွားသောအခါ နာဂသူဇာပြောဉ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်နေသော စောမြတ်နွယ်က ရင်ခွင်ထဲသို့ ဝင်လာပြီး အတင်းဖက်ထားလေတော့သည်။

"မောင်မောင် . . . မောင်မောင်"

"အစော နေကောင်းသွားပြီလား"

"အို . . . မောင်မောင်ကလည်း မှားနေပြန်ပြီ၊ ကျွန်မနာမည်က အစောမှ မဟုတ်တာ၊ မောင်မောင့်ချစ်သူ နာဂသူဇာလေ"

နီမောင်မှာ စောမြတ်နွယ်ကိုယ်ကလေးကို အလိုက်သင့် ဖက်ထားရင်း များစွာစိတ်မကောင်းဖြစ်သွားမိလေသည်။

"ဖြစ်ရလေ အစောရယ်"

ဟု ရေရွတ်လိုက်သည်ကို စောမြတ်နွယ်က ကြားသွားသည်။

"အို . . . မောင်မောင်ကလည်း၊ ကျွန်မနာမည် အစောမဟုတ်ဘူးလေ၊ သူဇာပါ မောင်ရဲ့"

"ထားပါတော့ သူဇာရယ်၊ မောင်မောင် အခုလာတာ သူဇာကို ဆေးတိုက်မလို့ လာခဲ့တာ . . . သောက်ရမယ်နော်"

"သူဇာက ဘာဖြစ်နေလို့လဲဟင်"

"မောင်မောင်တို့နှစ်ယောက်နီးစပ်ဖို့အတွက် ကြားမှာ အနှောင့်အယှက်တွေ အများကြီး ရှိနေတယ်၊ ဒါကြောင့် ဆေးတစ်ခွက်တော့ သောက်လိုက်နော်"

ဟု ချော့ချော့မော့မော့ ပြောတော့မှ ခေါင်းညိတ်ပြလေသည်။ ထိုအခါ နီမောင်က ဆရာကြီးဦးဖန်ကောင်း ပေးလိုက်သော ဆေးရည်တစ်ခွက် တိုက်လိုက်ရာ သတိမေ့သွားလေတော့သည်။ ထို့နောက်မှာတော့ စောမြတ်နွယ်ကို နာဂသူဇာ ထားသောအခန်းသို့ ခေါ်ဆောင်သွားလေတော့သည်။





ထိုအဆောင်တွင်းသို့ ရောက်သောအခါ သတိမေ့နေသေးသော နာဂသူဇာ ကုတင်နံဘေးမှာ ချထားသောကုတင်ပေါ်သို့ စောမြတ်နွယ်ကို တင်ထားလိုက်သည်။

"သူတို့နှစ်ယောက်ကို ဝိညာဉ်ချင်း ပြန်လဲရမှာမို့ စော်ဘွားလေးတို့ အပြင်ခဏထွက်ပေးကြပါ"

ဟု ဦးဖန်ကောင်းက ပြောသဖြင့် အပြင်သို့ ထွက်ပေးကြရသည်။

ထို့နောက် ဦးဖန်ကောင်းက အခန်းတွင်းမှာ အမှောင်ချလိုက်ပြီး မီးဖိုအတွင်းသို့ ဆေးမှုန့်များ ဖြူးချလိုက်ရာ မီးခိုးငွေ့အဖြူများထွက်လာသည်။

ထိုသို့ထွက်လာသည်နှင့် ဝိညာဉ်များကို လာစေသွားစေသော ဂါထာမန္တာန်များကို ရွတ်ဆိုလိုက်ရာ အတန်ကြာတော့ အပြင်မှ ဝိညာဉ်ဖြူတစ်ကောင် ဝင်လာလေသည်။ ထိုဝိညာဉ်က စောမြတ်နွယ် ကိုယ်ခန္ဓာအတွင်းသို့ ဝင်ရန် ဟန်ပြင်နေသောအခါ ဦးဖန်ကောင်းက ဆေးအစီအရင်ဖြင့် တားလိုက်သောအခါ နာဂသူဇာ ကိုယ်အတွင်းသို့ ဝင်သွားလေတော့သည်။

အတန်ကြာတော့ နောက်ထပ်ဝိညာဉ်ဖြူတစ်ကောင် ဝင်လာပြီး စောမြတ်နွယ်ကိုယ်တွင်းသို့ ဝင်ရောက်သွားလေတော့သည်။

ထိုသို့ဝင်သွားပြီး အတန်ကြာသောအခါ နှစ်ယောက်စလုံး သတိပြန်ရလာသည်။

သူတို့နှစ်ယောက်စလုံးမှာလည်း မူလဝိညာဉ်များ ပြန်လည်ရောက်သွားပြီဖြစ်သောကြောင့် ပုံမှန်အတိုင်း ပြန်ဖြစ်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ ဘယ်လိုဖြစ်ပြီး ဘယ်နေရာ ရောက်နေကြတာလဲ ဟင်"

ထိုအခါ ဆရာကြီးဦးဗန်ကောင်းက အနည်းငယ် ရှင်းပြပြီး နီမောင်တို့ ရှိရာသို့ ခေါ်သွားလေသည်။

နီမောင်ကို မြင်သောအခါ နှစ်ယောက်စလုံး ဝမ်းသာနေကြလေသည်။

လူစုံသောအခါမှ ဆရာကြီးဦးဗန်ကောင်းက အဖြစ်အပျက်များကို ပြောပြသည်။

"အမှန်တော့ ဒီအဖြစ်အပျက်တွေဟာ ပယောဂရဲ့လက်ချက်ကြောင့် ဖြစ်ရတာပါပဲ၊ စော်ဘွားလေးကို ပင်ကိုယ်စိတ် ပျောက်အောင် လုပ်ပြီး ဂဝံမျက်နှာဖုံးရုပ်နဲ့ ဖမ်းစားခဲ့တယ်၊

သမီးတော်စောမြတ်နွယ်နဲ့ ဟောဒီက နာဂသူဇာဆိုတဲ့ မိန်းကလေးကိုလည်း ဝိဉာဉ်ချင်း ပြောင်းပြီး ဒုက္ခရောက်အောင် ဖန်တီးခဲ့တယ်၊

နောက်ဆုံး ဒီမိန်းကလေးကို မကောင်းတဲ့မိစ္ဆာကောင်နဲ့ သတ်ဖို့ လုပ်နေတုန်း ကျုပ်တို့ ကယ်ထားလိုက်ရတယ်"

"ဒါတွေဟာ ဘယ်သူလုပ်နေတာလဲ ဆရာကြီး"

"ဟော်နန်းထဲမှာ ရှိတဲ့ ဆေးဆရာဒေဝက လုပ်တာပါပဲ၊ သူက အောက်လမ်းဆရာတစ်ယောက်ပါပဲ"

ဟု ပြောသောအခါ စော်ဘွားလေးက ရဲမက်များကို ခေါ်ပြီး ဆေးဆရာဒေဝကကို ဖမ်းခိုင်းလိုက်သည်။ သို့သော် ဆေးဆရာ ဒေဝကကို မမိတော့ပေ။

သူသည် အခြေအနေမဟန်ဘဲ သူတို့ပြုလုပ်ခဲ့သော ယုတ်မာ



ရက်စက်မှုများကြောင့် အသက်ခံရတော့မည်ကို ရိပ်မိသောကြောင့် ထွက်ပြေးသွားခဲ့လေသည်။

ထို့နောက်မှာတော့ ဆရာကြီးဦးဗန်ကောင်းက အသက်ဝင်နေသော ဂဝံမျက်နှာဖုံးရုပ်ထုကို မီးရှို့ဖျက်ဆီးပစ်လိုက်လေသည်။

ရှင်းတို့၏အကြံအစည်များ ပေါ်သွားသောအခါ မဟာဒေဝီ မိဖုရားကြီးက သူ့အပြစ်ကို ဝန်ခံလေသည်။

"ဒီကိစ္စတွေ စီစဉ်တဲ့အထဲမှာ မယ်မယ်လည်း ပါခဲ့ပါတယ်၊ ဒါကလည်း သားတွေ သမီးတွေ ကောင်းစားဖို့အတွက် လုပ်ခဲ့ရတာပါပဲ၊ မယ်မယ်ကို ပေးချင်တဲ့အပြစ်သာ ပေးကြပါကွယ်"

ဟု ဝန်ခံလေရာ စော်ဘွားလေးက အပြစ်မယူဘဲ ခွင့်လွှတ်ပေးခဲ့လေသည်။

"မယ်မယ်အပြစ်တွေကို ခွင့်လွှတ်ပေးကြတယ်ဆိုရင်တော့ လောကီဘဝမှာတော့ မနေလိုတော့ပါဘူး၊ ယောဂီဘဝနဲ့ပဲ တရားအလုပ် အားထုတ်ပါတော့မယ်"

ဟု ခွင့်ပန်လေရာ အားလုံးက ကြည်ဖြူစွာ ခွင့်ပေးလိုက်ကြလေတော့သည်။

ဟော်နန်းမှ အခြေအနေမဟန်သောကြောင့် ပြေးထွက်သွားရသော ဆေးဆရာဒေဝက၏ ကံကြမ္မာကလည်း မကောင်းလှပေ။

သရဲငပေက ရန်ငြိုးဖွဲ့ပြီး အပြင်မှ စောင့်နေစဉ် သရဲငတေနှင့် ထွက်ပြေးလာသောဆေးဆရာနှင့် တစ်နေရာမှာ တွေ့ကြလေသည်။

ထိုအခါ သရဲနှစ်ကောင်စလုံးက ဟော်နန်းမှာ ရှိနေစဉ်က စားရသကဲ့သို့ အစာကျွေးရန် တောင်းဆိုကြတော့သည်။

"ငါတောင် ဟော်နန်းက ခွေးပြေးဝက်ပြေး ထွက်ပြေးခဲ့ရတာ၊

www.burmeseclassic.com



ဆေးလွယ်အိတ်တွေလည်း ကျန်နေခဲ့ပြီ၊ မင်းတို့နှစ်ယောက်ကိုလည်း မကျွေးနိုင်တော့ဘူး"

ဟု ပြောရာ ယခင်က ဆေးလွယ်အိတ် ရှိနေသောကြောင့် ကြောက်ရွံ့နေရသော သရဲနှစ်ကောင်မှာ ယခု မရှိတော့သောအခါ မကြောက်ရွံ့ကြတော့သဖြင့် ဆေးဆရာဒေဝကကို သတ်ဖြတ်လိုက်ပြီး နောက် ကျမိုင်းသုသာန်သို့ ပြန်သွားကြလေတော့သည်။

ပရလောကသားတို့ကို လှည့်စားမိသော ဆေးဆရာခမျာ ဘဝ ဇာတ်သိမ်း မကောင်းခဲ့ပါချေ။





# အခန်း(၁၃)

## နှလုံးသားဖြင့် ဆုံးဖြတ်ရသောအရာ

စော်ဘွားလေးနီမောင်၏ အခန်းတွင်းမှာ ဖြစ်သည်။ ထို အဆောင်တွင်းမှာ နာဂသူဇာ ရှိနေသည်။

"တကယ်တော့ ကျွန်မ မောင်မောင်အပေါ်မှာ တကယ်ချစ်ခဲ့ ပါတယ်၊ ဒါကြောင့်လည်း ဒီအထိ စွန့်စွန့်စားစား လိုက်လာခဲ့တာပါ

ဒါပေမယ့် ဒီရောက်လာပြီး အခြေအနေတွေအားလုံးကို မြင်ရ တဲ့အခါ ကျွန်မအနေနဲ့ နှလုံးသားကို ဦးစားမပေးသင့်မှန်း သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ခဲ့ရပါတယ်၊

ကျွန်မတစ်ယောက်ရဲ့လိုအင်ဆန္ဒ တစ်ခုတည်းနဲ့တော့ ခန္တီးလောင်းတစ်နယ်လုံး၊ ကျမိုင်းတစ်မြို့လုံးရဲ့ကြမ္မာတွေ အပျက်အစီး မခံသင့်ပါဘူး၊

ဒါကြောင့် မောင်မောင်အနေနဲ့ အစ်မတော်စောမြတ်နွယ်ကိုပဲ လက်ထပ်ပြီး ဟော်နန်းသိမ်းမင်္ဂလာပွဲ ဆင်ယင်ကျင်းပသင့်ပါတယ်၊

ဒီအတွက်လည်း ကျွန်မကျေနပ်ပါတယ်၊ မောင်မောင့်အပေါ်မှာလည်း နားလည်ခွင့်လွှတ်ပေးနိုင်ပါတယ်"

"သူဇာရယ် . . ."

"အစ်မတော် စောမြတ်နွယ်ဟာ စိတ်ထားဖြူစင်တဲ့ အမျိုးသမီးတစ်ဦးပါ၊ မောင်မောင့်အပေါ်မှာလည်း မေတ္တာရှိနေပါတယ်၊ နောက်တစ်ချက်က အမျိုးသမီးတစ်ယောက်ဟာ အရှက်တရားနဲ့ အသက်ရှင်နေကြတာဆိုတော့ အစ်မတော်ရဲ့ဂုဏ်သိက္ခာကို မောင်မောင်အနေနဲ့ ကာကွယ်ပေးသင့်ပါတယ်"

"ဟင် . . ."

ထိုစကားကြောင့် နီမောင်မှာ နားမလည်သလို ဖြစ်သွားလေသည်။

"ဂဝံမျက်နှာဖုံးစက်ကွင်းမိပြီး ပင်ကိုယ်စိတ် ပျောက်နေတဲ့ အချိန်မှာ အစ်မတော်အဆောင်ခန်းထဲကို မောင်မောင် ရောက်သွားခဲ့တာကိုရော မှတ်မိပါရဲ့လား"

ထိုစကားကြောင့် နီမောင်စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားသည်။ ဝိုးတဝါးဖြစ်လာသည်။

ဖြစ်ပျက်ခဲ့သောပုံရိပ်များက အာရုံထဲမှာ ထင်ဟပ်လာသည်။





"ဒါကြောင့် အစ်မတော်စောမြတ်နွယ်ကို လက်ထပ်ပြီး ဟော်နန်းသိမ်းပွဲခံတာ အကောင်းဆုံးပါပဲ၊ ကျွန်မ မောင်မောင့်အပေါ်မှာ ခွင့်လွှတ်ပေးပါတယ်"

"ဒါထက် သူဇာက ဘယ်သွားမှာလဲဟင်"

"ဒီမှာ ကိစ္စတွေအားလုံးပြီးရင်တော့ ဆွမ္မရာရွာကိုပဲ ပြန်တော့မယ်လို့ စိတ်ကူးထားပါတယ်"

"ဒီမှာ ဆက်နေလို့ မဖြစ်ဘူးလားဟင်"

"မဖြစ်ပါဘူး မောင်ရယ်၊ အနီးက လွမ်းနေရတာထက် အဝေးက လွမ်းရတာက ပိုပြီးသက်သာမယ် ထင်ပါတယ်"

ဟု ပြောပြီး အဆောင်တွင်းမှ ပြန်ထွက်သွားလေတော့သည်။ သူမပါးပြင်ပေါ်မှာ မျက်ရည်များ စီးကျသွားသည်ကိုတော့ နီမောင် မမြင်လိုက်ရတော့ပေ။

နောက်ထပ်ရက်အနည်းကြာသော် ကျမိုင်းစော်ဘွားလေးနှင့် နမတော်စောမြတ်နွယ် လက်ထပ်မင်္ဂလာပွဲ ကျင်းပလေတော့သည်။

တဆက်တည်းမှာပင် အတိုင်ပင်ခံ အမတ်ကြီး ဦးစောခွန်ဦးနှင့် မဟာဒေဝီမိဖုရားကြီးတို့ကပင် ကမကထ ပြုလုပ်ပြီး ဟော်နန်းသိမ်းသဘင်ကို ဆင်ယင်ကျင်းပပေးလေသည်။

ခန္တီးလောင်းနယ် ကျမိုင်းစော်ဘွားလေးဘဝ ရောက်သွားသောအခါ ဆေးဆရာကြီးဦးဝန်ကောင်းကို ဟော်နန်းမှာပင် နေစေပြီး ဆော့ဇွာ၊ စောထီး၊ ငမဲအောင်တို့ကိုလည်း ကိုယ်ရံတော်ရာထူးများ အသီးသီး ပေးလိုက်လေသည်။

မင်္ဂလာပွဲ ပြီးသည့်နောက်မှာတော့ နာဂသူဇာတစ်ယောက် နေရပ်သို့ ပြန်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်ရော စောမြတ်နွယ်ပါ တားမရသောကြောင့်သာ ခွင့်ပေးလိုက်ရသော်လည်း နှစ်ယောက်စလုံးမှာ စိတ်မကောင်းဖြစ်ကြရလေသည်။

"နာဂသူဇာအတွက် စိတ်မကောင်းပါဘူး မောင်မောင်ရယ်"

"ဘယ်တတ်နိုင်ပါ့မလဲ. . . နှလုံးသားအရေးထက် အများအတွက်က ပိုပြီးဦးစားပေးရမှာဆိုတော့ စိတ်သွားတိုင်းတော့ မလုပ်နိုင်ဘူးပေါ့၊ နောက်ပြီး အစောအတွက်ကလည်း ရှိသေးတယ်လေ"

စောမြတ်နွယ်က ခေါင်းကလေး ငုံ့ထားလေသည်။

"မောင်မောင်က ကျွန်မကို တကယ်ချစ်နိုင်မှာမို့လား"

"ချစ်နိုင်တယ်ဆိုတာထက် ချစ်သင့်တဲ့သူတစ်ယောက်မို့ တစ်သက်လုံး သစ္စာရှိရှိနဲ့ ချစ်သွားပါမယ်လို့ မောင်မောင်ကတိပေးပါတယ်"

"ဒီစကားကြားရတာ ဝမ်းလည်း သာတယ်၊ ကျေးဇူးလည်းတင်ပါတယ် မောင်ရယ်၊ တကယ်ဆိုရင် မောင့်ရဲ့ရွေးချယ်ဆုံးဖြတ်မှုက ကျွန်မရဲ့ဘဝပါပဲ"

"ပန်းကလေးတစ်ပွင့်လို နူးညံ့သိမ်မွေ့တဲ့ အစောရဲ့ဘဝလေး ထာဝစဉ် လန်းဆန်းလှပအောင် ပြုစုပျိုးထောင်ပေးရင်းနဲ့ ထာဝစဉ်ချစ်သွားပါ့မယ်ကွယ်"

ဟု ပြောကာ နီမောင်က စောမြတ်နွယ်၏ကိုယ်ကလေးကို ထွေးဖက်ထားလိုက်ရာ စောမြတ်နွယ်ကလည်း ပြန်လည်ဖက်ထားလိုက်လေသည်။

ယခုတော့လည်း လငပုတ်ဖမ်းထားသောကြောင့် မှောင်မိုက်နေသော ဘဝခရီးလမ်းမှာ လငပုတ်ဖမ်းခြင်းမှ လွတ်ကင်းပြီး ရှန်းမြကြည်လင်သော အလင်းရောင်ကြောင့် လှပသွားခဲ့လေပြီ။





ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ဂဝံမျက်နှာဖုံး)အမည်ရှိ ဝတ္ထုရှည်ကြီးလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

စာပြီးချိန် ။ ။ ဧ (၂၀၀၀)ခု၊ ဩဂုတ်လ(၂၁)ရက်၊ သောကြာနေ့ည(၉)နာရီ



www.burmeseclassic.com